ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်၊ သောကြာနေ့။ Friday, 29 November 2024 ၁၁၆၅၆

**သူတော်ကောင်းတို့၏သတင်း ပျံ့နှံ့ကြိုင်လှိုင်**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြက်ရုံးပန်း စသော ပန်းတို့၏အနံ့သည် လေထက်လေညာသို့ မပျံ့မလှိုင်၊ သူတော်ကောင်းတို့၏ သီလတည်းဟူသော ဂုဏ်သတင်းအနံ့သည် လေညာသို့ပင် ပျံ့နှံ့ကြိုင်လှိုင်၏။ သူတော်ကောင်း တို့၏သတင်းသည် အရပ်လေးမျက်နှာသို့ ပျံ့နှံ့ကြိုင်လှိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## မြန်မာနိုင်ငံ “စီးပွားရေးပညာနှစ် (၁၀၀)” ရာပြည့်အထိမ်းအမှတ် အခမ်းအနားကျင်းပ

# စီးပွားရေးပညာကို စွမ်းဆောင်ရည် ပြည့်ပြည့်ဝဝဖြင့် လက်တွေ့အသုံးချတတ်မှုသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံ“စီးပွားရေးပညာနှစ်(၁၀၀)”ရာပြည့်အထိမ်းအမှတ် ပြခန်းများအား ကြည့်ရှုလေ့လာစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၈**

မြန်မာနိုင်ငံ “စီးပွားရေးပညာနှစ်(၁၀၀)” ရာပြည့်အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန -၂ ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ပြီး အမှာစကား ပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ စီးပွားရေးပညာ ဘွဲ့ရသူများ၊ မြန်မာနိုင်ငံ “စီးပွားရေးပညာနှစ်(၁၀၀)”ရာပြည့်အထိမ်းအမှတ် အခမ်းအနားကျင်းပရေး ဦးဆောင်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

## ယနေ့ ဖတ်စရာ

**စီးပွားရေးပညာ နှစ် ၁၀၀ မှသည်... ထာဝရသွေးစည်းချစ်ကြည်...နိုင်ငံ့စီးပွားမြှင့်ကြမည်**
ဆောင်းပါး
စာမျက်နှာ » ၆

**စာဆိုတော်ကြီးများ၏ ဂုဏ်ကျေးဇူးကို အလေးအမြတ်ပြု၍ စိန်ရတုစာပေဆုနှင်းသဘင်ကြီးကို ဂုဏ်ပြု**
ဆောင်းပါး
စာမျက်နှာ » ၁၀

**ဆန်ပို့ကုန်လုပ်ငန်းရှင်များ၏ ပူးပေါင်းမှုဖြင့် ဆောင်ရွက်ထားရှိသည့် ပို့ကုန်အခြေပြု အရန်ဆန်စနစ်တွင် ဆန်အိတ်ရေ ရှစ်သိန်းခန့်ထားရှိ**
စာမျက်နှာ » ၁၂

ကြေးမုံ

# နိုင်ငံတော်၏ GDP တိုးတက်လာမှ တိုင်းပြည်ဖွံ့ဖြိုးရေးပိုမိုဆောင်ရွက်နိုင်

GDP သည် တိုင်းပြည်တစ်ပြည်၏ စီးပွားရေးထွက်ကုန်ရလဒ်ကို ကျယ်ပြန့်စွာ ပြသနိုင်သော အညွှန်းကိန်းတစ်ခုဖြစ်သည်။ စုစုပေါင်းပြည်တွင်းအသားတင်ထုတ်ကုန် GDP သည် နိုင်ငံ(တိုင်းပြည်/နယ်နိမိတ်)တစ်ခု၌ သတ်မှတ်ထားသော အချိန်ကာလတစ်ရပ်အတွင်း ထုတ်လုပ်ပြီးစီးသမျှ အပြီးသတ်ကုန်စည်နှင့် ဝန်ဆောင်မှု၏ ငွေကြေးတန်ဖိုးဖြစ်သည်။ GDP သည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးအခြေအနေကို ထင်ဟပ်နိုင်သည့် စီးပွားရေးအဆောက်အအုံအရွယ်အစားနှင့် စီးပွားရေးတိုးတက်မှုနှုန်းကို ခန့်မှန်းရာတွင်သုံးသည်။

ယေဘုယျအားဖြင့် နိုင်ငံတစ်နိုင်ငံ၏ GDP တိုးတက်လာလျှင် ထိုနိုင်ငံ၏ စီးပွားရေးလုပ်ဆောင်ချက်များ ပိုမိုကျယ်ပြန့်လာပြီး လုပ်သားအင်အားနှင့် စီးပွားရေးလုပ်ငန်းများ ရလဒ်ကောင်းများပေါ်ထွက်သည်။ ထို့ကြောင့် နိုင်ငံတိုင်းနိုင်ငံတိုင်းက မိမိနိုင်ငံ၏ GDP တိုးတက်ကောင်းမွန်လာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ကမ္ဘာ့ GDP အရ ထိပ်ဆုံးရောက်နေသောနိုင်ငံသည် အမေရိကန်ပြည်ထောင်စုဖြစ်ပြီး ၎င်းနောက်ကပ်၍ ဒုတိယလိုက်နေသောနိုင်ငံသည် တရုတ်နိုင်ငံဖြစ်သည်။ ကမ္ဘာ့ GDP အနိမ့်ဆုံးရောက်နေသောနိုင်ငံများသည် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ကျွန်းနိုင်ငံအများစုဖြစ်သည်။ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးစနိုင်ငံဖြစ်ပြီး နိုင်ငံ၏ GDP တိုးတက်လာသော်လည်း အိမ်နီးချင်းနိုင်ငံများနှင့်ဒေသတွင်းနိုင်ငံများနှင့်နှိုင်းစာလျှင် နိမ့်ကျနေသေးသည်။

မြန်မာနိုင်ငံ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် နိုဝင်ဘာလ ၂၇ ရက်နေ့က နေပြည်တော်တွင်ပြုလုပ်သည့် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေးတွင် "နိုင်ငံတော်၏ GDP တိုးတက်လာမည်ဆိုပါက ဘတ်ဂျက်ပိုမိုအသုံးပြု၍ရနိုင်မည်ဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ GDP သည် အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများထက် လျော့ပါးလျက်ရှိသည်ကိုတွေ့ရ၍ GDP တိုးတက်လာရေး ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း" ပြောကြားခဲ့သည်။

နိုင်ငံ့ GDP တိုးတက်လာစေရန်အတွက် အဓိကမှာ ကုန်ထုတ်လုပ်မှု တိုးတက်ရန်လိုအပ်သည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံဖြစ်သဖြင့် နိုင်ငံ၏ကုန်ထုတ်လုပ်မှု တိုးတက်လာရန်အတွက် အခြေခံကျသည့် လယ်ယာစိုက်ပျိုးရေးကဏ္ဍကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်သည်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍကြီးတွင် စိုက်ပျိုးရေးထွက်ကုန် စိုက်ပျိုးသီးနှံများ ပိုမိုထွက်ရှိ တိုးတက်လာမည်ဆိုပါက ၎င်းကိုအခြေခံသည့် စက်မှုကဏ္ဍကြီးသည်လည်း ပိုမိုတိုးတက်လာမည်ဖြစ်သည်။ စက်မှုကဏ္ဍကြီး တိုးတက်လာပြီး ကုန်ထုတ်လုပ်မှုများ တိုးတက်မြင့်မားလာမည်ဆိုပါက ဝန်ဆောင်မှုကဏ္ဍကြီးသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သကဲ့သို့ ငွေကြေးစီးဆင်းမှုများပြားပြီး ဘဏ္ဍာရေးကဏ္ဍကြီး တိုးတက်လာမည်ဖြစ်သည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နိုင်ငံတော်အကြီးအကဲက မကြာခဏကွင်းဆင်းလမ်းညွှန် မှာကြားဖြည့်ဆည်းပေးလျက်ရှိသည်။ ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်ခြင်း၊ သီးထပ်စွမ်းအားတိုးမြှင့်ခြင်း၊ စိုက်ဧကတိုးချဲ့ခြင်းဟူသည့် နည်းလမ်းသုံးသွယ်ဖြင့် အထွက်နှုန်းတိုးအောင်ဆောင်ရွက်ရေး၊ လိုအပ်သောသွင်းအားစုများ ပြည့်ပြည့်ဝဝရရှိရေး၊ စိုက်ပျိုးရေရရှိရေးအတွက် မိုးကောင်းသောက်ရေ၊ ဆည်ရေ၊ မြစ်ချောင်းရေ၊ မြေအောက်ရေစသည့် နည်းလမ်းလေးခုနှင့် ပေါင်းစပ်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ပြီး အရည်အသွေးပြည့်မီသည့် ကုန်ချောပစ္စည်းများအဖြစ်ထုတ်လုပ်၍ ပြည်ပသို့ပါ တင်ပို့နိုင်မည်ဆိုပါက စီးပွားရေးပိုမိုကောင်းမွန်လာပြီး နိုင်ငံ့ GDP တိုးတက်လာကာ နိုင်ငံတော်အတွက် ဘဏ္ဍာငွေများ တိုးတက်ရရှိလာမည်ဖြစ်သည်။

စုစုပေါင်းပြည်တွင်းအသားတင်ထုတ်ကုန် GDP တန်ဖိုးမြင့်မားလာပြီး နိုင်ငံ့ဘဏ္ဍာငွေ တောင့်တင်းခိုင်မာလာပါက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ဆောက်ရေး၊ စီမံခန့်ခွဲရေး စသည့်ကဏ္ဍပေါင်းစုံကို ထိရောက်စွာဆောင်ရွက်နိုင်ပြီး ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်လာမည်။ နိုင်ငံအတွက် အသုံးစရိတ်များကို စနစ်တကျ ပိုမိုသုံးစွဲနိုင်ခြင်းသည် ကုန်ထုတ်လုပ်မှုတိုးတက်ခြင်း၊ ပြည်တွင်းစားသုံးမှုအတွက် အထောက်အကူပြုခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ပေါ်ပေါက်လာခြင်း၊ ကုန်စည်ကူးသန်းရောင်းဝယ်မှုလုပ်ငန်းများ တိုးတက်မြင့်မားလာစေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည့်အပြင် ပုဂ္ဂလိကကဏ္ဍ၏ ဝယ်လိုအားတိုးတက်စေခြင်းစသည့် အကျိုးကျေးဇူးဖြစ်ထွန်းမှုများကိုလည်း ရရှိမည်ဖြစ်သည်။

သို့ဖြစ်ရာ GDP တန်ဖိုးမြင့်မားတိုးတက်လာလျှင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာဆောင်ရွက်နိုင်မည်ဖြစ်၍ မြန်မာနိုင်ငံ၏စီးပွားရေး ပြန်လည်တိုးတက်ကောင်းမွန်လာစေရေးအတွက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့် စီးပွားရေးအခြေအနေပြန်လည်နိုးထလာစေရန် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ မြင့်မားတိုးတက်လာအောင် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။




## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် သတင်းထုတ်ပြန်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
သတင်းထုတ်ပြန်ချက်
၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ ပါတီဆက်လက်တည်ထောင် မှတ်ပုံတင်ပေးပါရန် **ပြည်သူ့အကျိုးပြုကျောင်းသားများပါတီ**၏ လျှောက်ထားချက်အပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ စိစစ်ပြန်ကြားချက်များအရ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်းမရှိကြောင်း တွေ့ရှိရပါသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စုံညီအစည်းအဝေး အမှတ်စဉ် (၃၄/၂၀၂၄) ဆုံးဖြတ်ချက်အရ ယင်းပါတီ၏ ပါတီမှတ်ပုံတင်ခွင့် လျှောက်ထားချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ယနေ့တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများပါ ပုံစံ(ဆ)ဖြင့် ငြင်းပယ်လိုက်ကြောင်း ထုတ်ပြန်အပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ရှမ်းပြည်နယ်တောင်ပိုင်း / အရှေ့ပိုင်းသမဝါယမအသင်းစုချုပ်လီမိတက် အစည်းအဝေးကျင်းပ

**တောင်ကြီး နိုဝင်ဘာ ၂၈**

ရှမ်းပြည်နယ် တောင်ပိုင်း/ အရှေ့ပိုင်း သမဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက ရှမ်းပြည်နယ် တောင်ပိုင်း/ အရှေ့ပိုင်း သမဝါယမအသင်းစုချုပ်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ဥက္ကဋ္ဌ ဒေါ်သန်းညိုက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ဦးစီးကော်မတီဝင်များ၏ အကြံပြုချက်များကို ပြန်လည်ဆွေးနွေးခြင်း၊ ရှေ့လုပ်ငန်းစဉ်များချမှတ်ခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၈ - ၁၁ - ၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၅၀၀ | ၈,၅၀၀ | ၀ | ၀ |
| MTSH | ၃,၃၀၀ | ၃,၃၀၀ | ၁၂ | ၃၉,၅၅၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၀ | ၀ |
| FPB | ၂,၀၀၀ | ၂,၀၀၀ | ၅၂ | ၁၀၄,၀၀၀ |
| TMH | ၃,၁၅၀ | ၃,၁၀၀ | ၄ | ၁၂,၅၀၀ |
| EFR | ၁,၇၅၀ | ၁,၇၅၀ | ၆၁၆ | ၁,၀၅၃,၀၀၀ |
| AMATA | ၄,၅၀၀ | ၄,၅၀၀ | ၀ | ၀ |
| MAEX | ၃,၂၅၀ | ၃,၂၅၀ | ၄၄၃ | ၁,၄၃၉,၇၅၀ |
| MADPL(PLB) | ၃,၄၀၀ | ၃,၄၀၀ | ၄ | ၁၃,၆၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံ“စီးပွားရေးပညာ နှစ်(၁၀၀)”ရာပြည့်အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

❖ ရှေ့ဖုံးမှ

ကော်မတီနှင့် ဆပ်ကော်မတီဝင်များ၊ စီးပွားရေးနှင့် သက်ဆိုင်သောဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ စီးပွားရေးပညာရပ်ဆိုင်ရာ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)နှင့် ညီနောင်အသင်းများ၊ စီးပွားရေးတက္ကသိုလ်နှင့် စီးပွားရေးဆိုင်ရာ တက္ကသိုလ်များမှ ဆရာကြီး ဆရာမကြီးများ၊ ကျောင်းသားကျောင်းသူများနှင့် ကျောင်းသားဟောင်းများ၊ စာတမ်းရှင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

## ကြည့်ရှု

ဦးစွာ အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများက မြန်မာနိုင်ငံ “စီးပွားရေးပညာနှစ်(၁၀၀)”ရာပြည့်အထိမ်းအမှတ် အခမ်းအနား Video Clip ကို ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ယနေ့သည် ခေတ်ကာလအဆက်ဆက် နိုင်ငံ့စီးပွားရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ရာ တိုးတက်ကြောင်းအတွက် စီးပွားရေးပညာကို စတင်သင်ယူခွင့်ရရှိခဲ့ပြီး နိုင်ငံအတွက် အထောက်အကူပြုနိုင်ခဲ့သည်မှာ နှစ်ပေါင်း ၁၀၀ ပြည့်ခဲ့ပြီ ဖြစ်ပါကြောင်း၊ ထို့ကြောင့် စီးပွားရေးပညာနှင့် ပတ်သက်ပြီး ထူးခြားသည့် နှစ်တစ်နှစ်ဟု ပြောရမည်ဖြစ်ကြောင်း၊ မြန်မာ့ပညာရေး သမိုင်းတွင် စီးပွားရေးပညာရပ်အနေဖြင့် စတင်ပါဝင်လာခဲ့သည်မှာ ၁၉၂၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ဘောဂဗေဒဌာန စတင်ဖွင့်လှစ်သင်ကြားခဲ့ချိန်ကဖြစ်ကြောင်း၊ ထို့ကြောင့် **“စီးပွားရေးပညာနှစ် ၁၀၀ သက်တမ်း”** ကာလအတွင်း ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဆရာကြီး ဆရာမကြီးများ၊ စီးပွားရေးပညာဘွဲ့ရများ၊ လက်ရှိ စီးပွားရေးပညာ သင်ယူနေဆဲ ကျောင်းသား ကျောင်းသူများ၊ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ အသီးသီး၌ စီးပွားရေးပညာဖြင့် နိုင်ငံ့အကျိုး




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံ“စီးပွားရေးပညာနှစ်(၁၀၀)”ရာပြည့်အထိမ်းအမှတ် ပြခန်းများအား ကြည့်ရှုလေ့လာစဉ်။

သယ်ပိုးနေကြသူများ အားလုံး၏ ဂုဏ်ယူဖွယ်နေ့တစ်နေ့ဖြစ်ပြီး နိုင်ငံတော်အနေဖြင့်လည်း များစွာဝမ်းမြောက်ဂုဏ်ယူပါကြောင်း။

စီးပွားရေးပညာ နှစ် ၁၀၀ ခရီးကို ပြန်ကြည့်မည်ဆိုပါက ကိုလိုနီခေတ်က စတင်ပြီး ယခုနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ လက်ထက်အထိ ခေတ်အဆက်ဆက်တွင် စီးပွားရေးပညာအနေဖြင့် မူဝါဒဆိုင်ရာပံ့ပိုးဆောင်ရွက်ပေးခြင်း၊ အကြံပြုခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ နိုင်ငံတော်တည်ဆောက်ရေးတွင် အဓိကကျသည့်စီးပွားရေးကဏ္ဍကိုကောင်းစွာ အကျိုးပြုခဲ့သည့် ဘာသာရပ်ကြီးလည်းဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင် စီးပွားရေးပညာရပ် သင်ကြားမှုနှင့်ပတ်သက်ပြီး ရန်ကုန်တက္ကသိုလ် လူမှုသိပ္ပံမဟာဌာနအောက်၌ ဘောဂဗေဒဌာန (စီးပွားရေးပညာဌာန) ကို ၁၉၂၄ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ဘောဂဗေဒဘွဲ့အတွက် သင်ကြားခဲ့ကြောင်း၊ ယခုနှစ်တွင် **“စီးပွားရေးပညာနှစ် ၁၀၀”**နှင့် **“ရန်ကုန်စီးပွားရေးတက္ကသိုလ်အဖြစ် ထူထောင်သည့် နှစ်(၆၀) ပြည့်သည့်နှစ်”** တိုက်ဆိုင် နေခြင်းသည်လည်း **“ဂုဏ်ယူဖွယ်ရာ သမိုင်းမှတ်တိုင်တစ်ရပ်”** ဖြစ်ကြောင်း။

စာမျက်နှာ ၄ သို့ »»






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ မြန်မာနိုင်ငံ "စီးပွားရေးပညာ နှစ်(၁၀၀)"ရာပြည့်အထိမ်းအမှတ် ဂုဏ်ပြုဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြစဉ်။

»» စာမျက်နှာ ၃ မှ

ယနေ့ကာလ ကမ္ဘာ့စီးပွားရေးကိုကြည့်မည်ဆိုပါက ပထဝီနိုင်ငံရေး၊ ပထဝီစီးပွားရေး အားပြိုင်မှုများ၊ ရောဂါကပ်ဘေးသက်ရောက်မှု၊ သဘာဝပတ်ဝန်းကျင်ဘေးအန္တရာယ်ထိခိုက်မှု၊ ကုန်သွယ်ရေးနှင့် ငွေကြေးဆိုင်ရာ ပြဿနာ၊ နည်းပညာပြိုင်ဆိုင်မှုများ၊ စွမ်းအင်လုံခြုံရေး အခက်အခဲ စသည်တို့ကြောင့် ပထဝီစီးပွားရေးအနေဖြင့် ကိုယ်ကျိုးစီးပွားကာကွယ်ရေးမူဝါဒကျင့်သုံးမှုများ ပိုမိုတိုးပွားလာသည်ကိုလည်း တွေ့ရကြောင်း၊ နိုင်ငံရေးနှင့် စီးပွားရေးရောစပ်ပေါင်းယှက် ဖြစ်ပေါ်လာသည့် စီးပွားရေးအကျပ်အတည်းပြဿနာအသစ်များကို မေခရိုစီးပွားရေးပညာရပ်နှင့် နိုင်ငံရေးဘောဂဗေဒရှုထောင့်တို့ ပေါင်းစပ်ပြီး နည်းလမ်းသစ်နှင့် လေ့လာသုံးသပ်ဆောင်ရွက်ကြရန် လိုအပ်လာသည်ကို တွေ့ရှိရကြောင်း။

**နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်**

ကမ္ဘာ့ပထဝီနိုင်ငံရေး၊ ပထဝီစီးပွားရေးတို့၏ အားပြိုင်မှုများကို မိမိတို့ နိုင်ငံအနေဖြင့်လည်း အနည်းနှင့်အများ သက်ရောက်ခံစားကြရကြောင်း၊ မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ နိုင်ငံတော်တာဝန်ကို စတင်ယူကတည်းက စီးပွားရေးနှင့်ပတ်သက်ပြီး အဖျက်အမှောင့်၊ပိတ်ဆို့ဟန့်တားမှုများစွာနှင့် အကျပ်အတည်းများကို ကျော်လွှားနိုင်ရန် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးအတွက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို မူဝါဒများ၊ ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များချမှတ်ပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတွင်းရှိ ဒေသအားလုံး ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံတိုင်းရင်းသားအားလုံး၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ကျန်းမာရေးတို့သာမက အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းများ တန်းတူညီမျှရှိစေရေး၊ ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးနိုင်ရေးတို့အတွက် အလေးထားအကောင်အထည်ဖော်ပေးနေကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် စီးပွားရေးပညာကို စွမ်းဆောင်ရည် ပြည့်ပြည့်ဝဝဖြင့် လက်တွေ့အသုံးချတတ်မှုသည်လည်း နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) အခန်း (၁)၊ ပုဒ်မ ၃၅ တွင် "**နိုင်ငံတော်၏ စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ် ဖြစ်သည်**" ဟု ပြဋ္ဌာန်းထားကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့်အလျောက် ဈေးကွက်အားနည်းချက် (Market Failure) များစွာရှိသည့်အတွက် အစိုးရက ပါဝင်လုပ်ဆောင်နေရသည့် အခန်းကဏ္ဍများစွာရှိနေကြောင်း၊ စီးပွားရေးပိတ်ဆို့မှုများရှိနေသေးသည့်အတွက်လည်း ထည့်သွင်းစဉ်းစားရသည့် စီးပွားရေးကိန်းရှင်များစွာ ရှိနေကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဈေးကွက်နှင့် ပုဂ္ဂလိကအခန်းကဏ္ဍသည် ပိုမိုများပြား အရေးပါလာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကို အမျိုးသားရေးလုပ်ငန်းစဉ် (၂)ရပ်ချမှတ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေကြောင်း၊ ဦးတည်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်နေကြသူများ၊ စီးပွားရေးပညာရှင်များ၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင် ဦးဆောင်သူများ၊ ရင်းနှီးမြှုပ်နှံသူများအားလုံးက ကျရာအခန်းကဏ္ဍမှ တက်ကြွစွာ၊ ခံနိုင်ရည်ရှိစွာ ပါဝင်အကောင်အထည်ဖော်ပေးကြရန်လည်း တိုက်တွန်းလိုကြောင်း၊ နိုင်ငံ၏အခြေခံအချက်အလက်များပေါ်တွင် မူတည်ပြီး စီးပွားရေးပညာရှင်များအနေဖြင့် နိုင်ငံ့စီးပွားရေးကို မည်သို့မည်ပုံ ဆောင်ရွက်သင့်သည်၊ မတူညီသည့် ဒေသအခြေအနေများပေါ် မူတည်ပြီး ဒေသအလိုက်စီးပွားရေးကို ရေတို၊ရေရှည်အတွက်မည်သို့ဆောင်ရွက်သင့်သည်ဆိုသည်ကို ဖော်ထုတ်ကြရန်လိုကြောင်း။

**လက်တွေ့ကျကျ တိုးတက်အောင် ဆောင်ရွက်**

ဖွံ့ဖြိုးဆဲတိုင်းပြည်တစ်ခုသည် ဈေးကွက်ဝင်သည့် ကုန်ထုတ်လုပ်မှုမြင့်မားရန် အလွန်အရေးကြီးကြောင်း၊ အကြောင်းအမျိုးမျိုးပြပြီး ကန့်သတ်မှုမျိုးစုံကြုံတွေ့နေရသည့် မိမိတို့နိုင်ငံသည် လက်ရှိ ပြည်ပပို့ကုန်ကို နှစ်ဆတိုးမြှင့်ပို့နိုင်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူရမည်ဖြစ်ကြောင်း၊ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်နေပြည်သူများဖြစ်ပြီး နိုင်ငံလူဦးရေ၏ ၄၁ ရာခိုင်နှုန်းသည် လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍများတွင် လုပ်ကိုင်နေသူများဖြစ်သည်ဟု သန်းခေါင်စာရင်း အစီရင်ခံစာတွင် တွေ့ရှိရကြောင်း၊ အဓိကကုန်ထုတ်လုပ်ငန်းသည် လယ်ယာထုတ်ကုန်နှင့် မွေးမြူရေးထုတ်ကုန်များသာဖြစ်ပြီး ပြည်နယ်၊ တိုင်းဒေသကြီးအားလုံး အခြေခံအားဖြင့် တူညီကြကြောင်း၊ အသက် ၂၅ နှစ်အထက်လူဦးရေ၏ ၅၀ ရာခိုင်နှုန်းခန့်သည် ပညာရေးအသင့်အတင့်သာရှိသောကြောင့် မိမိတို့အနေဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုများကို အလေးထားဆောင်ရွက်သင့်သည်ဆိုသည်မှာ ပေါ်လွင်နေကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ အဓိကမောင်းနှင်အားသည် စီးပွားရေးပင်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ယခုလက်ရှိအခြေအနေထက် တိုးတက်အောင်ဆောင်ကြဉ်းပေးရန်လိုကြောင်း၊ ထို့အပြင် ပြန်လည်ရရှိနိုင်သည့် သဘာဝကုန်ကြမ်းကို အခြေခံသော ကုန်ထုတ်လုပ်မှုများကို အားပေးကြရမည်၊ဝါ၊ ဝါး၊ရော်ဘာကုန်ကြမ်းတို့ကို အခြေခံသည့် စက်မှုလုပ်ငန်းများကို တိုးတက်အောင် ဆောင်ရွက်ရမည်၊ ကိန်းဂဏန်းများအရ တိုးတက်မှုသာမက လက်တွေ့ကျကျတိုးတက်အောင်ဆောင်ရွက်ကြရမည်၊ အဓိကကျသည့် စိုက်ပျိုးရေးကဏ္ဍအနေဖြင့် အထွက်နှုန်းကောင်းမွန်ရေး တစ်နည်းအားဖြင့် ပန်းတိုင်ရည်မှန်းချက် ပြည့်မီကျော်လွန်ရေး၊ သီးထပ်စွမ်းအားမြှင့်တင်ရေး၊ စိုက်ဧကတိုးချဲ့ရေးမှု(၃)ရပ်ကို အခြေခံပြီး ဆောင်ရွက်ပေးနိုင်ကြရန် တိုက်တွန်းလိုကြောင်း။

မိမိတို့နိုင်ငံ GDP ၏ ၉၀ ရာခိုင်နှုန်းခန့်သည် ပုဂ္ဂလိကကဏ္ဍ၏ ထုတ်လုပ်မှုများ ဖြစ်သကဲ့သို့ နိုင်ငံ့စီးပွားရေးလုပ်ငန်းများ၏ ၉၅ ရာခိုင်နှုန်းသည်လည်း အသေးစား၊ အငယ်စားနှင့်အလတ်စား ကုန်ထုတ်လုပ်ငန်းများသာ ဖြစ်ကြကြောင်း၊ ထို့ကြောင့် ပို့ကုန်တိုးမြှင့်ရေးနှင့် သွင်းကုန်အစားထိုးရေးလုပ်ငန်းများအတွက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးမှုနှင့် Agro–based Industry ကို အဓိကထားပြီး MSME များ ဖွံ့ဖြိုးတိုးတက်မှုတို့ကို တွဲဖက်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းများကို ပံ့ပိုးပေးလျက်ရှိကြောင်း။

ဒစ်ဂျစ်တယ်ဆိုင်ရာ နားလည်တတ်မြောက်မှု၊ စာရင်းနှင့် ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှုမှအစ တီထွင်ဆန်းသစ်မှု၊ ထုတ်ကုန်ဖွံ့ဖြိုးမှု၊

**စာမျက်နှာ ၅ သို့ »»**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံ"စီးပွားရေးပညာ နှစ် (၁၀၀)"ရာပြည့်အထိမ်းအမှတ်ပြခန်းများကို ကြည့်ရှုလေ့လာစဉ်။

- ❖ **နိုင်ငံရေးနှင့် စီးပွားရေး ရောစပ်ပေါင်းယှက်ဖြစ်ပေါ်လာသည့် စီးပွားရေးအကျပ်အတည်း ပြဿနာအသစ်များကို မေခရိုစီးပွားရေးပညာရပ်နှင့် နိုင်ငံရေးဘောဂဗေဒရှုထောင့်တို့ ပေါင်းစပ်ပြီး နည်းလမ်းသစ်နှင့် လေ့လာသုံးသပ်ဆောင်ရွက်ကြရန် လိုအပ်**
- ❖ **အကြောင်းအမျိုးမျိုးပြပြီး ကန့်သတ်မှုမျိုးစုံကြုံတွေ့နေရသည့် မိမိတို့နိုင်ငံသည် လက်ရှိ ပြည်ပပို့ကုန်ကို နှစ်ဆတိုးမြှင့်ပို့နိုင်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူရမည်**

»»» စာမျက်နှာ ၄ မှ

ဈေးကွက်ချဲ့ထွင်မှုနှင့် အမှတ်တံဆိပ်မြှင့်တင်ခြင်းစသည့် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး Business Idea များကိုလည်း ဖြန့်ဝေဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ **"ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်"** ဟူသည့်အတိုင်း မိမိတို့နိုင်ငံ၏ တိုင်းပြည်ဝင်ငွေတိုးတက်ရေးအတွက် မိမိတို့ပြည်တွင်း၌ ထုတ်လုပ်နိုင်စွမ်း(Productivity)တိုးတက်ရေး၊ အရည်အသွေးစံချိန်မီ၊







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနား တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

ဈေးကွက်ရရှိရေး မိမိတို့ပြည်တွင်းအားဖြင့် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားရေး မြင့်မားလာအောင် ရိုးရိုးသားသား ကြိုးစားဆောင်ရွက်သူများကို Incentive ပေးခြင်း၊ ချီးမြှင့်ခြင်းများ ပြုလုပ်သွားရမည်ဖြစ်ကြောင်း။

**စီမံကိန်းများ စနစ်တကျ ချမှတ်အကောင်အထည်ဖော်**

မိမိတို့နိုင်ငံသည် တိုင်းရင်းသားပေါင်းစုံ မှီတင်းနေထိုင်ကြပြီး သဘာဝ ဘေးအန္တရာယ်ကြောင့် သာမက လူကြောင့်ဖြစ်သည့် ဘေးအန္တရာယ်ပါ ကြုံတွေ့နေရသည့် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်ကြောင်း၊ လွတ်လပ်ရေးရရှိပြီးချိန်ကစပြီး ဖွံ့ဖြိုးမှုလုပ်ငန်းများကို စီမံကိန်းများ စနစ်တကျ ချမှတ်အကောင်အထည် ဖော်ခဲ့ကြောင်း၊ သို့သော်လည်း သဘာဝဘေးနှင့် အခြားအနှောင့်အယှက်အမျိုးမျိုးကြောင့် ပျက်စီးခဲ့သည့် လူမှုစီးပွားရေးအခြေခံအဆောက်အအုံများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများပါ လုပ်ဆောင်နေရသောကြောင့် ရင်းနှီးမြှုပ်နှံမှုများနှင့် လုပ်သားများ၏ ကြိုးပမ်းမှုများသည် ခရီးရောက်သင့်သလောက် မရောက်ခဲ့သည်ကိုလည်း တွေ့ရကြောင်း။

လက်ရှိကာလတွင်လည်း ပြန်လည်တည်ဆောက်ရေး၊ ထူထောင်ရေးနှင့် နေရာချထားရေးလုပ်ငန်းများဖြစ်သည့် Reconstruction၊ Relief၊ Rehabilitation၊ Resilience စသည်တို့ကို လုပ်ဆောင်နေရသည်မှာ အားလုံးအသိဖြစ်ကြောင်း၊ အနာဂတ်သဘာဝဘေးအန္တရာယ်များကို ခံနိုင်ရည်ရှိအောင် ကြိုတင်ကာကွယ်ရေး များကိုလည်း ဆက်လက် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတည်ဆောက်ရေး (Nation Building) အတွက် အဓိကငွေကြေးလိုအပ်ချက်များကိုလည်း ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုများက ဖြည့်ဆည်းပေးခဲ့ခြင်းပင်ဖြစ်ကြောင်း၊ ရာဂီမုန်တိုင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင်လည်း အင်တိုက်အားတိုက်ပါဝင်လှူဒါန်းခဲ့ကြသောကြောင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ၏ စေတနာကို ထင်ရှားစွာ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် "စီးပွားရေးပညာနှစ်(၁၀၀)" ရာပြည့်အထိမ်းအမှတ် အခမ်းအနားနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။

မြင်တွေ့ရသည့်အတွက် ဂရုတစိုက်နှင့် မျှဝေခံစားတတ်သည့် လူ့အဖွဲ့အစည်း (Caring and Sharing Society) ဆိုသည်ကို သက်သေပြရာ ရောက်ခဲ့ကြောင်း။

အနာဂတ်တွင် တွေ့ကြုံရမည့် စီးပွားရေးနှင့် ပတ်သက်သည့် အခက်အခဲများကို ကမ္ဘာ့နိုင်ငံများအနေဖြင့် လေ့လာသုတေသနပြုပြီး သုံးသပ်တွက်ချက် ပြင်ဆင်လာကြသည်ကို တွေ့ရကြောင်း၊ ထိုကဲ့သို့ပြင်ဆင်ကြရာတွင် သက်ဆိုင်ရာနိုင်ငံများ၏ ပြည်တွင်းစီးပွားရေးအခြေအနေ၊ လူ့အရင်းအမြစ်၊ သယံဇာတအရင်းအမြစ်နှင့် ငွေကြေးစနအင်အား အခြေအနေအလိုက် ဆီလျော်သည့် နည်းလမ်းအမျိုးမျိုးကို ရှာဖွေချဉ်းကပ် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံအသီးသီးက စီးပွားရေးစိန်ခေါ်မှုများ သက်သာလျော့ပါးစေရေး ချဉ်းကပ်ကြိုးပမ်းဆောင်ရွက်ကြရာတွင် နိုင်ငံများအလိုက် ချဉ်းကပ်ပုံများ ကွဲပြားခြားနားကြကြောင်း၊ အထူးသဖြင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပင်ဖြစ်စေ၊ ပုဂ္ဂလိကကဏ္ဍ၌ပင်ဖြစ်စေ အကျပ်အတည်း ပြဿနာဖြေရှင်းနိုင်သည့် စွမ်းဆောင်ရည်အပေါ်မူတည်ပြီး ရလဒ်ကွာခြားနိုင်သည်ကို လေ့လာတွေ့ရှိနိုင်ကြောင်း။

စွမ်းဆောင်ရည် အခြေခံလိုအပ်ချက်များကို ပြင်ဆင်တည်ဆောက်နိုင်မှသာ နိုင်ငံအတွက် မျက်မှောက်ကာလ သာမက အနာဂတ်ကာလတွင်ပါ ဖြစ်ပေါ်လာနိုင်သည့်ဖွံ့ဖြိုးမှုအလားအလာတို့ကို ချဉ်းကပ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံအနာဂတ်အတွက် **"မေခရိုစီးပွားရေးမူဝါဒများ"** နှင့် **"အမျိုးသား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ"** ရေးဆွဲအကောင်အထည် ဖော်နိုင်ရေး တိုက်တွန်း ပြောကြားလိုကြောင်း၊ ယင်းလုပ်ငန်းစဉ်တွင် စီးပွားရေးပညာ၏ ဉာဏစွမ်းအားများ ပါဝင်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ပထဝီနိုင်ငံရေးနှင့် ပထဝီစီးပွားရေး စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရန် နိုင်ငံရေးဘောဂဗေဒ (Political Economy) အမြင်နှင့် လေ့လာသုတေသနပြုပြီး နိုင်ငံ၏ အနာဂတ်အတွက် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် ဝိုင်းဝန်းကြိုးပမ်းကြပါဟု တိုက်တွန်းလိုကြောင်း။

စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွင် လူသားအရင်းအမြစ်များစွာ လိုအပ်ပြီး အခြေခံမှစ၍ ဦးဆောင်မှုအဆင့်အထိ လုပ်တတ်၊ ကိုင်တတ်၊ မြင်တတ်ကြရန်လိုကြောင်း၊ ခေတ်အဆက်ဆက်တွင် မြန်မာနိုင်ငံ၏ စီးပွားရေးပညာရှင်များ ဖြစ်ကြသည့် ဆရာကြီး ဒေါက်တာလှမြင့်၊ ဒေါက်တာအေးလှိုင်၊ ဒေါက်တာမောင်ရှိန်၊ ဒေါက်တာသန်းညွန့်တို့၏ ဦးဆောင်မှုနှင့် ယခု နှစ် ၁၀၀ ကာလအတွင်း စီးပွားရေးတက္ကသိုလ် အသီးသီးမှ ဘွဲ့ရ ၉၆၆၉၆ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီး ယခုတက်ရောက်နေဆဲ ၁၉၀၄၂ ဦး ရှိကြောင်း၊ အဝေးသင်တက္ကသိုလ် အသီးသီးကလည်း ၁၇၀၉၃၁ ဦး မွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ ဒေသအလိုက် စီးပွားရေးအမြင်ရှိမည့် လူသားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ရည်ရွယ်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ တက္ကသိုလ်အသီးသီးတွင် ဝိဇ္ဇာဘွဲ့ (စီးပွားရေး) သင်တန်းများကို ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင်စတင်ဖွင့်လှစ်ခဲ့ပြီး ယခု သင်တန်းတက်ရောက်နေသူ ၁၇၈၆ ဦးရှိကြောင်း၊ စီးပွားရေးပညာအခြေခံ၊ စီးပွားရေးအမြင်ရှိမှသာ နိုင်ငံ့စီးပွားရေးကို ပိုမိုကောင်းမွန်အောင် ဖန်တီးနိုင်ကြမည် ဖြစ်ကြောင်း၊ မြန်မာ့စီးပွားရေးနယ်ပယ် မြင့်မားလာအောင် အဘက်ဘက်က ဦးဆောင်မှုပေးခဲ့ကြသည့် ဆရာကြီးများနှင့် စီးပွားရေးပညာရပ်နယ်ပယ်အသီးသီးမှ ဆရာကြီး ဆရာမကြီးများ အားလုံးကို ဂုဏ်ပြုပါကြောင်း။

နယ်ပယ်စုံ၊ ကဏ္ဍစုံတွင် လက်တွေ့အသုံးချနိုင်သည့် စီးပွားရေးပညာရပ်ကို **"စီးပွားရေးပညာ နှစ် ၁၀၀၊ ပြည်သူ့အကျိုး တို့သယ်ပိုး"** ဟူသည့် ဆောင်ပုဒ်နှင့်အညီ မိမိအကျိုးစီးပွား၊ မိသားစုအကျိုးစီးပွား၊ လုပ်ငန်းအကျိုးစီးပွားများမှသည် နိုင်ငံနှင့် ပြည်သူများ၏ အကျိုးစီးပွားများကိုပါ မြှင့်တင်ပေးနိုင်မည့် အတ္တ-ပရမျှတသည့် အနာဂတ်မျိုးဆက်သစ်များ၏ စီးပွားရေးဝန်းကျင်တစ်ရပ်ဖြစ်ပေါ်လာစေရေး၊ စီးပွားရေးပညာကို လက်တွေ့ကျင့်သုံးနိုင်သူများဖြစ်အောင် ကျွမ်းကျင်သူများကို မွေးထုတ်ပေးပြီး နောင်နှစ်ပေါင်းများစွာတိုင် အစွန့်ရှည်တည်တံ့စေရေးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် အခမ်းအနား ကျင်းပရေးကော်မတီ နာယက ဒေါက်တာသန်းညွန့်က ဂုဏ်ပြုစကားပြောကြားပြီး အခမ်းအနားကျင်းပရေး ဦးဆောင်ကော်မတီ ဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က "စီးပွားရေးပညာနှစ်(၁၀၀)" ရာပြည့်အထိမ်းအမှတ် အခမ်းအနားနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ "စီးပွားရေးပညာနှစ်(၁၀၀)" ရာပြည့်အထိမ်းအမှတ် အခမ်းအနား ဂုဏ်ပြု တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများက စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများက ခင်းကျင်းပြသထားသည့် မြန်မာနိုင်ငံ "စီးပွားရေးပညာနှစ်(၁၀၀)" ရာပြည့်အထိမ်းအမှတ် ပြခန်းများကို ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ဝင်တစားလှည့်လည်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# စီးပွားရေးပညာ နှစ် ၁၀၀ မှသည်... ထာဝရသွေးစည်းချစ်ကြည်...နိုင်ငံ့စီးပွားမြှင့်ကြမည်

ဒေါက်တာဝါဝါမောင်

**ဘဝတစ်သက်တာ....**
**နှစ်တစ်ရာအခါ.... ကြိုဆိုပီတိဖြာ**

၁၉၂၄ ခုနှစ်မှစ၍ ဘောဂဗေဒဌာန (စီးပွားရေးပညာဌာန) (Department of Economics) ကို စတင်တည်ထောင်ဖွင့်လှစ်ခဲ့ပြီး စီးပွားရေးဆိုင်ရာ ပညာရပ်များ စတင်သင်ကြားပို့ချခဲ့သည်မှာ ယခု ၂၀၂၄ ခုနှစ်ဆိုလျှင် စီးပွားပညာ နှစ်တစ်ရာတိုင်ခဲ့ပြီ။ ယခု ကျင်းပဆောင်ရွက်နေသော ကြုံတောင့်ကြုံခဲ စီးပွားရေးပညာ နှစ် (၁၀၀) အခမ်းအနားသို့ ဆရာသမား၊ စီးပွားရေးပညာ ညီအစ်ကိုမောင်နှမ ဦးရေ ၁၁၀၀ ကျော် တက်ရောက်လာကြပါသည်။ ဝမ်းသာပီတိများစွာဖြင့် ကြိုဆိုမိသည်။ တက်ရောက်လာသူအားလုံးက မတွေ့မမြင်ရသည်မှာကြာသော ဆွေမျိုးသားချင်း သွေးရင်းများပမာ ဝမ်းသာဝမ်းနည်း ကြည်နူးသောမျက်နှာများဖြင့် အီကို အသွေးအသားတို့၏ ချစ်ခင်သွေးစည်းမှုကို မြင်ရသည့်မြင်ကွင်းက ဘဝတစ်သက်တာ အမှတ်ရစရာပါ။

တက္ကသိုလ်ကြီးနှင့် ကျေးဇူးရှင် စီးပွားရေးပညာ ဘာသာရပ်ကို ကျေးဇူးဆပ်ခွင့်အဖြစ် ခံစားကြည်နူး ဝမ်းမြောက်မိပါသည်။ အမိ စီးပွားရေးတက္ကသိုလ်ကြီးကြောင့် စီးပွားရေးပညာဖြင့် တိုင်းပြည်အတွက် ကျရာကဏ္ဍမှ အလုပ်အကျွေးပြုနိုင်သော ကျေးဇူးတရားက ကြီးမားလှသည် မဟုတ်ပါလား။

အခမ်းအနား ပထမရက်တွင် မတွေ့ဆုံရသည်မှာ ကြာပြီဖြစ်သော ဆရာကြီး ဆရာမကြီးများက အသက်အရွယ်ကြီးနေပြီဖြစ်သည့်တိုင်၊ ရဟန်းဘောင်ဝင်ရောက်နေခဲ့သည့်တိုင် သံယောဇဉ်ဖြင့် အားတင်းကြိုးစား တက်ရောက်လာကြသော မြင်ကွင်းအရ အီကို အသွေးအသားများဖြင့် အားမာန်ရှိနေသည့်အလား မြင်တွေ့ရသည့်အတွက် မျက်ရည်များလည်မိလောက်အောင် ပီတိဖြစ်မိသည်က အမှန်ပါ။

သူတို့၏ လက်ဆင့်ကမ်း စီးပွားပညာများကို ခံယူရရှိခဲ့သော ကျွန်မတို့ လူလတ်နှင့် လူကြီးအကြား









**လက်ဆင့်ကမ်းပေ.... စီးပွားပညာအမွေ**

အမိ စီးပွားရေးတက္ကသိုလ်ဆင်း ဆရာသမား ညီအစ်ကိုမောင်နှမများ ဆုံစည်းခွင့်ရရှိစေသော ဘဝတွင်ကြုံတောင့်ကြုံခဲနှစ် (၁၀၀) ပြည့် အခမ်းအနားကြီးကို စာရေးသူအနေဖြင့် ကျင်းပရန် အခမ်းအနား ပြင်ဆင်ခွင့်ရခြင်းသည် အမိစီးပွားရေး အသက်အရွယ်တို့က စီးပွားရေးပညာ၏ ကျေးဇူးကြောင့် နိုင်ငံတော်တာဝန်၊ ဌာနတာဝန်၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းတာဝန် စသည်ဖြင့် ကျရာကဏ္ဍက ပါဝင်ကြိုးစားဆောင်ရွက်လျက်ရှိကြသည်။

နောက်မျိုးဆက်သစ်လူငယ် စီးပွားရေးတက္ကသိုလ်ဆင်း အများအပြားသည်လည်း စီးပွားရေးပညာဖြင့် အစိုးရ၊ ပုဂ္ဂလိကကဏ္ဍအသီးသီးတွင် နိုင်ငံ့စီးပွားရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားတိုးတက်ရေးအတွက် စီးပွားပညာများဖြင့် ကျရာကဏ္ဍမှ တစ်တပ်တစ်အား ပါဝင်ကြိုးစားလုပ်ဆောင်နေကြသည်။

**ဩဝါဒစကား ရင်ဝယ်မှတ်သားထား**

ကန်တော့ပွဲအခမ်းအနားသို့ ကြွရောက်လာကြသည့် ဆရာကြီး ဆရာမကြီးတို့၏ ဩဝါဒစကားများတွင် စီးပွားရေးပညာသည် နိုင်ငံအတွက် အရေးပါပုံ၊ ဤကဲ့သို့ ဂုဏ်ယူဖွယ်ကောင်းသည့် စီးပွားရေးပညာဖြင့် နိုင်ငံနှင့် ပြည်သူအတွက် စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားကြစေလိုကြောင်းနှင့် စိန်ခေါ်မှုများပြားလာသော မျက်မှောက်ခေတ်တွင် နိုင်ငံ့စီးပွားရေးကို ရေရှည်ဖွံ့ဖြိုးတိုးတက်အောင် မျိုးဆက်သစ်တို့က လက်ဆင့်ကမ်း တာဝန်များကို စီးပွားရေးပညာဖြင့် ဆက်လက်ကြိုးပမ်းကြစေလိုကြောင်း ပြောကြားချက်များသည် တပည့်များအတွက် ကြိုးစားချင်သည့် စိတ်ဓာတ်များ တဖွားဖွားဖြစ်ပေါ်စေပါတော့သည်။

အသက်အရွယ်အားဖြင့် ကြီးသော်လည်း အားမာန်အပြည့်ဖြင့် တပည့်များကို ချီးလည်းချီးကျူး၊ အားလည်းပေး၊ တွန်းအားလည်းပေး တက်ကြွနေဆဲ အီကိုစိတ်ဓာတ်အားမာန်အပြည့်ဖြင့် ပြောကြားသွားသည်ကို ရင်ဝယ်မှတ်သားထားမိပါသည်။

ယခုကျင်းပနေသော အခမ်းအနား၏ ဆောင်ပုဒ်မှာ **"စီးပွားပညာနှစ် (၁၀၀) ပြည်သူ့အကျိုးတို့သယ်ပိုး"** ဖြစ်ပြီး ထိုတာဝန်ကို အီကို မျိုးဆက်သုံးဆက်တို့က ပခုံးပြောင်း ဆက်လက်တာဝန်ထမ်းဆောင်ကြရမည် ဖြစ်ပါသည်။

**ထာဝရသွေးစည်းချစ်ကြည်**
**နိုင်ငံ့စီးပွားမြှင့်တင်ကြမည်**

ယခု ကြွရောက်လာသော အီကိုကျောင်းဆင်းအင်အား ၁၀၀၀ ကျော်တို့သည် အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်နေသူများ၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင် ဦးဆောင်သူများ၊ ရင်းနှီးမြှုပ်နှံသူများ၊ စွန့်ဦးတီထွင်သူများ၊ ပြည်သူကိုဝန်ဆောင်မှုပေးသူများ စသည်ဖြင့် နယ်ပယ်ကဏ္ဍအသီးသီးတွင် ကျရာအခန်းကဏ္ဍမှ ဆောင်ရွက်နေသူများဖြစ်သည်နှင့်အညီ ဆက်လက်၍ ထာဝရသွေးစည်းချစ်ကြည် ညီညွတ်စွာဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ကြပါစို့လား။ ။




❖ မျိုးဆက်သစ်လူငယ် စီးပွားရေးတက္ကသိုလ်ဆင်း အများအပြားသည်လည်း စီးပွားရေးပညာဖြင့် အစိုးရ၊ ပုဂ္ဂလိကကဏ္ဍအသီးသီးတွင် နိုင်ငံ့စီးပွားရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားတိုးတက်ရေးအတွက် စီးပွားပညာများဖြင့် ကျရာကဏ္ဍမှ တစ်တပ်တစ်အားပါဝင်

❖ စီးပွားရေးပညာသည် နိုင်ငံအတွက် အရေးပါပုံ၊ ဤကဲ့သို့ ဂုဏ်ယူဖွယ်ကောင်းသည့် စီးပွားရေးပညာဖြင့် နိုင်ငံနှင့် ပြည်သူအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားကြစေလိုကြောင်းနှင့် စိန်ခေါ်မှုများပြားလာသော မျက်မှောက်ခေတ်တွင် နိုင်ငံ့စီးပွားရေးကို ရေရှည်ဖွံ့ဖြိုးတိုးတက်အောင် မျိုးဆက်သစ်တို့က လက်ဆင့်ကမ်း တာဝန်များကို စီးပွားရေးပညာဖြင့် ဆက်လက်ကြိုးပမ်းကြစေလိုကြောင်း ပြောကြားချက်များသည် တပည့်များအတွက် ကြိုးစားချင်သည့်စိတ်ဓာတ်များ တဖွားဖွားဖြစ်ပေါ်

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ဝန်ကြီးဌာနကိုယ်စားပြု အားကစားအသင်းများလေ့ကျင့်နေမှု ကြည့်ရှုအားပေး

နေပြည်တော် နိုဝင်ဘာ ၂၈

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် သည် ယနေ့ညနေပိုင်းတွင် တည်းခို ရေးစခန်းရှိ ပဉ္စမအကြိမ်အမျိုးသား အားကစားပွဲတော် ဖွင့်ပွဲအခမ်း အနားတွင် သရုပ်ဖော်ကပြမည့် ဝန်ကြီးဌာန လက်အောက်ရှိ ပြည်ထောင်စု တိုင်းရင်းသားလူမျိုး များ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ ပြည်ထောင်စု တိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီ ကောလိပ် (ရန်ကုန်၊ စစ်ကိုင်း) တို့မှ ကျောင်းသား ကျောင်းသူများ နှင့် ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင် မည့် ဝန်ကြီးဌာနကိုယ်စားပြု အားကစားအသင်းများ လေ့ကျင့် နေမှုကို သွားရောက်အားပေး သည်။





ဦးစွာ ပြည်ထောင်စုဝန်ကြီး သည် ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ ပြည်ထောင်စု တိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီ ကောလိပ် (ရန်ကုန်၊ စစ်ကိုင်း) တို့မှ ကျောင်းသား ကျောင်းသူများ အား သွားရောက်တွေ့ဆုံ အားပေး ပြီး ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး သည် ဝန်ကြီးဌာနကိုယ်စားပြု ပိုက်ကျော်ခြင်းအသင်း၊ ဘောလုံး အသင်းနှင့် ဖူဆယ်အသင်းတို့ လေ့ကျင့်နေမှုကို သွားရောက် ကြည့်ရှုအားပေးပြီး အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမား များကို ရင်းရင်းနှီးနှီးနှုတ်ဆက်၍ ချီးမြှင့်ငွေနှင့် အင်အားဖြည့် အစား အစာများ ပေးအပ်ကာ အားကစား အသင်းများအနေဖြင့် ဝန်ကြီးဌာန ဂုဏ်ဆောင်နိုင်အောင် အားကစား စိတ်ဓာတ်အပြည့်ဖြင့် လေ့ကျင့် ယှဉ်ပြိုင်သွားရန်၊ နိုင်ငံ့ဂုဏ် ဆောင် အားကစားသမားများဖြစ် အောင်ကြိုးစားကြရန်၊ ကျန်းမာရေး နှင့် ကြံ့ခိုင်မှုကောင်းမွန်အောင် နေထိုင်၊ စားသောက်ရေး ဂရုစိုက် ကြရန် မှာကြားသည်။

## ဝင်ရောက်ယှဉ်ပြိုင်

ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်တွင် နယ်စပ် ရေးရာဝန်ကြီးဌာနမှ ဘောလုံး (အမျိုးသား)၊ ဘော်လီဘော (အမျိုးသား၊ အမျိုးသမီး)၊ ပိုက်ကျော်ခြင်း (အမျိုးသား)၊ ဖူဆယ် (အမျိုးသား)၊ ဂေါက်သီး ရိုက် (အမျိုးသား) စသည့် အားကစားနည်း ငါးမျိုးကို အားကစားသမား ၁၀၅ ဦးဖြင့် ဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ် ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ နေပြည်တော်အတွင်းရှိ ပြိုင်ပွဲများကျင်းပမည့် အားကစားကွင်း / အားကစားရုံများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၈

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေး ရာဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမင်းသိန်းဇံသည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် အတွင်းရှိ ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်၌ အားကစား ပြိုင်ပွဲများကျင်းပမည့် အားကစား ကွင်း/ အားကစားရုံများ ကြိုတင် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေ အနေများကို ကြည့်ရှုစစ်ဆေး သည်။



## မှာကြား

ဦးစွာ ပြည်ထောင်စုဝန်ကြီး သည် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်တွင် အားကစား ပြိုင်ပွဲများကျင်းပမည့် နေပြည် တော် ဇမ္ဗူသီရိမြို့နယ်ရှိ ရွှေကြာ ပင်အားကစားကွင်း/ ရွှေကြာပင် အားကစားရုံ၊ ပျဉ်းမနားမြို့နယ်ရှိ ပေါင်းလောင်း အားကစားကွင်း၊ ဘောဂဝတီ အားကစားကွင်းများ အတွင်း ကြိုတင်ပြင်ဆင်ဆောင် ရွက်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ပြိုင်ပွဲ ကွင်းများ ကြိုတင်ပြင်ဆင်ဆောင် ရွက်ထားရှိမှု၊ ကွင်းအဝင်လမ်းနှင့် နောက်ခံဆိုင်းဘုတ် ဗီနိုင်းများ အချိန်မီ တပ်ဆင်ပြီးစီးနိုင်ရေး၊ ဘောလုံးကွင်းအတွင်း သန့်ရှင်း သပ်ရပ်မှုရှိစေရေးနှင့် စိမ်းလန်း စိုပြည်မှုရှိစေရေး၊ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ရေနုတ် မြောင်းများ သန့်ရှင်းရေးဆောင် ရွက်သွားရန်၊ ပြိုင်ပွဲကွင်းပတ်လည် တွင် အလံတိုင်များတပ်ဆင်နိုင် ရေးနှင့် မိုဘိုင်းသန့်စင်ခန်းများ ထားရှိနိုင်ရေးအတွက် လိုအပ် သည်များကို ကြိုတင်ပြင်ဆင် ဆောင်ရွက်သွားရန် မှာကြား သည်။

## လိုက်လံကြည့်ရှုအားပေး

ဆက်လက်၍ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း အတွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ် (၂) တွင် အားကစားနှင့်ကာယပညာ(သိပ္ပံ) ကျောင်းများမှ ကျောင်းသား ကျောင်းသူ ၂၆၀ တို့၏ Fitness Dance လေ့ကျင့်နေမှုနှင့် လေ့ကျင့်ရေးကွင်းအမှတ် (၁) တွင် အင်အား ၆၅ ဦးဖြင့် လေ့ကျင့် နေသည့် အလံတော်သယ်ယူရေး အဖွဲ့၏ အဖွဲ့လိုက် လေ့ကျင့်နေမှု များကို လိုက်လံကြည့်ရှုအားပေး ကာ ပြည်ထောင်စုဝန်ကြီးက ယခုကျင်းပမည့် အားကစား ပွဲတော်ကြီးတွင် ပါဝင်ခွင့်ရရှိ ခြင်းသည် အားကစားနှင့်ကာယ ပညာ(သိပ္ပံ) ကျောင်းအချင်း ချင်းလည်း ချစ်ကြည်ရင်းနှီးမှု ပိုမို ရရှိလာမည်ဖြစ်ကြောင်း၊ တာဝန် ခံများကလည်း မိမိတို့ကလေးများ ၏ ကျန်းမာရေးအား အထူး အလေးထား ဂရုစိုက်ကြရန်နှင့် လိုအပ်သည်များရှိပါက အချိန်နှင့် တစ်ပြေးညီ သတင်းပို့တင်ပြ ဆောင်ရွက်သွားရန် မှာကြားခဲ့ ကြောင်း သိရသည်။

သတင်းစဉ်

# ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘော တူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ်(၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တို ဘာ ၁၀ ရက်တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြု လက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီစိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် များကို ခွင့်ပြုပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ၂၀-၁၁-၂၀၂၄ ရက်နေ့က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင် ၂၆-၈-၂၀၂၄ ရက်နေ့မှ ၂၈-၁၀-၂၀၂၄ ရက်နေ့ အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်း လျှောက်ထားသူတစ်ဦးကိုလည်းကောင်း၊ ထုတ်ဝေ ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ်တစ်ဦးနှင့် အထွေထွေ ၁၅ ဦး ပေါင်း ၁၆ ဦးကိုလည်းကောင်း၊ သတင်းအေဂျင်စီ လုပ်ငန်းလျှောက်ထားသူတစ်ဦးကိုလည်းကောင်း အသိအမှတ်ပြု လက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့သည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၆၉၉ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၄၇၁ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၄၁၀ စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၅၈၀ အား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီး ဖြစ်သည်။

ပြန်ကြားရေးဝန်ကြီးဌာန

# မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးနှင့် စာအုပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၈

မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း ဗဟိုအလုပ် အမှုဆောင်အဖွဲ့အစည်းအဝေးနှင့် စာအုပ်လှူဒါန်းပွဲကို ယမန်နေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်း အမှတ်(၂၂၈)ရှိ မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း အစည်းအဝေး ခန်းမ၌ ပြုလုပ်ခဲ့သည်။

အစီအစဉ်ပထမပိုင်းတွင် စာအုပ်လှူဒါန်းပွဲပြုလုပ်ရာ ဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ ဦးအုန်းမောင်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး အလှူရှင်များက စာအုပ်များလှူဒါန်းရခြင်း အကြောင်း ရှင်းလင်းပြောကြားသည် ။ ထို့နောက်အလှူရှင်များ က စာအုပ်များပေးအပ်လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်း လွှာ ပြန်လည်ပေးအပ်၍ ကျေးဇူးတင်စကားပြောကြား သည်။

ယနေ့လှူဒါန်းမှုတွင် ဗိုလ်သင်တန်းအမှတ်စဉ်(၂၉)က ရွှေရတုမော်ကွန်း(၁၉၆၄-၂၀၁၄) စာအုပ်အုပ်ရေ ၆၀ (တန်ဖိုး ငွေကျပ် ၁၈၀၀၀၀)၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေး အသင်း(ဗဟို)က (၂၅)နှစ်မြောက် ငွေရတုမဂ္ဂဇင်း (၁၉၉၄-၂၀၁၉) အုပ်ရေ ၂၀၀ (တန်ဖိုးငွေကျပ် ၈၀၀၀၀၀)၊ စာအုပ်ပေါင်း ၂၆၀ (တန်ဖိုးငွေကျပ် ၉၈၀၀၀၀) ဖြစ်ပြီး ဒုတိယပိုင်းအစီအစဉ်အဖြစ်



ဗဟိုအလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးပြုလုပ်ရာ ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေး ညှိနှိုင်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် မြန်မာနိုင်ငံ "စီးပွားရေးပညာနှစ် (၁၀၀)" ရာပြည့် အထိမ်းအမှတ် စာတမ်းဖတ်ပွဲများ တက်ရောက်အားပေး



**နေပြည်တော် နိုဝင်ဘာ ၂၈**

မြန်မာနိုင်ငံ **"စီးပွားရေးပညာနှစ် (၁၀၀)"** ရာပြည့် အထိမ်းအမှတ်အခမ်းအနားကို ယနေ့တွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC II) ၌ ကျင်းပခဲ့ပြီး မွန်းလွဲပိုင်းအစီအစဉ်များအဖြစ် Parallel Session သုံးခုဖြင့် စာတမ်းဖတ်ပွဲများကို ဆက်လက်ကျင်းပရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်အားပေးသည်။

Parallel Session I တွင် **"မြန်မာနိုင်ငံ၏ စီးပွားရေးပညာနှစ် (၁၀၀) ခရီး - ယခင်၊ ယခုနှင့် အနာဂတ်စီးပွားရေး အလားအလာ"** ခေါင်းစဉ်၏အောက်တွင် စာတမ်းရှင် ရှစ်ဦးတို့က မြန်မာနိုင်ငံတွင် စီးပွားရေးပညာ နှစ် ၁၀၀ အတွင်း ဖွံ့ဖြိုးမှု၊ လူဦးရေပြောင်းလဲမှုဖြစ်စဉ်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် မူဝါဒချမှတ်သူများအတွက် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ၊ ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအပေါ် လေ့လာသုံးသပ်ခြင်း၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဖြောင့်မတ်တည်ကြည်မှု၊ ကိုလိုနီခေတ်မှ ပါလီမန်ခေတ်အထိ ဆောင်ရွက်ခဲ့သော မြန်မာ့သမဝါယမစီမံကိန်းသုံးခုကို လေ့လာခြင်း၊ နိုင်ငံတကာစံများနှင့်အညီ စာရင်းစစ်ဆေးခြင်း၏ အကျိုးကျေးဇူးနှင့် စိန်ခေါ်မှုများ၊ မြန်မာနိုင်ငံ၏ အစိမ်းရောင်စီးပွားရေး ဖော်ဆောင်နိုင်မည့် အလားအလာ၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး လူမှုရင်းနှီးမြှုပ်နှံပေး ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးမောင်မောင်တင့်က သဘာပတိအဖြစ်လည်းကောင်း။

Parallel Session II တွင် **"မျက်မှောက်ခေတ် ကမ္ဘာ့စီးပွားရေးအလားအလာနှင့် စိန်ခေါ်မှုများ"** ခေါင်းစဉ်၏အောက်တွင် စာတမ်းရှင် ၁၁ ဦးတို့က ပထဝီနိုင်ငံရေးအားပြိုင်မှု၊ မိတ်ဖက်နိုင်ငံရေးနှင့် စီးပွားရေးစိန်ခေါ်မှုများကို နိုင်ငံရေးဘောဂဗေဒ ချဉ်းကပ်မှုဖြင့် ရင်ဆိုင်ကျော်လွှားခြင်း၊ ကမ္ဘာ့စီးပွားရေး စိန်ခေါ်မှုများအား ရင်ဆိုင်ဖြေရှင်းရန် ချဉ်းကပ်မှုနည်းလမ်းသစ်များ၊ နိုင်ငံတကာဖွံ့ဖြိုးမှုအကူအညီများနှင့် မြန်မာနိုင်ငံပေါ် အကျိုးသက်ရောက်မှုများကို လေ့လာဆန်းစစ်ခြင်း၊ မျက်မှောက်ခေတ် ကမ္ဘာ့စီးပွားရေး အလားအလာနှင့် စိန်ခေါ်မှုများနှင့် ပတ်သက်၍ ရွှေ့ပြောင်းလုပ်သားနှင့် သက်ဆိုင်သည့်အပိုင်း၊ ပတ်လည်စီးပွားရေးနှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု၊ ရေရှည်တည်တံ့သည့် စွမ်းအင်အရင်းအမြစ်များ လုံလောက်စွာဖြည့်ဆည်းပေးနိုင်ရေးအပေါ် သက်ရောက်သည့် မြန်မာနိုင်ငံ၏ စွမ်းအင်သုံးစွဲမှု လိုအပ်ချက်၊ မျက်မှောက်ခေတ် ကမ္ဘာ့စီးပွားရေး အလားအလာနှင့် စိန်ခေါ်မှုများ၊ အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) အလားအလာနှင့် စိန်ခေါ်မှုများ၊ စာရင်းလုပ်ငန်း ဝန်ဆောင်မှုကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးအတွက် အာဆီယံဒေသအတွင်း မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှု အခြေအနေများနှင့် နောင်အနာဂတ်တွင် ပိုမိုတိုးတက်စေရေးအစီအမံများ၊ The Global Economic Landscape and Economic Opportunities and Challenges in Myanmar၊ အသေးစား၊ အလတ်စားစီးပွားရေး ဖွံ့ဖြိုးမှုနှင့် နိုင်ငံဖွံ့ဖြိုးမှု ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဝါဝါမောင်က သဘာပတိအဖြစ် လည်းကောင်း။

Parallel Session III တွင် **"နိုင်ငံ၏ ဖွံ့ဖြိုးမှုအတွက် အခြေခံအဆောက်အအုံ၏ အခန်းကဏ္ဍ"** ခေါင်းစဉ်၏အောက်တွင် စာတမ်းရှင် ခုနစ်ဦးတို့က မြန်မာနိုင်ငံတွင် ဘက်စုံ ပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်း၊ ရေပေးဝေရေးနှင့် သန့်ရှင်းရေး အခြေခံအဆောက်အအုံနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူ့အငှားအိမ်ရာစီမံကိန်းများက ဝင်ငွေနည်းပြည်သူများ၏ လူမှုစီးပွားရေးကို မြှင့်တင်ပေးနိုင်မှုနှင့် တိုင်းပြည်ဖွံ့ဖြိုးရေးကို အထောက်အကူပြုနိုင်မှု ဆန်းစစ်ချက်စာတမ်း၊ နိုင်ငံ၏ဖွံ့ဖြိုးမှုအတွက် အခြေခံအဆောက်အအုံ၏ အခန်းကဏ္ဍ၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှု အခန်းကဏ္ဍတွင် မြို့ပြအကျိုးပြုဘူမိဗေဒ မြေပုံရေးဆွဲခြင်း၏ အကျိုးကျေးဇူး၊ မြန်မာနိုင်ငံ၏ သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုအခြေအနေကို စိစစ်လေ့လာခြင်း (၂၀၁၃-၂၀၂၃)၊ မြန်မာနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုတွင် Logistics အခန်းကဏ္ဍမှ အထောက်အကူပြု စွမ်းဆောင်နိုင်မှုအခြေအနေအား ဆန်းစစ်လေ့လာခြင်း ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းက သဘာပတိအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့ကြပြီး ဒုတိယနေ့ စာတမ်းဖတ်ပွဲများအား နိုဝင်ဘာ ၂၉ ရက် နံနက်ပိုင်းနှင့် မူဝါဒဆိုင်ရာ စုံညီစာတမ်းဖတ်ပွဲကို မွန်းလွဲ ၂ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၈**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး H.E. Dr. Md. Monwar Hossain အား ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာနရှိ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နည်းပညာဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ IT ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ခင်ရင်းနှီးမှု တိုးမြှင့်ဖော်ဆောင်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ဒုတိယဝန်ကြီး ဦးမြင့်စိုး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ပြေးခုန်ပစ်အားကစားပြိုင်ပွဲ တက်ရောက်ကြည့်ရှုအားပေး



**နေပြည်တော် နိုဝင်ဘာ ၂၈**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဖလား ပြေးခုန်ပစ်အားကစားပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်းအမှတ် (၁) ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်းများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက ပြိုင်ပွဲဝင်အားကစားသမားများနှင့်တွေ့ဆုံ၍ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်၌ ဝန်ကြီးဌာနကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် ကြိုးစားယှဉ်ပြိုင်ကြရန် တိုက်တွန်းမှာကြားပြီး အားကစားနည်းအလိုက် ပြိုင်ပွဲများ ကျင်းပရာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ ဒုတိယဝန်ကြီး ဦးမြင့်စိုးက အမျိုးသား မီတာ ၄၀၀ လက်ဆင့်ကမ်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့်အသင်းများနှင့် အမျိုးသမီး မီတာ ၄၀၀ လက်ဆင့်ကမ်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် အသင်းများကိုလည်းကောင်း၊ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရက အမျိုးသား မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် ဆုရရှိသူများကိုလည်းကောင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းတိုးက အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် ဆုရရှိသူများကိုလည်းကောင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးထွန်းနိုင်က အမျိုးသား အလျားခုန်ပြိုင်ပွဲတွင် ဆုရရှိသူများကိုလည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်ဝင်းက အမျိုးသား မီတာ ၂၀၀ အပြေးပြိုင်ပွဲတွင် ဆုရရှိသူများကိုလည်းကောင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းသိန်းက အမျိုးသမီး မီတာ ၂၀၀ အပြေးပြိုင်ပွဲတွင် ဆုရရှိသူများကိုလည်းကောင်း ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# (၅)ကြိမ်မြောက် အာဆီယံလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆုအတွက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် စက်ရုံ၊ အလုပ်ရုံများအား ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်






ရန်ကုန် နိုဝင်ဘာ ၂၈

အလုပ်သမား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်ရှိ Novotel Hotel ၌ ကျင်းပသည့် အလုပ်သမားဝန်ကြီးဌာနနှင့် IOM တို့ ပူးပေါင်းကျင်းပသော ကျင့်ဝတ်နှင့်ညီသော လုပ်သားစုဆောင်းခြင်း စနစ်အတွက် လုပ်ငန်းဆောင်ရွက်မှုများကို နားလည်မှုမြှင့်တင်စေရေး (၁၉)ကြိမ်မြောက် International Recruitment Integrity System (IRIS) ဆွေးနွေးပွဲ အခမ်းအနားသို့ တက်ရောက်သည်။

**ကြိုးပမ်းဆောင်ရွက်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက လုပ်သားစုဆောင်းစေလွှတ်ပေးသည့် ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများအနေဖြင့် လုပ်သားစုဆောင်းရာတွင် သက်ဆိုင်ရာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ကြရန်၊ ကောင်းမွန်သည့် စီမံခန့်ခွဲမှုများ ဖြစ်စေရန်၊ စေလွှတ်ထားသည့် လုပ်သားများ၏ အချက်အလက်များ စနစ်တကျပြုစုထားရှိရန်နှင့် ကောင်းမွန်သည့် အလေ့အထကောင်းများ ဆောင်ရွက်နိုင်ရေး စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် UMFCCI တွင် ကျင်းပသည့် (၅)ကြိမ်မြောက် အာဆီယံ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက်ဆု(ASEAN–OSHNET Award) အတွက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် စက်ရုံ၊ အလုပ်ရုံများအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် နှစ်စဉ်ဆုများ ချီးမြှင့်လျက်ရှိရာ လက်ရှိအချိန်အထိ ASEAN–OSHNET Excellence ဆုအတွက် စက်ရုံငါးရုံ၊ Best Practices ဆုအတွက် စက်ရုံငါးရုံ စုစုပေါင်း စက်ရုံ ၁၀ ရုံအား ဆုချီးမြှင့်ပေးခဲ့ပြီး အာဆီယံဒေသတွင်း အဆင့်ယှဉ်ပြိုင်နိုင်စွမ်း ပုံရိပ်ကို ထိန်းသိမ်းနိုင်ခဲ့သဖြင့် ဆုရရှိသည့် စက်ရုံများအတွက်သာမက နိုင်ငံအတွက်ပါ ဂုဏ်ယူဝမ်းမြောက်စရာဖြစ်ပါကြောင်း ပြောကြားပြီး (၅)ကြိမ်မြောက် ASEAN–OSHNET Excellence ဆု ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် စက်ရုံ ၁၀ ရုံနှင့် Best Practices ဆု ဝင်ရောက် ယှဉ်ပြိုင်ခဲ့သည့် စက်ရုံခြောက်ရုံတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်သည်။

ယင်းနောက် အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က (၅)ကြိမ်မြောက် ASEAN–OSHNET ဆု ရွေးချယ်ရေး ကော်မတီဝင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ခဲ့ပြီး (၅)ကြိမ်မြောက် ASEAN–OSHNET Excellence ဆုနှင့် Best Practices ဆုရရှိခဲ့သည့် စက်ရုံများက လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ဆိုင်ရာ ဆောင်ရွက်ချက်မှတ်တမ်း ဗီဒီယိုများကို ပြသသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် လှိုင်သာယာမြို့နယ်အတွင်းမှ အလုပ်သမားဝန်ကြီးဌာနအောက်ရှိ ရုံးများကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် လှိုင်သာယာမြို့နယ် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးသင်တန်းကျောင်း(NOSHC)သို့ သွားရောက်ပြီး သင်တန်းခန်းမများ၊ သင်ထောက်ကူ ပစ္စည်းများနှင့် သင်တန်းကျောင်း ပရိဝုဏ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် လှိုင်သာယာမြို့နယ်ရှိ လူမှုဖူလုံရေးအဖွဲ့ တိုင်းရင်းဆေးကုခန်း၊ လူမှုဖူလုံရေးအဖွဲ့ ကဲဝဲလ်ဆေးခန်းတို့၏ ဆေးကုသဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် လူမှုဖူလုံရေးအဖွဲ့ရုံး၊ မြောက်ပိုင်းခရိုင် လူမှုဖူလုံရေးအဖွဲ့ရုံး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အလုပ်သမားဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံး၊ ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားဆက်ဆံရေး ဦးစီးဌာန တိုင်းဒေသကြီးရုံးနှင့် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန မြို့နယ်ရုံးတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် (၆)ကြိမ်မြောက် အက်မက်စ်ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေး တက်ရောက်




နေပြည်တော် နိုဝင်ဘာ ၂၈

ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ခရီးသွားလုပ်ငန်း ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများပါဝင်သည့် စီအယ်လ်အမ်ဗွီ (CLMV)နှင့် အက်မက်စ်(ACMECS) ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးနှင့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများကို နိုဝင်ဘာ ၂၇ ရက်မှ ၂၉ ရက်အထိ ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကျင်းပသည့် (၆)ကြိမ်မြောက် အက်မက်စ် ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးသို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် တက်ရောက်သည်။

အစည်းအဝေးတွင် လာအိုနိုင်ငံ သတင်းအချက်အလက်၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး Ms. Darany Phommavongsa က အလှည့်ကျဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အဆိုပါ အစည်းအဝေးသို့ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အဆိုပါ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက တရုတ်နိုင်ငံ ကူမင်းမြို့၌ ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၇ ရက်က ကျင်းပခဲ့သည့် အက်မက်စ်ထိပ်သီး အစည်းအဝေးမှ အက်မက်စ်ဒေသတွင်း ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငါးနိုင်ငံ ခရီးစဉ်တစ်ခုအပါအဝင် ခရီးသွားလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရေး၊ အက်မက်စ်ခရီးသွားလုပ်ငန်း အမှတ်တံဆိပ်အား မြန်မာနိုင်ငံမှ အသုံးပြုမှုနှင့် အဖွဲ့ဝင်နိုင်ငံများအားလုံး ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုစေရေး၊ အက်မက်စ်ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် ၂၀၂၃–၂၀၂၅ အရ မြန်မာနိုင်ငံကဆောင်ရွက်ထားရှိမှု၊ မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်ဝန်ဆောင်မှုလုပ်ငန်းများအတွက် SOP များ ရေးဆွဲဆောင်ရွက်မှု၊ ခရီးသွားဧည့်သည်များတွက် ဆိုက်ရောက်ဗီဇာခွင့်ပြုပေးမှု၊ အစည်းအဝေးမှ ထုတ်ပြန်သွားမည့် (၆)ကြိမ်မြောက် အက်မက်စ် (ACMECS) ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးဥက္ကဋ္ဌ၏ သတင်းထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံမှ ထည့်သွင်းဖော်ပြစေလိုသည့် ကိစ္စရပ်များ၊ မြန်မာနိုင်ငံအနေဖြင့် (၆)ကြိမ်မြောက် အက်မက်စ် (ACMECS) ခရီးသွားလုပ်ငန်း ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၏ အစည်းအဝေးဥက္ကဋ္ဌတာဝန်ထမ်းဆောင်မည့်အပေါ် အတည်ပြုချက်များကို ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် (၆)ကြိမ်မြောက် အက်မက်စ် ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေး သတင်းစာရှင်းလင်းပွဲသို့ ပါဝင်တက်ရောက်ခဲ့ပြီး အစည်းအဝေး တက်ရောက်ကြသည့် စီအယ်လ်အမ်ဗွီနှင့် အက်မက်စ် အဖွဲ့ဝင်နိုင်ငံများမှ ခရီးသွားလုပ်ငန်းဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် ကိုယ်စားလှယ်များနှင့်အတူ ယဉ်ကျေးမှုပြတိုက်၊ ဗိုလ်ချုပ်ဈေး၊ မဟာဗန္ဓုလပန်းခြံနှင့် ရွှေတိဂုံစေတီတော်မြတ်ကြီးတို့ကို လှည့်လည်ကြည့်ရှုကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် စီအယ်လ်အမ်ဗွီနှင့် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများမှ ခရီးသွားလုပ်ငန်းဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ ကိုယ်စားလှယ်များအား မြန်မာနိုင်ငံက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်တွင်းကြီးမြို့ သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အစည်းအဝေးကျင်းပ



တောင်တွင်းကြီး နိုဝင်ဘာ ၂၈

တောင်တွင်းကြီးမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ်အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ကျင်းပရာ မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမင်းဇော်နိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးခင်မောင်လွင်က တစ်နှစ်တာအတွင်း လုပ်ငန်းဆောင်ရွက်ချက်များဖြစ်သည့် ဘဏ္ဍာရေးလုပ်ငန်းစဉ်များ၊ သမဝါယမအသင်းများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများဖြစ်သည့် ဝါနှင့်နေကြာကို မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရန်နှင့် အထွက်နှုန်းတိုးစေရေး၊ သဘာဝရွက်စိမ်းမြေဩဇာ ထုတ်လုပ်အသုံးပြုဆောင်ရွက်ရေးတို့နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ အခြေခံအသင်းကိုယ်စားလှယ် ၂၄၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **နောင်နောင်(ဗိသုနိုးမြေ)**

# စာဆိုတော်ကြီးများ၏ ဂုဏ်ကျေးဇူးကို အလေးအမြတ်ပြု၍ စိန်ရတုစာပေဆုနှင်းသဘင်ကြီးကို ဂုဏ်ပြု

**မောင်ငြိမ်းအေး**

နိုင်ငံတော်နှင့် ပြည်သူများ ကောင်းကျိုးဖြစ်ထွန်းရေးအတွက်လည်းကောင်း၊ မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်လာရန်အတွက်လည်းကောင်း ကလောင်စွမ်းအားဖြင့် ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြသည့် စာပေပညာရှင်ကြီးများ၊ စာဆိုတော်ကြီးများ၏ ဂုဏ်ကျေးဇူးကို အလေးအမြတ်ပြုပြီး ၁၉၄၄ ခုနှစ်မှစတင်၍ စာဆိုတော်နေ့အခမ်းအနားများ ကျင်းပလာခဲ့ရာ ယခုအခါ နှစ်ပေါင်း ၈၀ တိုင်ခဲ့ပြီဖြစ်သည်။ မြန်မာစာပေလောက ရှင်သန်ဖွံ့ဖြိုးစေရန်အတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် စာပေအမျိုးမျိုးတို့ကို ပြုစုရေးသားကြသည့် စာဆိုတော်ကြီးများ၏ အခန်းကဏ္ဍသည် အရေးပါသလို စာပေပညာရှင်ကြီးများကို အားပေးချီးမြှင့်ပေးသည့် နိုင်ငံတော်အစိုးရနှင့် အဖွဲ့အစည်း လူပုဂ္ဂိုလ်များ၏ စေတနာများမှာ မြန်မာစာပေရှင်သန်ဖွံ့ဖြိုးစေသည့် အဓိကကျသည့်အကြောင်းရင်းဖြစ်သည်ဟု ရှုမြင်ပါသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ မြေညီထပ်၌ ခင်းကျင်းပြသထားသည့် ၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင် အခမ်းအနားတွင် ဆုရရှိသူများ၏ အတ္ထုပ္ပတ္တိ၊ ဓာတ်ပုံ၊ ဆုရစာအုပ်များနှင့် စာအုပ်စာစောင်များကို လှည့်လည်ကြည့်ရှုကြစဉ်။
(၁၄-၁၂-၂၀၂၃)

## စိန်ရတုစာပေဆုနှင်းသဘင်

စာပေသည် ကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကြောင်းတရားဖြစ်သည်။ စာပေသည် အတွေးအခေါ်၊ အယူအဆ စိတ်ဓာတ်ခွန်အားများ ရှင်သန်ဖွံ့ဖြိုးရာ အရင်းအမြစ်ဖြစ်သည်။ စာပေသည် မြန်မာ့ယဉ်ကျေးမှုအနုပညာ အသီးသီး ဖြာထွက်ရာ ပင်မမဏ္ဍိုင်ဖြစ်သည်။ စာပေအကျိုးကျေးဇူးများမှာ ကျယ်ပြန့်နက်ရှိုင်းလှသည်။ ခေတ်အဆက်ဆက်အစိုးရများက မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်ရေးကို ရည်သန်မျှော်ကိုးပြီး စာဆိုတော်ကြီးများ၏ စာပေလက်ရာမွန်တို့ကို နိုင်ငံတော်အဆင့် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများအဖြစ် ရွေးချယ်ပြီး စာဆိုတော်နေ့ရောက်တိုင်း နှစ်စဉ်နှစ်တိုင်း ဂုဏ်ပြုချီးမြှင့်ပေးလျက်ရှိရာ ယခုအခါ (၇၅) နှစ်မြောက် စိန်ရတုစာပေဆုနှင်းသဘင်ကာလသို့ပင် ရောက်ရှိလာပြီဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုပ်ဝတ္ထုပိုင်းဆိုင်ရာတို့သည် အရေးပါသကဲ့သို့ ဉာဏပိုင်းဆိုင်ရာတို့သည်လည်း ထပ်တူအရေးကြီးသည်။ နိုင်ငံတစ်နိုင်ငံ၏ စာပေနှင့် အနုသုခုမပညာရပ်များသည် အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များဖြစ်သည်။ စာပေသည် နိုင်ငံတစ်နိုင်ငံနှင့် လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုအဆင့်အတန်းကို အကဲဖြတ်ရာတွင် အဓိကကျသည့် စံနှုန်းများကို အခြေခံထားသည်။ စာပေသည် **"ခေတ်၏ကြေးမုံ"** ဟု ပညာရှင်များက ကမ္ပည်းတပ်ကြသည်။ ပြည်သူ့အကျိုးပြုစာပေများသည် ခေတ်အဆက်ဆက် ကြေးမုံပြင်တွင် အထင်အရှား ကျန်ရစ်နေဆဲဖြစ်သည်။ ပြည်သူများကို ခေတ်အဆက်ဆက် အကျိုးပြုလျက်ရှိသည်။

## စာဆိုတော်ကြီးများ၏ ကျေးဇူး

ထို့ကြောင့် စာပေသည် လူမျိုး၏ ယဉ်ကျေးမှုမဏ္ဍိုင်ဖြစ်ကြောင်း အခိုင်အမာပြောဆိုရမည်ဖြစ်သည်။ စာအုပ်စာပေမျိုးစုံတို့သည် လူသားများ၏ ခေတ်ကြေးမုံဖြစ်ကြောင်း စာပေအမျိုးမျိုးတို့က ညွှန်းဆိုဖော်ပြလျက်ရှိသည်။ စာအုပ်စာပေများသည် လူ့မိတ်ဆွေများဖြစ်ပြီး စာပေမြင့်မှ လူမျိုးတင့်မည်ဟု ပြောဆိုကြရသည်။ စာပေသည် နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုအဆင့်အတန်းနှင့် အမျိုးသားရေးစိတ်ဓာတ်ကို မြှင့်တင်ပေးလျက်ရှိသည်။ **"ယဉ်ကျေးမှု ပျောက်လျှင် လူမျိုးပျောက်မည်"** ဆိုသည့်သတိပေးဆိုရိုးစကားအတိုင်း သိရှိလိုက်နာပြီး ယဉ်ကျေးမှု မပျောက်ပျက်အောင်၊ ခိုင်မြဲတည်တံ့အောင် စာပေဖြင့် ဆက်လက်တည်ဆောက်ရန်မှာ နိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်ကို အခိုင်အမာအသိပေးပြောဆိုလိုပါသည်။

မြန်မာစာပေသည် ပုဂံခေတ် ၁၂ ရာစုအစတွင် စတင်ပေါ်ပေါက်ခဲ့သည့် သမိုင်းအထောက်အထားများရှိသည်။ စာပေရေစီးကြောင်းသည် မျက်မှောက်ကာလတွင် နှစ်ပေါင်း ၁၀၀၀ နီးပါး သက်တမ်းရှိပြီဖြစ်သည်။ မြန်မာစာပေ၌ အစောဆုံးစာပေ အရေးအသားကို သက္ကရာဇ်အခိုင်အမာပါရှိသည့် ရာဇကုမာရ်ကျောက်စာကို ညွှန်းဆိုကြသည်။

ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်၊ ကျွန်ခေတ်ရဟန်းစာဆို၊ လူစာဆိုတို့၏ ပြောင်မြောက်သော စာပေလက်ရာများမှာ ယနေ့ထက်တိုင်ရှိနေဆဲဖြစ်သည်။ ရှေးစာဆိုတော်ကြီးများ၏ အကျိုးကျေးဇူးကြောင့် ယနေ့ထက်တိုင် မြန်မာစာပေထွန်းကားရှင်သန်နေခြင်း ဖြစ်သည်။ ခေတ်အဆက်ဆက် စာဆိုတော်ကြီးများ၏ ဂုဏ်ကျေးဇူးကို သတိရသောအားဖြင့် နတ်တော်လဆန်း ၁ ရက်နေ့ရောက်တိုင်း စာဆိုတော်နေ့အခမ်းအနားများကို နှစ်စဉ်ကျင်းပကြသည်။

## စာပေဆုများ ပေးအပ်ချီးမြှင့်

မြန်မာ့သမိုင်းတစ်လျှောက်တွင် ရဟန်းစာဆို၊ လူစာဆို မြန်မာစာဆိုတော်ကြီးများ၏ မြန်မာစာပေစွမ်းပကားဖြင့် နိုင်ငံ့အကျိုးအတွက် ဆောင်ရွက်ခဲ့မှုများကို ချီးကျူးဂုဏ်ပြုပူဇော်ခြင်းဖြစ်သည့် စာဆိုတော်နေ့ ကျင်းပခြင်းနှင့် စာပေဆုများ ချီးမြှင့်ခြင်းသည် အလွန်မွန်မြတ်ပါသည်။ ၇၅ နှစ်စိန်ရတုတိုင်အောင်ရှိခဲ့ပြီဖြစ်သည့် စာပေဆုနှင်းသဘင် အခင်းအကျင်းမှာ စိတ်ဝင်စားဖွယ်ဖြစ်သည်။ နိုင်ငံတော်၏ လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းညွှန်မှုဖြင့် ၁၉၄၇ ခုနှစ် ဩဂုတ်လတွင် တည်ထောင်ခဲ့သည့် စာပေဗိမာန်သည် တိုင်းရင်းသားပြည်သူများ နိုင်ငံတကာဗဟုသုတတိုးပွားရန်အတွက် ဘာသာပြန်စာပေများ ထုတ်ဝေခဲ့သကဲ့သို့ မြန်မာစာပေများလည်း ထုတ်ဝေခဲ့သည်။

စာပေဆုချီးမြှင့်ခြင်း သမိုင်းကြောင်း၌ မြန်မာစာပေဖွံ့ဖြိုးရေးအတွက် ၁၉၄၈ ခုနှစ်တွင် **"စာပေဗိမာန် ကာလပေါ်ဝတ္ထုဆု"** ကို စတင်ချီးမြှင့်ခဲ့သည်။ ထို့နောက် **"စာပေဗိမာန် ကာလပေါ်ဝတ္ထုဆု"** ကို **'စာပေဗိမာန်ဆု'**၊ **'အနုပညာဆိုင်ရာ စာပေဆု'**၊ **'အမျိုးသားစာပေဆု'** စသည်ဖြင့် ဆုအမည်ကို ပုံသဏ္ဌာန်အမျိုးမျိုးပြောင်းလဲခဲ့ပြီး ပေးအပ်ချီးမြှင့်ခဲ့သည်။ ဆုချီးမြှင့်မည့် ဘာသာရပ်များ၊ ဆုငွေများကိုလည်း တိုးတက်ချီးမြှင့်လာခဲ့သည်မှာ ယခုနှစ်အထိဆိုပါက နှစ်ပေါင်း ၇၅ နှစ် စိန်ရတုကာလတိုင်ခဲ့ပြီဖြစ်သည်။ ဘာသာရပ်များကိုလည်း တိုးမြှင့်သတ်မှတ်ပြီး ချီးမြှင့်လာခဲ့သည်မှာ အမျိုးသားစာပေဆုတွင် ဆုချီးမြှင့်မည့်ဘာသာရပ် ၁၉ မျိုးနှင့် စာပေဗိမာန်စာမူဆုတွင် ဘာသာရပ် ၁၃ မျိုးအထိ ဆုချီးမြှင့်ပေးလျက်ရှိသည်။

## စာဆိုတော်ကြီးများဂုဏ်ရည်

ပြီးခဲ့သည့်နှစ်က ၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေဆုချီးမြှင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားခဲ့ရာ၌ **"ဟေမန္တရတုဟု ခေါ်တွင်ခဲ့ကြသည့် ယခုနတ်တော်လရာသီသည် ခေတ်အဆက်ဆက် ပေါ်ထွန်းခဲ့သည့် စာဆိုတော်များ ရေးဖွဲ့သီကုံးခဲ့သည့် စာပေ၏ အနှစ်သာရ၊ အဆီအနှစ်များကို ပြန်လည်လှစ်ဟ ဖော်ကျူးဂုဏ်ပြုကြသည့် ကာလလည်းဖြစ်ပါကြောင်း၊ စာဆိုတော်များ၏ စေတနာကောင်းများမှ ဖြစ်ထွန်းပေါ်ပေါက်လာသည့် စာပေအဖူးအပွင့်များသည် လေ့လာ၍မကုန်နိုင်အောင် များပြားလွန်းလှပါကြောင်း၊ ယနေ့နိုင်ငံဖွံ့ဖြိုးမှုရလဒ်များသည် စာပေကရသည့် အသိပညာ၊ အတတ်ပညာများက အများဆုံးရရှိခဲ့သောသက်သေများပင်ဖြစ်ပါကြောင်း၊ စာပေက ပေးစွမ်းသည့် သုတ၊ ရသအဖုံဖုံတို့သည်လည်း အလွန်အဖိုးအနဂ္ဃ ထိုက်တန်ပါကြောင်း၊ ထို့ကြောင့် လူသားများအတွက်စာပေအသိအမြင်နှင့်ပညာဗဟုသုတများကို ပေးစွမ်းသည့် စာဆိုတော်ကြီးများ၏ ဂုဏ်ရည်ကို ဖော်ထုတ်ပြသသည့်အနေဖြင့် နတ်တော်လရာသီတွင် စာဆိုတော်နေ့ အခမ်းအနားများကို ကျင်းပကြခြင်းပင်ဖြစ်ပါကြောင်း"** ပြောကြားခဲ့သည်။

## စေတနာရှင်များဝိုင်းဝန်းကူညီ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအနေဖြင့် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအားလုံး၏ ငြိမ်းချမ်းသာယာဝပြောသည့် အနာဂတ်၊ ကောင်းမွန်သည့် ပစ္စုပ္ပန်ကို တည်ဆောက်လျက်ရှိသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတည်ဆောက်ရေးတွင် နိုင်ငံသူ နိုင်ငံသားများ၏ ပညာနှင့်တွေးခေါ် မြော်မြင်နိုင်စွမ်းမြင့်မားရန် အထူးအရေးကြီးလှပါသည်။ အထူးသဖြင့် မိမိတို့နိုင်ငံ၏ လူဦးရေအများဆုံးနေထိုင်သည့် ကျေးလက်ဒေသများတွင် ပညာရေးအားနည်းခဲ့သည်။ ပညာရေးအားနည်းချက်နှင့်အတူ တွေးခေါ်မြော်မြင်မှုတွင် လိုအပ်ချက်များရှိခဲ့သည်။

အဆိုပါ လိုအပ်ချက်များကိုပြုပြင်ရန် ဘက်စုံပညာရေးစနစ်နှင့် စာမတတ်သူပပျောက်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။ ခေတ်စနစ်နှင့်အညီ တွေးခေါ်မြော်မြင်မှုများ တိုးတက်အောင် လုပ်ဆောင်ရန်အတွက် မြန်မာနိုင်ငံဒေသအနှံ့အပြားတွင် စာအုပ်စာပေများကို လက်လှမ်းမီစွာရရှိရန်၊ စာပေကို ဖတ်ရှုလေ့လာကြရန် စာပေပညာရှင်များနှင့် မြန်မာစာပေနယ်ပယ်မှ စာပေရေးသားပြုစုသူများ၊ ထုတ်ဝေသူများ၊ ဖြန့်ချိသူများ၊ စာကြည့်တိုက်များနှင့် စေတနာရှင်များက ဝိုင်းဝန်းကူညီကြရန် အထူးပင်မေတ္တာရပ်ခံလိုပါသည်။

## ဝမ်းမြောက်ဂုဏ်ယူမိ

ယခုနှစ်တွင် အမျိုးသားစာပေတစ်သက်တာဆု ရရှိကြသည့် စာပေပညာရှင်ကြီးများသည် ၎င်းတို့ဘဝတစ်လျှောက်လုံး၌ စာပေလောကနယ်ပယ်ထဲတွင် လုံးဝနှစ်မြှုပ်ပြီး နိုင်ငံအတွက်၊ အများပြည်သူအတွက် ကောင်းကျိုးဖြစ်ထွန်းစေမည့် သုတ၊ ရသစာပေများကို တစိုက်မတ်မတ် ရေးဖွဲ့ခဲ့ကြသူများဖြစ်ကြသည်။ အဆိုပါ စာပေပညာရှင်ကြီးများ၏ စာပေလက်ရာများသည် မြန်မာစာပေလောကဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေရုံသာမက **"စာပေမြင့်မှ လူမျိုးတင့်မည်"** ဆိုသည့် စာပေဆောင်ပုဒ်ပါအတိုင်း နိုင်ငံနှင့် လူမျိုးအကျိုးကို တစိုက်မတ်မတ် မြှင့်တင်ပေးနေသည့်အတွက် ၎င်းတို့၏ ကြိုးပမ်းအားထုတ်မှုများကို နိုင်ငံတော်က ဂုဏ်ပြုချီးမြှောက်ပေးလျက်ရှိသဖြင့် များစွာ ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

မျက်မှောက်ကာလ ပညာခေတ်တွင် ကမ္ဘာပေါ်ရှိ ရုပ်ဝတ္ထုဆိုင်ရာများ ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံတွင် အချိန်နှင့်တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်နေသည်။ ထိုသို့ဖွံ့ဖြိုးတိုးတက်မှုနှင့်အညီ အဆိုပါရုပ်ဝတ္ထုပစ္စည်းများကို ကိုင်တွယ်အသုံးချနေသည့် လူသားများအားလုံး၏ အသိပညာမြင့်မားရေးနှင့် စိတ်ဓာတ်ကောင်းမွန်ရေးသည်လည်း အရေးပါလာသည်ကို တွေ့ရသည်။ ရုပ်ဝတ္ထုတိုးတက်မှုများကို ကောင်းသည့်ဘက်တွင် အသုံးချမှုများရှိသလို မကောင်းသည့်ဘက်တွင် အသုံးချမှုများရှိလာသည်။ လူများတွင် အဖိုးတန်ဆုံးသောအရာသည် အသိပညာပင်ဖြစ်သည်။ အသိပညာဗဟုသုတ ဆင်ခြင်တွေးခေါ်မှု ဉာဏ်ပညာအားများဖြင့် အဆိုး၊ အကောင်း၊ အကျိုး၊ အကြောင်းတို့ကို ခွဲခြားသိမြင်နိုင်သည့် ဉာဏ်ပညာအား လိုအပ်သည်။

စာမျက်နှာ ၁၁ သို့ ❒

# မော်လမြိုင်မြို့၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

**မော်လမြိုင် နိုဝင်ဘာ ၂၈**

မွန်ပြည်နယ် မော်လမြိုင်မြို့၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ယနေ့ နံနက်ပိုင်းက အမှတ်(၉) အခြေခံပညာ အထက်တန်းကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

**ကြည့်ရှုအားပေး**

ဦးစွာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်ဦးညီညီစိုး၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာမြင့်၊ စီးပွားရေးရာဝန်ကြီး နိုင်လယိတမနှင့် လူမှုရေးရာဝန်ကြီး ဦးစောကြည်နိုင်တို့က "စာကြည့်တိုက်များ



ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်" မှခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောင်းစာကြည့်တိုက်တွင် ကျောင်းသား ကျောင်းသူများ စာပေဖတ်ရှုနေမှု၊ မြန်မာ့သိုင်း၊ Fitness Dance နှင့် တိုက်ကွမ်ဒို သရုပ်ပြသနေမှုများကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုငွေများ ပေးအပ်ကာ ရွှေ့လျားစာကြည့်တိုက် မော်တော်ယာဉ်၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ စာဖတ်ရှိန်မြှင့်တင်ရေး အထောက်အကူပြုပြခန်းများ၊ လှပသာယာ ပြည်မြန်မာ ဓာတ်ပုံပြပွဲများ၊ စာအုပ်ဈေးရောင်းပွဲများ၊ စာဖတ်စွမ်းရည်နှင့် အားကစားပြိုင်ပွဲများတွင်ပါဝင်ယှဉ်ပြိုင်နေမှု၊ ဖျော်ဖြေရေးတီးဝိုင်းတို့ဖြင့် ဖျော်ဖြေတင်ဆက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေး၍ ဂုဏ်ပြုဆုငွေများနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပရေးအတွက် ထောက်ပံ့ငွေကျပ် သိန်း ၂၀ ပေးအပ်ရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညွန့်နိုင်က လက်ခံရယူပြီး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်အတွက် စာအုပ်စာစောင်နှင့် စုစုပေါင်း အလှူငွေကျပ် ၁၃၆ သိန်း တို့ကို အလှူရှင်များက ပေးအပ်လှူဒါန်းကြရာ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က လက်ခံရယူပြီး ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစောကြည်နိုင်က ဂုဏ်ပြုဖျော်ဖြေခဲ့ကြသည့် ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

# သီတဂူစက္ခုဒါနဆေးရုံ (ရန်ကုန်)၏ (၈) ကြိမ်မြောက် အခမဲ့မျက်စိအလင်းအလှူတွင် မျက်စိဝေဒနာရှင် ၅၀၀ ကျော် ကို ကုသပေး



**ရန်ကုန် နိုဝင်ဘာ ၂၈**

သီတဂူစက္ခုဒါနဆေးရုံ (ရန်ကုန်)၏ (၈) ကြိမ်မြောက် အခမဲ့မျက်စိအလင်းအလှူတွင် မျက်စိဝေဒနာရှင် ၂၂၀၀ ကျော်အား စမ်းသပ်စစ်ဆေးပေးခဲ့ပြီး လူနာ ၅၀၀ ကျော်အား ခွဲစိတ်ကုသခြင်းနှင့် လူနာ ၄၀ ကျော်အား လေဆာဖြင့် ကုသမှုပေးနိုင်ခဲ့ကြောင်း သီတဂူစက္ခုဒါနဆေးရုံ(ရန်ကုန်)မှ သိရသည်။

သီတဂူစက္ခုဒါနဆေးရုံ (ရန်ကုန်)၏ (၈) ကြိမ်မြောက် အခမဲ့ မျက်စိအလင်းအလှူအဖြစ် နိုဝင်ဘာ ၂၂ ရက်မှ ၂၈ ရက်အထိ မျက်စိဝေဒနာရှင်၂၂၅၈ ဦးအား စမ်းသပ်စစ်ဆေးပေးခဲ့ပြီး ၅၂၀ အား ခွဲစိတ်ကုသ အလင်းရောင်ပေးလှူခဲ့ကာ ၄၇ဦးကို လေဆာဖြင့် ကုသပေးခဲ့သည်။

အခမဲ့ မျက်စိအလင်းအလှူ စုစုပေါင်း(၈)ကြိမ်တွင် ၁၀၈၅၉ ဦးအား စမ်းသပ်ပေးခြင်း၊ ၃၁၅၇ ဦးကို ခွဲစိတ်ကုသခြင်းနှင့် ၂၁၅ ဦးကို လေဆာဖြင့် ကုသမှုပေးခဲ့ပြီးဖြစ်သည်။ လူနာအသစ်များမှာ (၁၀) ကြိမ်မြောက် မျက်စိအလှူတွင်သာ ပါဝင်နိုင်မည်ဖြစ်၍ အသစ်ခေါ်မည့်ရက်ကို ကြေညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**MT**

❒ စာမျက်နှာ ၁၀ မှ

## အသိပညာအလိမ္မာရရှိ

✻ **စာပေသည် လူမျိုး၏ ယဉ်ကျေးမှုမဏ္ဍိုင်ဖြစ်ကြောင်း အခိုင်အမာပြောဆိုရမည်ဖြစ်သည်။ စာအုပ်စာပေမျိုးစုံတို့သည် လူသားများ၏ ခေတ်ကြေးမုံဖြစ်ကြောင်း စာပေအမျိုးမျိုးတို့က ညွှန်းဆိုဖော်ပြလျက်ရှိသည်။ စာအုပ်စာပေများသည် လူ့မိတ်ဆွေများဖြစ်ပြီး စာပေမြင့်မှ လူမျိုးတင့်မည်ဟု ပြောဆိုကြရသည်။ စာပေသည် နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုအဆင့်အတန်းနှင့် အမျိုးသားရေးစိတ်ဓာတ်ကို မြှင့်တင်ပေးလျက်ရှိ**

✻ **မျက်မှောက်ကာလ ပညာခေတ်တွင် ကမ္ဘာပေါ်ရှိ ရုပ်ဝတ္ထုဆိုင်ရာများ ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံတွင် အချိန်နှင့်တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်နေသည်။ ထိုသို့ဖွံ့ဖြိုးတိုးတက်မှုနှင့်အညီ အဆိုပါရုပ်ဝတ္ထုပစ္စည်းများကို ကိုင်တွယ်အသုံးချနေသည့် လူသားများအားလုံး၏ အသိပညာမြင့်မားရေးနှင့် စိတ်ဓာတ်ကောင်းမွန်ရေးသည်လည်း အရေးပါလာသည်ကို တွေ့ရသည်။ ရုပ်ဝတ္ထုတိုးတက်မှုများကို ကောင်းသည့်ဘက်တွင် အသုံးချမှုများရှိသလို မကောင်းသည့်ဘက်တွင် အသုံးချမှုများရှိလာသည်။ လူများတွင် အဖိုးတန်ဆုံးသောအရာသည် အသိပညာပင်ဖြစ်**

အသိပညာဗဟုသုတများကို အတွေ့အကြုံများနှင့် စာပေအသိဗဟုသုတများမှ ရနိုင်သည့်အတွက် လူတိုင်းလူတိုင်း စာဖတ်သင့်ကြောင်း ရှေးအဆက်ဆက် လူကြီးသူမ ပညာရှိများက မှာကြားခဲ့သည်။ ကမ္ဘာပေါ်တွင် ထင်ရှားကျော်ကြားသည့် လူပုဂ္ဂိုလ်အားလုံးတို့၏ တူညီသောထုတ်ဖော်မြွက်ဟမှုများတွင်လည်း **"စာဖတ်တယ်"** ဆိုသည့် စကားပင်ဖြစ်ပါသည်။ လူတိုင်းသည် ကိုယ်တိုင်တစ်ဦးတည်း အတွေ့အကြုံတစ်မျိုးတည်းဖြင့်သာ မည်သည့်အလုပ်၊ မည်သည့်အကြောင်းကိစ္စကိုမျှ အကုန်အစင် အလုံးစုံ မသိရှိနိုင်ပါပေ။ နှစ်ပေါင်းများစွာ ကြုံတွေ့ရရှိခဲ့သည့် လူပေါင်းများစွာတို့၏ အသိပညာများ၊ အတွေးအခေါ်များကို စုစည်းထားသည့် စာအုပ်စာပေများကို ဖတ်ကြမှသာ လုံလောက်သည့် အသိပညာ အလိမ္မာကို ရရှိစေမည်ဖြစ်ပါသည်။

တိုင်းပြည်၏အင်အားသည် ပြည်တွင်းမှာသာရှိသည်ဆိုသည့် စကားအတိုင်း နိုင်ငံကောင်းရာကောင်းကျိုးအတွက် တိုင်းရင်းသားပြည်သူ၊ နိုင်ငံသူနိုင်ငံသားအားလုံး၏ စည်းလုံးညီညွတ်မှု၊ အတွေးအခေါ်၊ အယူအဆ စသည့် ပြည်သူများ၏ ရပ်တည်လုပ်ဆောင်မှုကဏ္ဍများသည် အရေးကြီးသည်။ အတွေးအခေါ်၊ အယူအဆ၊ ဆင်ခြင်တုံတရားတို့ကို စာပေမှရရှိနိုင်သည်။ ပြည်သူများကို အသိပညာဗဟုသုတနှင့် စိတ်ဓာတ်မြင့်မားစေရေးကို စာပေပညာရှင်ကြီးများ၊ အနုပညာရှင်ကြီးများ၏ စွမ်းပကားများ ဖန်တီးဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတော်ကြီးသည် အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်လာမည်မှာ မလွဲကေန်ပင်ဖြစ်သည်။ စာပေပညာရှင်ကြီးများအနေဖြင့် တတ်ကျွမ်းသည့် စာပေရေးသားခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြရာတွင် လူတစ်စုအတွက်၊ အဖွဲ့အစည်းတစ်ခုအတွက် မဖြစ်သင့်ဘဲ တစ်မျိုးသားလုံးအကျိုး၊ တစ်နိုင်ငံလုံးအကျိုး၊ လူသားအားလုံးအကျိုးကို ဦးတည်ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

**စာပေတစ်သက်တာဆုရှင်**

စာပေဆိုင်ရာ စွမ်းဆောင်မှုများတွင် အမြင့်ဆုံးဖြစ်သည့် အမျိုးသားစာပေတစ်သက်တာဆုသည် မိမိ၏ ဘဝတစ်သက်တာပတ်လုံး စာပေတွင် မြှုပ်နှံပြီး ကိုယ်ကျိုးစီးပွား အလေးမထားဘဲ စာပေနှင့်မွေ့လျော်ကာ စာပေနှင့်သာ အသက်မွေးဝမ်းကျောင်းပြုရင်း မိမိနိုင်ငံ၊ မိမိလူမျိုး၏ အကျိုးစီးပွားကို စာပေစွမ်းပကားဖြင့် တစိုက်မတ်မတ် သယ်ပိုးထမ်းရွက်လျက်ရှိသည့် စာပေပညာရှင်ကြီးများကို ရွေးချယ်ချီးမြှင့်ခြင်းဖြစ်သည့်အတွက် စာပေလောကအတွက် အမြင့်ဆုံး၊ တန်ဖိုးအရှိဆုံး စာပေဆုဟု ဆိုရမည်ဖြစ်သည်။ အမျိုးသားစာပေတစ်သက်တာဆုကို ၂၀၀၁ ခုနှစ်အတွက် စတင်ချီးမြှင့်ပေးအပ်ခဲ့ပြီး ယခုနှစ်တွင် မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်လုံး အားထုတ်ရေးသားပြုစုခဲ့သော ဆောင်ရွက်ချက်များကို နိုင်ငံတော်က အသိအမှတ်ပြုသောအားဖြင့် စာပေပညာရှင် ဆရာကြီး ဒေါက်တာမင်းတင်မွန်၊ ဆရာကြီး ဒေါက်တာတိုးလှ၊ ဆရာကြီး ဦးညွန့်ဆွေ (မောင်ဆွေသက်)၊ ဆရာကြီး ဦးသန်းဆွေ(မောင်သန်းဆွေ-ထားဝယ်)၊ ဆရာကြီး ဒေါက်တာကျော်ဝင်း(သမိုင်း)နှင့် ဆရာကြီး ဦးညွန့်တင် (မောင်ငြိမ်းသူ- ကြို့ပင်ကောက်) တို့ကို ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရှင်များအဖြစ် ရွေးချယ်ချီးမြှင့်ခဲ့သည်။

ခေတ်တစ်ခေတ်တွင် ပေါ်ပေါက်ခဲ့သည့် စာပေများသည် ထိုခေတ်ကို ရောင်ပြန်ဟပ်လျက်ရှိသည်။ ခေတ်တစ်ခေတ်၏ အဆိုး၊ အကောင်း၊ အကျိုး၊ အကြောင်းတို့ကို စာအုပ်စာတမ်းများမှ သိခွင့်ရကြသည်။ စာပေသည် ခေတ်တစ်ခေတ်၏ မှတ်တမ်းမှတ်ရာများဖြစ်သည်။ စာပေမှ ဗဟုသုတ၊ ခံစားချက်၊ သင်ခန်းစာ၊ စိတ်ဓာတ်ခွန်အား အမျိုးမျိုးရရှိသည်။ ဤသို့ နိုင်ငံနှင့်လူမျိုးကို အကျိုးများတိုးပွားအောင် ဖော်ဆောင်ခဲ့ကြသည့် စာဆိုတော်ကြီးများ၊ စာပေပညာရှင်ကြီးများကို ဂုဏ်ပြုကော်ရော်ပူဇော်ကြရမည်ဖြစ်သည်။ ထိုကောင်းသော အစဉ်အလာကို အစဉ်အဆက် ဆက်လက်သယ်ဆောင်သွားရင်းပို၍ ကောင်းသည်ထက်ကောင်းအောင် အရောင်တင်ကြရမည်မှာ နောင်းလူတို့၏ တာဝန်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်၏ စာပေဆုများဟု တွင်ခဲ့လေသော စာပေဗိမာန်ဆု (၁၉၄၈-၁၉၆၁)၊ အနုပညာဆိုင်ရာဆု (၁၉၆၂-၁၉၆၄)တို့ကို ဆက်လက်ထိန်းသိမ်းလာခဲ့ရာ ယနေ့အထင်အရှားရှိနေသည့် 'အမျိုးသားစာပေဆု'၊ **'အမျိုးသားစာပေတစ်သက်တာဆု'** ဟူ၍ စိန်ရတုတိုင်အောင် စာပေဂုဏ်ရောင် ထွန်းတောက်လျက်ရှိပါကြောင်း။ ။

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြုအားကစားအဖွဲ့အား ငွေကျပ် ၂၆၈ ဒသမ ၇၅၂ သန်း ထောက်ပံ့ပေးအပ်

ပဲခူး နိုဝင်ဘာ ၂၈

ပဲခူးမြို့ မြို့တော်ခန်းမ၌ ယမန်နေ့နံနက်ပိုင်းက ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြုအားကစားအဖွဲ့အား ထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အားကစားသမားမောင်မယ်များ အနေဖြင့် မိမိတို့ယှဉ်ပြိုင်ရမည့် အားကစားနည်း အလိုက်အောင်နိုင်လိုစိတ်များပြင်းပြနေရန်လိုအပ်ပြီး ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာ ကာ အားကစားသမားကောင်းပီသစွာ ပြုမူနေထိုင် သွားရန်နှင့် အနိုင်မခံ အရှုံးမပေးသည့်စိတ်ဓာတ်ဖြင့် ပြိုင်ပွဲတိုင်းတွင် အနိုင်ရရှိနိုင်ရေး ယှဉ်ပြိုင်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးလက်ရွေးစင် အားကစားသမားအဆင့်မှ နိုင်ငံ့ဂုဏ်ဆောင် မျိုးဆက်သစ်အားကစားသမားများ ဖြစ်လာစေရေး အစွမ်းကုန်ကြိုးစားသွားကြရန်နှင့် အားကစားနည်း အလိုက် အောင်မြင်မှုရရှိခဲ့ပါက ထိုက်တန်စွာ ဂုဏ်ပြု ချီးမြှင့်ပေးမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြား သည်။ ယင်းနောက် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု အားကစားအဖွဲ့အား အောင်နိုင်ရေးအလံနှင့် ထောက်ပံ့ငွေကျပ် ၂၆၈ ဒသမ ၇၅၂ သန်း ထောက်ပံ့ ပေးအပ်ခဲ့ရာ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီးနှင့် တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီး ဌာန ညွှန်ကြားရေးမှူးတို့က လက်ခံရယူသည်။

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစား ပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ပဲခူးတိုင်း ဒေသကြီးက အားကစားနည်း ၂၄ မျိုးတွင် အားကစား သမား ၅၇၆ ဦးအား နည်းပြ/အုပ်ချုပ်သူ ၁၂၀ ဖြင့် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





# ကြံခင်းမြို့၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အခမ်းအနား ကျင်းပ

ကြံခင်း နိုဝင်ဘာ ၂၈

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့၌ စာကြည့် တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင် ရေးပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက် တန်းကျောင်း(ချင်းမြောင်)၌ ကျင်းပသည်။

ဦးစွာ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်မုခ်ဦးကို ဧရာဝတီ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဒေါ်ယဉ်ဆွေဝင်း၊ ခရိုင်စီမံအုပ်ချုပ် ရေးအဖွဲ့ အဖွဲ့ဝင် (၁) ဒုတိယဗိုလ်မှူးကြီး နေသူအောင် နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းလှိုင် တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ဘင်ခရာ အဖွဲ့၊ ပန်းဖွားအကနှင့် ဝါးညှပ်အကအဖွဲ့တို့၏ ဧည့်ခံ ဖျော်ဖြေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် အခမ်းအနားဒုတိယပိုင်းကို ပညာ ရတနာခန်းမ၌ ကျင်းပရာ လူမှုရေးရာဝန်ကြီးက အမှာစကားပြောကြားသည်။ ထို့နောက် "နိုင်ငံအကျိုး အတွက် မျှော်မှန်းရည် ခိုင်မာတိုးတက်စေရမည်" ဗီဒီယိုကလစ်အား ပြသပြီး မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းလှိုင်က စာကြည့်တိုက်များ ဖွံ့ဖြိုး တိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အထိမ်းအမှတ် အမှတ်တရလက်ဆောင်အား လူမှု ရေးရာဝန်ကြီးထံ ပေးအပ်သည်။ ယင်းနောက် လူမှု ရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ပွဲတော်အတွင်း ခင်းကျင်းပြသထားသည့် ဌာနဆိုင်ရာပြခန်းများ၊ စာအုပ်အရောင်းဆိုင်များ၊ ကာယ၊ ဉာဏပြိုင်ပွဲ များကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**

# ဆန်ပို့ကုန်လုပ်ငန်းရှင်များ၏ ပူးပေါင်းမှုဖြင့် ဆောင်ရွက်ထားရှိသည့် ပို့ကုန်အခြေပြု အရန်ဆန်စနစ်တွင် ဆန်အိတ်ရေ ရှစ်သိန်းခန့်ထားရှိ

ရန်ကုန် နိုဝင်ဘာ ၂၈

ဆန်စပါးစင်တာတွင် ရှိသည့် Exporter များ၏ ပူးပေါင်းမှုဖြင့် ဆောင်ရွက်ထားရှိသည့် ပို့ကုန် အခြေပြု အရန်ဆန်စနစ်တွင် ဆန်အိတ်ရေ ရှစ်သိန်းခန့် ရှိကြောင်း နိုဝင်ဘာ ၂၇ ရက် တွင် မြန်မာနိုင်ငံ ဆန်စပါး အသင်းချုပ် က ပြုလုပ်သည့် သတင်းစာ ရှင်းလင်းပွဲတွင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြော သည်။

ဧည့်မထ ၁၅ မှတ် အမျိုးအစား ကို အဓိကထားတင်ပို့ရန် ဆန်ရည် ဆန်သားလည်း ကောင်းမွန်ပြီး သင့်တင့်မျှတကြောင်း သိရ သည်။

"နိုင်ငံတော် အရန်ဆန်လို ပို့ကုန်အခြေပြု အရန်ဆန်စနစ် ဆိုပြီး လုပ်ထားပါတယ်။ ပို့ကုန် အခြေပြုဆိုတာ ပို့ကုန်လုပ်ငန်းရှင် တွေရဲ့ပါဝင်မှု၊ Exporter တွေရဲ့ ပါဝင်မှုနဲ့ဆောင်ရွက်ထားပါတယ်။ အဲဒီတော့ Export တစ်တန်ပို့တိုင်း ပို့တိုင်းမှာ ဆန် တစ်အိတ်၊ ဒါက တော့ ဆန်စပါးစင်တာမှာရှိတဲ့ Exporter တွေရဲ့ ပူးပေါင်းမှုနဲ့ ဆောင်ရွက်ထားပါတယ်။ အဲဒီအစီ အစဉ်က ဆန်အိတ် ရှစ်သိန်း လောက်ရှိပါတယ်။ ဧည့်မထကိုပဲ အဓိကထားတယ်။ ဧည့်မထ ၁၅ မှတ်အဆင့်။ ဧည့်မထမှာ အုပ်စုနဲ့ ရှိတယ်။ ပြည်တွင်းမှာတော့ အခြေခံပြည်သူတွေ စားလို့ ရပါတယ်။ ၁၅ မှတ်အဆင့် ဖြစ်တဲ့အတွက် ဆန်ရည် ဆန်သားလည်း ကောင်းပါတယ်။ သင့်တင့်မျှတပါတယ်" ဟု ပြော သည်။

ယင်းကဲ့သို့ ဆန်အိတ် ရှစ်သိန်း ရှိသည့်အတွက် လိုအပ်ချက်ရှိပါက ပရဟိတ အသင်းအဖွဲ့ဖြစ်စေ၊ လူမှုရေး အသင်းအဖွဲ့များဖြစ်စေ၊ စက်ရုံအလုပ်ရုံများမှ ဖြစ်စေ လိုအပ်ချက်ရှိပါက ရောင်းပေး မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ပို့ကုန်အခြေပြု အရန်ဆန်စနစ်အပြင် လက်ရှိ တွင်လည်း ရွှေဘိုပေါ်ဆန်းနှင့် ဧရာဝတီပေါ်ဆန်းတို့ကိုလည်း အိမ်အရောက်ပို့ စနစ်ဖြင့် ရောင်းချပေးကြောင်း သိရ သည်။

"ကျွန်တော်တို့ ဆန်ဖြန့်ဖြူး ရောင်းချတာကလည်း အမှန် တကယ်တော့ ဆန်စပါးအသင်း ချုပ်က စီးပွားရေးလုပ်တဲ့ အဖွဲ့ အစည်းတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ လက်ရှိအခြေအနေအရ ဈေးကွက် လိုအပ်ချက်ကြောင့် အထူးသဖြင့် စက်မှုဇုန်တွေ၊ ကုမ္ပဏီတွေရဲ့ ဝန်ထမ်းတွေ၊ စက်ရုံအလုပ်ရုံတွေရဲ့ ဝန်ထမ်း တွေ၊ အခြေခံပြည်သူတွေရဲ့ လိုအပ်ချက်တွေရှိလာရင် ဒီအရန် ဆန်ထဲကနေ ထုတ်ပြီးတော့ ရောင်းပေးမှာပါ"ဟု ဦးရဲမင်း အောင်က ပြောသည်။



မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်။

**MT**

# ပေါင်မြို့နယ်၌ နွေစပါးစိုက်ပျိုးရေပေးဝေရေးဆိုင်ရာ ဆွေးနွေး

ပေါင် နိုဝင်ဘာ ၂၈

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ကတိုက်ရေလှောင်တမံဆည်ရေသောက်စနစ် (၂၀၂၄-၂၀၂၅) ခုနှစ် နွေစပါးစိုက်ပျိုးရေပေးဝေရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၁ နာရီက ဖြူဘကျေးရွာ တောင်သူအသိပညာပေးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင်က အမှာစကားပြောကြားသည်။ ဆက်လက်၍ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး (၆) မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်အောင်ဗိုလ်က ဆည်ရေညီညွတ်မျှတစွာရရှိရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ကတိုက်ရေလှောင်တမံတွင် ရေသိုလှောင်ပမာဏ ဧကပေ ၅၇၂၃၀ သိုလှောင်ထားပြီး နွေစပါးဧရိယာ ဧက ၁၆၅၀၀ ကို ဒီဇင်ဘာ ၁ ရက်မှစတင်၍ စိုက်ပျိုးရေပေးဝေနိုင်ရန် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး (၆) သထုံမြို့က စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**မွန်မလေး(ပြန်/ဆက်)**

# နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် နိုဝင်ဘာ ၂၈

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးရွာနိုင်သည်။

**မိုး/ဇလ**

# လက်ဘနွန်နိုင်ငံ၌ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရရှိပြီးနောက် ဒေသခံပြည်သူများ နေရပ်သို့ပြန်လာ

**ဘေရွတ် နိုဝင်ဘာ ၂၈**

လက်ဘနွန်နိုင်ငံ၌ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကြောင့် အစ္စရေးတပ်ဖွဲ့နှင့် ဟစ်ဇ်ဘိုလာအဖွဲ့တို့အကြား တိုက်ပွဲများ ရပ်တန့်ခဲ့သည့်အတွက် ရွှေ့ပြောင်းဒုက္ခသည် အများအပြား နေရပ်သို့ ပြန်လာလျက်ရှိကြောင်း သိရသည်။

အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရရှိပြီးနောက် ဘေရွတ်မြို့တော်၌ ပြည်သူများသည် လမ်းမများပေါ်တွင် ဟစ်ဇ်ဘိုလာအလံများကို ဝှေ့ယမ်းပြီး သဘောတူညီချက်ကို ကြိုဆိုခဲ့ကြသည်။

လက်ဘနွန်နှင့် အစ္စရေးအစိုးရတို့ကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို အမေရိကန်နိုင်ငံက ကြားဝင်စေ့စပ်ခဲ့ကြောင်း သိရသည်။

လက်ဘနွန် တပ်ဖွဲ့ဝင်များသည် ရက် ၆၀ အတွင်း လက်ဘနွန်တောင်ပိုင်းသို့ တပ်ဖြန့်ရန် စီစဉ်လျက်ရှိသည်။ အဆိုပါ နေရာသည် ဟစ်ဇ်ဘိုလာအဖွဲ့၏ အမာခံနယ်မြေဖြစ်သည်။ ဟစ်ဇ်ဘိုလာအဖွဲ့သည် အစ္စရေးနှင့် လက်ဘနွန်နယ်စပ်မှ ကီလိုမီတာ ၃၀ ခန့်အကွာ လစ်တာနီမြစ်၏ မြောက်ဘက်သို့ ဆုတ်ခွာသွားမည်ဖြစ်ပြီး အစ္စရေးတပ်ဖွဲ့များသည်လည်း ယင်းဒေသမှ တဖြည်းဖြည်း ဆုတ်ခွာသွားမည် ဖြစ်ကြောင်း သိရသည်။

သို့သော် အရှေ့အလယ်ပိုင်းရှိ အခြားနေရာများတွင် အပစ်အခတ်ရပ်စဲရေးရရှိရန် ခက်ခဲလျက်ရှိနေဆဲဖြစ်သည်။ ဂါဇာကမ်းမြောင်ဒေသကို အစ္စရေးတပ်ဖွဲ့က ထိုးစစ်ဆင် ဆက်လက်တိုက်ခိုက်လျက်ရှိသည်။

ဟားမတ်စ်သည် ဂါဇာကမ်းမြောင်ဒေသ၌ အပစ်အခတ်ရပ်စဲရေးရရှိရန် မည်သည့်အဖွဲ့နှင့်မဆို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အစ္စရေးတပ်ဖွဲ့များ ဆုတ်ခွာရန် တောင်းဆိုသည့် ထုတ်ပြန်ချက်တစ်ရပ်ကို ကြေညာခဲ့ကြောင်း သိရသည်။



သို့သော် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ဟားမတ်စ်အဖွဲ့ကို အမြစ်ပြတ် ချေမှုန်းသွားမည်ဖြစ်ကြောင်း မကြာသေးမီက ကတိပြု ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**



# လာအိုနိုင်ငံအတွင်းသို့ ယခုနှစ်ပထမ ၁၀ လအတွင်း ပြည်ပခရီးသွား ၃ ဒသမ ၃ သန်း ဝင်ရောက်

**ဗီယင်ကျန်း နိုဝင်ဘာ ၂၈**

လာအိုနိုင်ငံအတွင်းသို့ ယခုနှစ် ပထမ ၁၀ လအတွင်း ပြည်ပခရီးသွား ၃ ဒသမ ၃ သန်း ဝင်ရောက်ခဲ့ပြီး ယမန်နှစ် အလားတူကာလကထက် အရေအတွက်အားဖြင့် ၁၉ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း နိုဝင်ဘာ ၂၈ ရက်တွင် လာအိုနိုင်ငံ ပြန်ကြားရေး၊ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနက ပြောကြားသည်။

ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း ထိုင်း၊ ဗီယက်နမ်နှင့်တရုတ်နိုင်ငံမှ ခရီးသွားများ လာအိုနိုင်ငံအတွင်းသို့ အများဆုံးလာရောက်ခဲ့ကြောင်း ၎င်းဝန်ကြီးဌာနက ထပ်လောင်းပြောကြားသည်။

၂၀၂၄ ခုနှစ်တွင် ကျရောက်သည့် လာအိုခရီးသွားနှစ်အတွင်း လာအိုအစိုးရသည် ပြည်ပနိုင်ငံအများအပြားမှ ခရီးသွားများကို ပြည်ဝင်ခွင့်ဗီဇာ ကင်းလွတ်ခွင့်ပြုခဲ့ပြီး နိုင်ငံအတွင်းသို့ လာရောက်ရန် ဆွဲဆောင်ခဲ့သည်။ ၂၀၂၄ ခုနှစ် လာအိုခရီးသွားနှစ်ဆိုင်ရာ ကြိုးပမ်းမှုအဖြစ် ခရီးသွားလုပ်ငန်းတာဝန်ရှိသူများသည် ဟိုတယ်များ၊ တည်းခိုရိပ်သာများ၊ စားသောက်ဆိုင်များအပါအဝင် ခရီးသွားနေရာများကို အဆင့်မြှင့်တင်ခဲ့ကြောင်း သိရသည်။

လာအိုအစိုးရအနေဖြင့် ၂၀၂၅ ခုနှစ်အတွင်း ခရီးသွားလုပ်ငန်းကဏ္ဍကို မြှင့်တင်ရာတွင် ကဏ္ဍပေါင်းစုံနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကာ အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်မည်ဟု လာအိုနိုင်ငံ အမျိုးသားလွှတ်တော် အစည်းအဝေးတွင် ဝန်ကြီးချုပ် ဆိုနီဆေးဆီဖန်ဒုံးက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – စိုးသူရ**

# လက်ဘနွန်နိုင်ငံတောင်ပိုင်းသို့ အစ္စရေးတပ်ဖွဲ့က မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်

**ဘေရွတ် နိုဝင်ဘာ ၂၈**

လက်ဘနွန်နိုင်ငံတောင်ပိုင်းသို့ အစ္စရေးတပ်ဖွဲ့များက နိုဝင်ဘာ ၂၈ ရက် နံနက်ပိုင်းတွင် မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်ခဲ့ကြောင်း ဆင်ဟွာသတင်းအရ သိရသည်။

မောင်းသူမဲ့လေယာဉ်ဖြင့် ပစ်ခတ်မှုသည် လက်ဘနွန်နိုင်ငံတောင်ပိုင်းရှိ ဒေသများသို့ သံသယဖြစ်ဖွယ် လူအများအပြား မော်တော်ယာဉ်များဖြင့် ဝင်ရောက်သွားခြင်းကို သတိပေးသည့်အနေဖြင့် ပစ်ခတ်ခြင်းဖြစ်ကြောင်း အစ္စရေးတပ်ဖွဲ့က ထပ်လောင်းပြောကြားသည်။

ယခုအစ္စရေးတပ်ဖွဲ့၏ တိုက်ခိုက်မှုသည် အစ္စရေးတပ်ဖွဲ့နှင့် ဟစ်ဇ်ဘိုလာအဖွဲ့အကြား အပစ်အခတ်ရပ်စဲမှု ယမန်နေ့က စတင်ခဲ့ပြီးနောက် ပထမဆုံးအကြိမ်ဖြစ်သည်။

လက်ဘနွန်တောင်ပိုင်း မက်ကာဗာဒေသသို့ ဝင်ရောက်သွားသည့် မော်တော်ယာဉ်များအား သတိပေးပစ်ခတ်ခြင်းဖြစ်ကာ လူအသေအပျောက်မရှိခဲ့ကြောင်း အစ္စရေးတပ်ဖွဲ့က ပြောကြားသည်။

အစ္စရေးတပ်ဖွဲ့များသည် လက်ဘနွန်နိုင်ငံတောင်ပိုင်းတွင် အပစ်အခတ်ရပ်စဲရေး ချိုးဖောက်နိုင်ဖွယ်ရှိကြောင်းနှင့် ၎င်းတိုက်ခိုက်မှုအတွင်း ဒေသခံနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း လက်ဘနွန်ဘက်မှ ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – စိုးသူရ**



# တရုတ်နိုင်ငံက ပါလက်စတိုင်းကလေးငယ်များအား ဆောင်းရာသီအသုံးအဆောင်ပစ္စည်းများ ပေးအပ်

**ပေကျင်း နိုဝင်ဘာ ၂၈**

တရုတ်နိုင်ငံက ပါလက်စတိုင်းကလေးငယ်များအား ဆောင်းရာသီ အသုံးအဆောင်ပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ပါလက်စတိုင်းနိုင်ငံ အနောက်ဘက်ကမ်းမြောက်ပိုင်း တူဘတ်မြို့ရှိ ဒုက္ခသည်စခန်းနှစ်ခုတွင် အဆိုပါပစ္စည်းများ လှူဒါန်းမှု အခမ်းအနားကို နိုဝင်ဘာ ၂၅ ရက်တွင် ပြုလုပ်ခဲ့ပြီး တရုတ်နိုင်ငံမှ ဆောင်းတွင်းသုံး ပစ္စည်းများကို ပါလက်စတိုင်းကလေးငယ်များထံ ဖြန့်ဝေခဲ့ကြောင်း သိရသည်။



ပါလက်စတိုင်းပြည်သူများ၏ တရားဝင်အမျိုးသားအခွင့်အရေးများပြန်လည်ရရှိရေး၊ ပါလက်စတိုင်းအတွက် တရားမျှတမှုကို အမြဲတမ်းထောက်ခံပြီး ပါလက်စတိုင်းအား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကူအညီများကို အစွမ်းကုန်ပံ့ပိုးပေးလျက်ရှိကြောင်း ပါလက်စတိုင်းနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး ရှန်ကျီစန်းက ပြောကြားသည်။

ပါလက်စတိုင်းကလေးငယ်များအား ဆောင်းရာသီချည်သားအဝတ်များ ပေးအပ်ခြင်းသည် ပါလက်စတိုင်းပြည်သူများနှင့် တရုတ်နိုင်ငံ၏ စည်းလုံးညီညွတ်မှုကို ပြသသည့် နွေးထွေးမှုနှင့် ချစ်ကြည်ရင်းနှီးမှုကို မြင်သာထင်သာဖြစ်စေကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – အောင်ကျော်ကျော်**

# ဂျပန်နိုင်ငံ၏ SoftBank Group က OpenAI တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ ရင်းနှီးမြှုပ်နှံမည်

**တိုကျို နိုဝင်ဘာ ၂၈**

ဂျပန်နိုင်ငံ၏ SoftBank Group သည် ChatGPT ၏ အမေရိကန်အခြေစိုက် OpenAI တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း သိရသည်။

ယခုလအစောပိုင်းတွင် SoftBank Group သည် ၎င်း၏ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေမှတစ်ဆင့် OpenAI တွင် အမေရိကန်ဒေါ်လာသန်း ၅၀၀ ရင်းနှီးမြှုပ်နှံခဲ့ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

OpenAI သည် ၎င်း၏ လက်ရှိဝန်ထမ်းများနှင့် ယခင်ဝန်ထမ်းများ၏ ရှယ်ယာများကို SoftBank ထံ ရောင်းချခွင့်ပြုထားကြောင်းလည်း ဒေသတွင်းမီဒီယာများက သတင်းဖော်ပြသည်။

**ဆက်ဆံရေးခိုင်မြဲစေရန် မျှော်လင့်**

SoftBank သည် မျိုးဆက်သစ် AI လုပ်ငန်းကို အာရုံစိုက်နေပြီး ပိုမိုကြီးမားသော အစုရှယ်ယာများကို ရယူခြင်းဖြင့် နည်းပညာကဏ္ဍ၏ ဦးဆောင်ကုမ္ပဏီဖြစ်သည့် OpenAI နှင့် ဆက်ဆံရေးကို ခိုင်မြဲစေရန် မျှော်လင့်ထားကြောင်း လေ့လာသူများက သုံးသပ်ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ယာဉ်အပိုပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်နှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၂၈

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

နိုဝင်ဘာ ၂၆ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရဲသာ ယာယီယာဉ်စစ်ကွင်း၌ ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့်လုပ်ငန်းသုံးပစ္စည်း ကိုးမျိုး၊ လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၃၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Condor Truck တစ်စီး၊ Nissan Diesel Truck တစ်စီးနှင့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ထီလုံ-ဘားအံလမ်း၊ လှိုင်းဘွဲ့လမ်းဆုံအနီး၌ ယာဉ်ငါးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ယာဉ်အပိုပစ္စည်း ၁၀ မျိုး၊ လုပ်ငန်းသုံးပစ္စည်း ခုနစ်မျိုး၊ လူသုံးကုန်ပစ္စည်းသုံးမျိုး၊ စားသောက်ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၇၁၉၅၇၅၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck သုံးစီး၊ Mitsubishi Fuso Truck တစ်စီးနှင့် Hino Ranger Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၅၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၂၅၃၅၇၅၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရေဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဟသ်္သာတခရိုင်၊ မအူပင်ခရိုင်နှင့် မြောင်းမြခရိုင်တို့အတွင်း၌ လိုင်စင်မဲ့ဆိုင်ကယ်ခြောက်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၇၀၀၀၀၀) ကို ပို့ကုန်၊ သွင်းကုန်ဥပဒေအရလည်းကောင်း၊ ပုသိမ်ခရိုင် ငပုတောမြို့နယ် တမန်ချောင်းကျေးရွာ၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၆၆၀၀)ကို ယစ်မျိုးဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၈၅၆၆၀၀ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တနင်္သာရီမြို့နယ် ချောင်းငယ်ရပ်ကွက်၌ လိုင်စင်မဲ့ Toyota Mark-X ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၀၀၀၀၀၀)နှင့် တနင်္သာရီတံတားစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Wish ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၅၀၀၀၀၀)ကို ပို့ကုန်၊ သွင်းကုန်ဥပဒေအရလည်းကောင်း၊ ထားဝယ်မြို့ ဝဲကျွန်းထိန်သစ်ရပ်ကွက် အမှတ် (၆၃၂) ၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၈၆၀၀၀)ကို ယစ်မျိုးဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၇၈၆၀၀၀ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုဝင်ဘာ ၂၇ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးနှင့် ဘားအံမြို့မှ ပုသိမ်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း နှစ်မျိုးနှင့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၂၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် King Long Bus တစ်စီးနှင့် Asia Star Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရွာသာကြီး Dry Port ၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးနှင့် ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ယာဉ်အပိုပစ္စည်းတစ်မျိုးနှင့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၂၅၀၀၀၀)၊ အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hino Profia Truck တစ်စီးနှင့် Cheng Long Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀၀၀)ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ လေးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၄၀၃၆၅၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၉၁၇၃၆၅၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ကရင်ပြည်နယ်၌ သိမ်းဆည်းရမိမှု။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံစစ်ဆေးရေးစခန်း၌ တောင်ကြီးမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၆၇၄၅၉၂)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၀၀၀၀၀၀)ကိုလည်းကောင်း၊ မြစ်ငယ်စစ်ဆေးရေးစခန်း၌ တောင်ငူမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသောယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး၊ ယာဉ်အပိုပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၂၁၂၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရတနာပုံတံတား(မန္တလေး) စစ်ဆေးရေးစခန်း၌ မန္တလေးမြို့မှ မြစ်ကြီးနားမြို့သို့ သွားရောက်မည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၂၉၈၈၉၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ကျောက်ဆည်မြို့ မြို့ရှောင်လမ်းအနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၆၆၆၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၁၈၅၁၉၉၂ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်လေးပင်ခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၀၃၄ တန်နှင့် အခြားသစ် သုည ဒသမ ၄၂၀ တန် (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၇၅၆၈) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ၇၄ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၅၄၁၇၁၅၆၀) ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာ ယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေပါသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၉-၁၁-၂၀၂၄ သောကြာနေ့

### MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော် (အာဋာနာဋိယသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ ဘောဂဗေဒနှစ်တစ်ရာ တွဲလက်ညီညီရှေ့ဆက်မည်
- ၀၉:၁၅ ယှဉ်ပြိုင်နွဲပျော် အမျိုးသားအားကစားပွဲတော်
- ၀၉:၃၅ Soccer View
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ မြစ်ကျဉ်းသုံးသွယ်အသွင်သစ်(တောင်) (အပိုင်း-၃)
- ၁၁:၂၅ လူမှုစီးပွားသတင်းများ
- ၁၃:၃၀ MRTV National News
- ၁၄:၀၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'ယုံကြည်ရာလမ်း'** (အပိုင်း-၃၁)
- ၁၅:၁၀ မျိုးဝက်တင့်စေဆိုကရေးတီးအဖွဲ့
- ၁၅:၂၀ လူငယ်ရေးရာအစီအစဉ်
- ၁၆:၄၅ မြန်မာနိုင်ငံစီးပွားရေးပညာ နှစ်(၁၀၀)ကျပြည့် အထိမ်းအမှတ် ဆရာကြီး ဒေါက်တာစန်းလွင်နှင့် တွေ့ဆုံမေးမြန်းခြင်း
- ၁၇:၂၅ Weekly Sports Info
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၀ မြစ်ကျဉ်းသုံးသွယ်အသွင်သစ်(လူ)(အပိုင်း-၄)
- ၁၉:၁၅ မြန်မာဇာတ်လမ်းတွဲ **'လျှို့ဝှက်အချစ်ရဲ့ဂတ်စားကွက်'** (အပိုင်း-၂၉)(ဇာတ်သိမ်းပိုင်း)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ 'စီးပွားရေးပညာ နှစ်တစ်ရာ' ဂုဏ်ပြုတေးဂီတ ဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်
- ၂၂:၁၅ ရုပ်မြင်သံကြားဇာတ်လမ်း

### mitv

- 07:01 Evergreen Classic: Aseinnaya (Takkatho Lae Lae)
- 07:10 Oboist and His Life
- 07:32 Home for the Beautiful Star Tortoises
- 07:48 Myanmar-Korea Song (5)
- 08:01 News
- 08:26 Asia Updates; A Chirping Contest
- 08:32 Tour Around in Myeik Archipelago (Epi-1) Baliey and Smart Islands
- 08:48 Skilled Performance of Traditional Myanmar Colored Glass Ball (Ep-5)
- 09:01 Listening Pleasure, Instrumental Music (Myanmar Harp) Tint Tint Tal Tal
- 09:11 Nga Laik Sakhanthar Elephant Camp
- 09:27 Lets Serve in the Military by Upholding Partriotism and Nationalism
- 09:32 International Art Collector Artist Tin Win (Beikthano)
- 10:01 News

### MRTV NRC

**ဝ (၀၆:၀၀ မှ ၀၈:၀၀)**
ဒွိဟားဆန့်ပြုတ်ချက်နည်း

**ကချင် (၀၈:၀၀ မှ ၁၀:၀၀)**
စီးပွားဖြစ်တဲ့ငှက်ပျောခင်း

**ကယား (၁၀:၀၀ မှ ၁၂:၀၀)**
ကယားဘာသာစကားပြောကြရအောင်(အပိုင်း-၁၁)

**စကောကရင် (၁၂:၀၀ မှ ၁၃:၀၀)**
မိသားစုဝင်ငွေတိုးစေဖို့ ငါးခူမွေးကြစို့

**အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀)**
လူသားအားလုံးကျန်းမာဖို့ နဂါးမောက်သီးစားကြပါစို့

**အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀)**
အစာအိမ်ရောဂါအကြောင်းသိကောင်းစရာ

**ချင်း(လိုင်ဇို) (၁၅:၀၀ မှ ၁၆:၀၀)**
ကျန်းမာရေးအတွက်ကောင်းကျိုးများသည့် မဟာကာကြံဆစ်

**ချင်း(ချိုး) (၁၆:၀၀ မှ ၁၇:၀၀)**
ချင်းအမျိုးသမီးများ ပါးရဲထိုးခြင်းဓလေ့

**မွန် (၁၇:၀၀ မှ ၁၉:၀၀)**
ဟော်လပြိုင်မုန့်ဟင်းခါး

**ရခိုင် (၁၉:၀၀ မှ ၂၁:၀၀)**
အမှောင်ကမ္ဘာထဲမှစွမ်းအားရှင်လေများ

**ရှမ်း (၂၁:၀၀ မှ ၂၃:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၄)

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၀၉:၄၅ ရသစုံစွာ ဤမြေကမ္ဘာ
- ၁၀:၄၅ Soccer View
- ၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ (အစ္စရေးနိုင်ငံ)
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'အလည်လွန် အလွယ်လုပ် အလွဲဖြစ်'**
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ (ဆွစ်ဇာလန်နိုင်ငံ)
- ၁၀:၃၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ)(အပိုင်း-၁)
- ၁၁:၀၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၆၆)

### MRTV FARMERS' / HTV Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၁၀ အားမာန်ဝင့်ချီဒေသဖွံ့ဖြိုးရေးသုတေသနပွဲ့ဖြိုးရေးဆီသို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၃၅ Gardeners' World -2022
- ၁၉:၂၀ Rose Tour
- ၁၉:၄၅ International Music Hits
- ၂၀:၀၀ ကျားလန်မမိုး၊ တာတေတိုး(ဇာတ်လမ်း)
- ၂၂:၀၀ Hidden Figures 2016 (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS / HTV Sports

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ အမျိုးသားအားကစားပွဲတော် အစီအစဉ်
- ၀၆:၄၅ Sports Diary
- ၀၇:၄၀ Soccer View
- ၁၇:၀၀ အားကစားသတင်း
- ၁၈:၄၅ E Sports

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# မြန်အောင်မြို့၌ အရှိုချင်းရိုးရာကောက်သစ်စားပွဲတော်နှင့် သက်ကြီးဘိုးဘွား ပူဇော်ကန်တော့ပွဲကျင်းပ

**ပုသိမ် နိုဝင်ဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများသည် ယနေ့တွင် မြန်အောင်မြို့ အောင်ဇေယျအားကစားခန်းမ၌ ဧရာဝတီတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးဌာနနှင့် ချင်းအမျိုးသားစာပေနှင့် ယဉ်ကျေးမှုအသင်းတို့က ကြီးမှူးကျင်းပသော အရှိုချင်းရိုးရာကောက်သစ်စားပွဲတော်နှင့် သက်ကြီးဘိုးဘွား ပူဇော်ကန်တော့ပွဲ အခမ်းအနားကို တက်ရောက်ကြသည်။

ဦးစွာ သဘာပတိကြီးများက မင်္ဂလာမောင်းသုံးချက်တီး၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ချင်းရိုးရာပဆန်းဆရာက ရိုးရာမပျက် ရွှတ်ဖတ်ပဆန်းဖွယ်ခြင်းကို ဆောင်ရွက်ခဲ့ပြီး သဘာပတိကြီးက သဘာပတိမိန့်ခွန်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က နှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။



ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး ချင်းအမျိုးသားစာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌက အရှိုချင်းကောက်သစ်စားပွဲတော် ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြပြီး ဧရာဝတီတိုင်းဒေသကြီး ချင်းအမျိုးသားစာပေနှင့် ယဉ်ကျေးမှုအသင်း အတွင်းရေးမှူးက ကျေးဇူးတင်စကား ပြောကြားသည်။

**ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်**

ယင်းနောက် သက်ကြီးဘိုးဘွားများအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီးတို့က ကန်တော့ငွေများ ပေးအပ်ခဲ့ပြီး ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက ဧရာဝတီတိုင်းဒေသကြီး ချင်းအမျိုးသားစာပေနှင့် ယဉ်ကျေးမှုအသင်းမှ ချင်းရိုးရာဝါးညှပ်အက၊ ယိမ်းအကများဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးတို့က ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက်အရှိုချင်းရိုးရာကောက်သစ်စားပွဲတော် မိတ်ဆုံစားပွဲကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများက ဒေသခံ ချင်းတိုင်းရင်းသားများနှင့် အတူ ချစ်ကြည်ရင်းနှီးစွာဖြင့် နေ့လယ်စာ အတူတကွ သုံးဆောင်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် တိုင်းဒေသကြီး／ပြည်နယ်ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင် အားကစားသမားများအား နေ့လယ်စာ ကျွေးမွေးဧည့်ခံနေမှုများ သွားရောက်ကြည့်ရှု

**နေပြည်တော် နိုဝင်ဘာ ၂၈**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေး၊ တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ တည်းခိုရေးစခန်းသို့ သွားရောက်ကာ အမျိုးသားအားကစားပွဲတော်တွင် ပြိုင်ပွဲဝင်ရန် ရောက်ရှိတည်းခိုနေထိုင်သည့် တိုင်းဒေသကြီး၊ ပြည်နယ် ကိုယ်စားပြု ပြိုင်ပွဲဝင် အားကစားသမားများ၊ အုပ်ချုပ်သူများ၊ နည်းပြများနှင့် အမျိုးသား အားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် ဖျော်ဖြေတင်ဆက်မည့် ကျောင်းသား ကျောင်းသူများနှင့် အုပ်ချုပ်သူများအား နေ့လယ်စာ ကျွေးမွေး ဧည့်ခံနေမှုများကို သွားရောက်ကြည့်ရှုသည်။



ဦးစွာ ဒုတိယဝန်ကြီးသည် ပြိုင်ပွဲဝင် အားကစားသမားများ၊ အုပ်ချုပ်သူများနှင့် နည်းပြများ အတွက် ပြင်ဆင်ထားသည့် စားရိပ်သာသို့ သွားရောက်ကာ ဧည့်ခံကျွေးမွေးမည့် ထမင်းနှင့် ဟင်းလျာများ ကောင်းမွန်မှုရှိစေရေး မှာကြားပြီး ပြိုင်ပွဲဝင် အားကစားသမားများ၊ အုပ်ချုပ်သူများနှင့် နည်းပြများ နေ့လယ်စာ စားသုံးနေမှုများကို လှည့်လည်ကြည့်ရှု၍ ရင်းရင်းနှီးနှီး နှုတ်ဆက် အားပေးစကား ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ချက်ပြုတ်ရေး အဆောင်သို့ သွားရောက်၍ စားရိပ်သာများနှင့် ချက်ပြုတ်ရေး အဆောင်များ သန့်ရှင်းရေး ဆောင်ရွက်ထားမှု အခြေအနေများကို လှည့်လည်ကြည့်ရှုပြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ သတ်မှတ်ချက်များနှင့်အညီပြင်ဆင် ချက်ပြုတ်ရန်၊ ချက်ပြုတ်ရေးအဖွဲ့များကို သန့်ရှင်းသပ်ရပ်စွာ ဝတ်စားဆင်ယင်၍ တစ်ကိုယ်ရေသန့်ရှင်းမှုရှိအောင် ကြပ်မတ်ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ကျန်းမာရေး ဆပ်ကော်မတီက ဖွင့်လှစ်ထားသည့်ဆေးခန်းများ၊ ဆပ်ကော်မတီ ရုံးခန်းနေရာများ၊ သန့်စင်ခန်းများအား ပိုးမွှားများကင်းစင်စေရန် ပိုးသတ်ဆေးဖျန်းနေမှု အခြေအနေများ၊ တည်းခိုရေးစခန်း အတွင်း အသုံးပြုမည့်ရေများ သန့်ရှင်းမှုရှိစေရန် ရေသန့်စင်စက်ကြီးဖြင့် ရေသန့်စင်နေမှု အခြေအနေများ၊ အုပ်ချုပ်ရေးအဖွဲ့များအား နေရာချထားသည့်အိပ်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**သတင်းစဉ်**

# အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သတင်းမီဒီယာသမားများ၏ အိန္ဒိယနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်သို့ မြန်မာသတင်းမီဒီယာသမားများ ပူးပေါင်းပါဝင်

**နယူးဒေလီ နိုဝင်ဘာ ၂၈**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့နှင့် မွမ်ဘိုင်းမြို့တို့၌ ကျင်းပမည့် အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ သတင်းမီဒီယာ သမားများ၏ ချစ်ကြည်ရေးခရီးစဉ်(၂၀၁၈-၂၀၂၄) သို့ မြန်မာသတင်းမီဒီယာသမားများ ပါဝင်တက်ရောက်သည်။

**ရှင်းလင်းပြောကြား**

အဆိုပါခရီးစဉ်ကို နိုဝင်ဘာ ၂၈ ရက်မှ ဒီဇင်ဘာ ၃ ရက်အထိ ကျင်းပရန်စီစဉ်ထားသည်။ ယနေ့တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သတင်းမီဒီယာသမားများအား အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများက တွေ့ဆုံ၍ အာဆီယံနှင့်အိန္ဒိယနိုင်ငံတို့အကြား စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ကဏ္ဍများတွင် ရင်းရင်းနှီးနှီး ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်း ပြောကြားသည်။ သတင်းမီဒီယာ သမားများ၏ မေးမြန်းမှုများကိုလည်း တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။



ထို့နောက် မီဒီယာအဖွဲ့သည် အိန္ဒိယနိုင်ငံရှိ သတင်းဌာနများ အတွက် သတင်းမီဒီယာလှုပ်ရှားမှုများ ဝန်ဆောင်မှုပေးလျက်ရှိသည့် Asian News International (ANI) အာရှသတင်း အင်တာနေရှင်နယ် အိန္ဒိယသတင်းအေဂျင်စီသို့ သွားရောက်လေ့လာကြသည်။ ANI သတင်းအေဂျင်စီကို ၁၉၇၁ ခုနှစ်တွင် စတင်တည်ထောင်ပြီး အိန္ဒိယနိုင်ငံတွင် ဗီဒီယိုသတင်းများကို သတင်းဌာနများသို့ ပထမဆုံးပေးပို့နိုင်ခဲ့သည့် သတင်းအေဂျင်စီဖြစ်ပြီး ယခုအခါ အိန္ဒိယနိုင်ငံ၏ အကြီးမားဆုံး ရုပ်သံသတင်းအေဂျင်စီအဖြစ် ရပ်တည်လျက်ရှိသည်။

**သွားရောက်လေ့လာ**

ဆက်လက်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ မီဒီယာအဖွဲ့သည် နယူးဒေလီမြို့၌ အိန္ဒိယနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ အထင်ကရ အနုပညာပြတိုက်ဖြစ်သည့် National Gallery of Modern Art (NGMA)သို့ သွားရောက်လေ့လာကြသည်။

ထို့ပြင် ချစ်ကြည်ရေးခရီးစဉ်အတွင်း အာဆီယံ- အိန္ဒိယ ဂီတပွဲတော်ကိုလည်း ကျင်းပသွားရန် စီစဉ်ထားသည်။ အဆိုပါဂီတပွဲတော်ကို မြန်မာနိုင်ငံမှ ဂီတအနုပညာသမားများလည်း ပါဝင်ဆင်နွှဲကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ - အေဝမ်းစိုး**



# မရမ်းကုန်းမြို့နယ်၌ ကာကွယ်ဆေးများထိုးနှံပေး

**မရမ်းကုန်း နိုဝင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား ကျောင်းအခြေပြု DT နှင့် HPV ကာကွယ်ဆေး၊ ဆုံဆို့မေးခိုင်ကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးကို ယနေ့နံနက်ပိုင်းက ထိုးနှံပေးသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံပေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ဦးဆောင်၍ ဆုံဆို့မေးခိုင်ကာကွယ်ဆေး ၄၀ နှင့် သားအိမ်ခေါင်းကာကွယ်ဆေး ၇၀ စုစုပေါင်း ၁၁၀ အား ထိုးနှံပေးခဲ့ပြီး ဆရာ ဆရာမများ၊ မြို့နယ်ကြက်ခြေနီအသင်းခွဲ ဒုတိယဥက္ကဋ္ဌ ဦးကိုကိုထွေးနှင့် အမျိုးသမီးဝန်ထမ်း နှစ်ဦးတို့က ပါဝင်ကူညီကွင်းဆင်းထိုးနှံပေးခဲ့ကြောင်း သိရသည်။

**ဝေယံဦး(ပြန်/ဆက်)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၂၈**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နိုဝင်ဘာ ၂၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Ko Oo" Telegram အကောင့်နှင့် "Ko Oo" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်မှန်ရပ်ကွက်နေ ကျော်မင်းဦး(ခ)ကိုဦးအား မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ "JOHN"TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၁၆)ရပ်ကွက်နေ ထူးမြတ်အောင်အား ညနေ ၄ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# လယ်ဒိုမြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီး၊ ဒရုန်းများဖြင့် တိုက်ခိုက်ခြင်းကြောင့် ပြည်သူခြောက်ဦး ထိခိုက်ဒဏ်ရာရပြီး ပြည်သူတစ်ဦးကို ဖမ်းဆီးသွားကြောင်း သတင်းမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး လယ်ဒိုမြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီး၊ ဒရုန်းများဖြင့် တိုက်ခိုက်ခြင်းကြောင့် ပြည်သူခြောက်ဦးထိခိုက်ဒဏ်ရာရပြီး ပြည်သူတစ်ဦးကို ဖမ်းဆီးသွားကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

**မှန်ကန်မှုမရှိ**

အဆိုပါ သတင်းနှင့်ပတ်သက်၍ ဒေသခံပြည်သူတစ်ဦးနှင့် လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အဆိုပါသတင်းမှာ သတင်းမှားသာဖြစ်ပြီး မှန်ကန်မှုမရှိကြောင်း၊ အဆိုပါမြို့နယ်အနီးရှိ ကျေးရွာများတစ်ဝိုက်၌ အကြမ်းဖက်သမားများ တရားမဝင်ဝင်ရောက်ခိုအောင်း နေထိုင်လျက်ရှိကြောင်း တာဝန်သိပြည်သူများက လုံခြုံရေးတပ်ဖွဲ့ဝင်များထံ ဆက်သွယ်အကြောင်းကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်နယ်မြေလုံခြုံရေးလုပ်ငန်းများ လာရောက်လုပ်ဆောင်စဉ် အကြမ်းဖက်သမားများက လက်နက်ကြီးများ၊ ဒရုန်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ လက်နက်ကြီးကျည်များသည် ကျေးရွာအတွင်း ကျရောက်ပေါက်ကွဲခဲ့သဖြင့် ပြည်သူအချို့ထိခိုက်၊ သေဆုံးဒဏ်ရာရရှိခဲ့ကြောင်းနှင့် တရားမဝင်ပြည်ဖျက်မီဒီယာများက ယခုကဲ့သို့အကြမ်းဖက်သမားများ၏ လူမဆန်သည့်လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် နယ်မြေတည်ငြိမ်အေးချမ်းရေး ဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ သတင်းမှားများအား ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆော်ဒီအာရေဗျနိုင်ငံ Dammam မြို့တွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်

**ရန်ကုန် နိုဝင်ဘာ ၂၈**

နိုင်ငံတော်အစိုးရ အနေဖြင့် ပြည်ပတွင် ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများအပေါ် အလေးအနက် တန်ဖိုးထားသည့် အနေဖြင့်မည်သို့သောအခြေအနေနှင့်တွေ့ကြုံရသည်ဖြစ်စေ မြန်မာသံရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် သက်ဆိုင်ရာ သံရုံးများ ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံးအေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ဆော်ဒီအာရေဗျနိုင်ငံ Dammam မြို့တွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့်မြန်မာနိုင်ငံသူ မပြည့်သဥ္စာချိုအား အမိနိုင်ငံသို့ အမြန်ဆုံးပြန်လည် ပို့ဆောင်နိုင်ရန် မြန်မာသံရုံးအနေဖြင့် ကူညီဆောင်ရွက်ပေးခဲ့ပြီး နိုဝင်ဘာ ၂၆ ရက်တွင် ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်မြို့မှထွက်ခွာခဲ့ပြီး ယမန်နေ့ည ၉ နာရီ ၃၅ မိနစ်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။



နိုင်ငံတော်အစိုးရ အနေဖြင့် ပြည်ပ၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများအား မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့မှ ညှိနှိုင်းကူညီ ဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိသည့်အတွက် နိုင်ငံတော်အစိုးရ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့ကို အလုပ်သမားနှင့် မိဘဆွေမျိုးများက လှိုက်လှဲစွာ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ (သတင်းစဉ်)**
**ဓာတ်ပုံ-ကနူး**



# ထားဝယ်မြို့ စည်ပင်သာယာဈေးကြီး၌ မီးဘေးသဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်

**ထားဝယ် နိုဝင်ဘာ ၂၈**

ထားဝယ်ခရိုင် မီးသတ်ဦးစီးဌာနကဦးစီး၍ မီးသတ်တပ်ဖွဲ့၊ စည်ပင်သာယာရေးအဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ ဇမ္ဗူသီရိအရေးပေါ်လူနာကူညီသယ်ဆောင်ရေးအဖွဲ့၊ ဈေးအကျိုးတော်ဆောင်များနှင့် ဈေးသူ၊ ဈေးသားများပူးပေါင်း၍ ယမန်နေ့နံနက်ပိုင်းက ထားဝယ်မြို့ စည်ပင်သာယာဈေးကြီး၌ မီးဘေးသဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ ဇာတ်တိုက်လေ့ကျင့်နေရာသို့ ဒုတိယတိုင်းမီးသတ်ဦးစီးမှူး၊ ခရိုင်မီးသတ်ဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဈေးသူ ဈေးသားများ ကြည့်ရှုအားပေးခဲ့ကြသည်။

**ငွေဇင်ယော်(ထားဝယ်)**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

ရန်ကုန်မြို့နှင့်မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ၊နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၉-၁၁-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၀၅ | ၃၀၉၅ | ၃၀၇၀ | ၃၀၂၅ | ၃၁၀၀ | ၃၁၁၀ | ၃၁၂၅ | ၃၀၇၅ | ၄၅၀၅ | ၃၂၃၅ | ၃၀၈၅ | ၃၁၀၀ | ၃၁၃၅ | ၃၁၂၀ | ၃၁၃၅ | ၃၅၄၀ | ၃၉၅၀ |
| 95 Ron | ၃၁၈၀ | ၃၂၆၅ | ၃၂၄၀ | ၃၁၉၀ | ၃၂၆၅ | ၃၂၇၅ | ၃၂၉၀ | ၃၂၄၅ | ၄၅၆၀ | ၃၄၀၀ | ၃၂၅၀ | ၃၂၇၀ | ၃၃၀၀ | ၃၂၉၀ | ၃၃၀၀ | ၃၇၀၅ | ၄၁၀၀ |
| HSD (500 ppm) | ၂၆၅၅ | ၂၇၃၅ | ၂၇၁၀ | ၂၆၆၅ | ၂၇၄၀ | ၂၇၅၀ | ၂၇၆၅ | ၂၇၂၀ | - | ၂၈၇၅ | ၂၇၂၅ | ၂၇၄၀ | ၂၇၇၅ | ၂၇၆၀ | ၂၇၇၅ | ၃၁၈၀ | ၃၉၅၀ |
| HSD (50 ppm) | ၃၂၉၀ | ၃၃၇၀ | ၃၃၅၅ | ၃၃၀၀ | ၃၃၇၅ | ၃၃၈၅ | ၃၄၀၀ | ၃၃၅၀ | ၄၈၃၀ | ၃၅၁၀ | ၃၃၆၀ | ၃၃၇၅ | ၃၄၁၀ | ၃၃၉၅ | ၃၄၁၀ | ၃၈၀၅ | - |
| HSD (10 ppm) | ၃၂၉၀ | ၃၃၇၀ | ၃၃၅၅ | ၃၃၀၀ | ၃၃၇၅ | ၃၃၈၅ | ၃၄၀၀ | ၃၃၅၀ | - | ၃၅၁၀ | ၃၃၆၀ | ၃၃၇၅ | ၃၄၁၀ | ၃၃၉၅ | ၃၄၁၀ | ၃၈၀၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၅၈ | ၂၉၄၉ |
| 95 Ron | ၃၀၂၀ | ၃၁၁၄ |
| HSD (500 ppm) | ၂၅၁၀ | ၂၅၈၉ |
| HSD (50 ppm) | ၃၁၂၅ | ၃၂၁၇ |
| HSD (10 ppm) | ၃၁၂၅ | ၃၂၁၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။
(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ်အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေဆုရှင်တို့၏ ရင်တွင်းစကားသံများ

တွေ့ဆုံမေးမြန်း
လင်းရာမ

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီနှင့် စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့တို့က ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများကို ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ထိုစာပေဆုရှင်တို့၏ ရင်တွင်း စကားသံအချို့ကို စုစည်းဖော်ပြလိုက်ရပါသည်-


ပါမောက္ခကိုကိုအောင်


နေဇင်လတ်


မင်းအောင်မင်း


နေမျိုး

**ပါမောက္ခကိုကိုအောင်**
**အမျိုးသားစာပေဆု**
**သုတ(ရိုးရိုးသိပ္ပံ)**

ကျွန်တော့်စာရေးသက်ကတော့ နှစ်ပေါင်း ၅၀ ကျော်ရှိပါပြီ။ သိပ္ပံနဲ့နည်းပညာတွေကိုအခြေခံတဲ့ဆောင်းပါးတွေကိုသာ စိုက်လိုက်မတ်တတ်ရေးသားခဲ့ပါတယ်။ စာရေးသက်တစ်လျှောက်မှာ ဆောင်းပါးပေါင်း ၃၀၀၀ ကျော်ရေးသားခဲ့ပြီး စာအုပ် ၁၄ အုပ် ထုတ်ဝေခဲ့ပါတယ်။

MRTV၊ MITV၊ MWD၊ MRTV-4၊ mntv စတာတွေမှာ သိပ္ပံဆိုင်ရာ ရုပ်မြင်သံကြားအမေးအဖြေ အစီအစဉ်ပေါင်း ၄၀၀ ကျော်ကို ဖြေကြားရိုက်ကူးထုတ်လွှင့်ပေးခဲ့ပါတယ်။

မြန်မာ့အသံရေဒီယိုကနေလည်း "သိပ္ပံပညာသင့်ကမ္ဘာ" အစီအစဉ်ကနေ အပတ်စဉ်ပုံမှန်ဟောပြောပို့ချ ထုတ်လွှင့်ပေးနေပါတယ်။

လူအများစုက နျူကလီးယားဆိုတဲ့ဝေါဟာရကိုကြားရင် အဖျက်စွမ်းအားကြီးမားတဲ့လက်နက်ကြီးတွေကိုပဲ ပြေးပြီး မြင်ယောင်မိကြပါတယ်။

တကယ့်လက်တွေ့မှာတော့ နျူကလီးယားစွမ်းအင်နဲ့ နျူကလီးယားနည်းပညာဟာ လူသားအားလုံးအတွက် လက်တစ်ကမ်းကနေပြီး ဘက်စုံထောင့်စုံကောင်းကျိုးပြုနေတာ ဖြစ်ပါတယ်။ အထူးသဖြင့် ကျန်းမာရေးစောင့်ရှောက်မှုနဲ့ ကုသမှုတွေမှာ နျူကလီးယားဆေးပညာက ထိပ်တန်းအဆင့်မှာ ရှိနေသလို လူမှုဘဝ ဖွံ့ဖြိုးသာယာရေးအတွက် အဓိက လိုအပ်ချက်ကြီးတစ်ရပ်ဖြစ်တဲ့ လျှပ်စစ်ဓာတ်အားပမာဏ အများအပြားကို ထုတ်လုပ်ပေးနိုင်တဲ့တစ်ခုတည်းသောနည်းပညာလည်း ဖြစ်ပါတယ်။ ဒါ့အပြင် အာကာသသုတေသန လုပ်ငန်းတွေ၊ အဏ္ဏဝါသုတေသနလုပ်ငန်းစတာတွေမှာလည်း နျူကလီးယားနည်းပညာက ထိပ်တန်းအဆင့်မှာ ရှိနေတာဖြစ်ပါတယ်။

ဒါတွေကို စာဖတ်ပရိသတ်အားလုံးက သိလာမြင်လာစေချင်တဲ့ စိတ်စေတနာကြောင့် ဒီစာအုပ်ကို ရေးသားထုတ်ဝေခဲ့တာ ဖြစ်ပါတယ်။ လက်ရှိမှာလည်း ကျွန်တော်က ဧည့်ပါမောက္ခအဖြစ်နဲ့ နျူကလီးယားရူပဗေဒကို သင်ကြားပို့ချပေးနေတာဖြစ်ပါတယ်။

ကျွန်တော့်ရဲ့ နျူကလီးယားစွမ်းအင်နှင့် လူသားအကျိုးပြုလုပ်ငန်းများ စာအုပ်ကိုနိုင်ငံတော်က အခုလို အသိအမှတ်ပြုပြီး ဂုဏ်ပြုချီးမြှင့်တဲ့အတွက် အထူးပဲဝမ်းသာပီတိ ဖြစ်ရပါတယ်။ မြန်မာ့စာပေလောကကြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်နေပါစေလို့လည်း ဆုတောင်းပါတယ်။

**နေဇင်လတ်**
**အမျိုးသားစာပေဆု**
**နိုင်ငံရေး**

စာတွေကတော့ ပုံမှန်ရေးဖြစ်နေပါတယ်။ အင်တာဗျူးတချို့လည်းပေးဖြစ်ပါတယ်။ အထူးသဖြင့်တော့ မြဝတီနဲ့ အင်တာဗျူးတော့ ပေးဖြစ်ပါတယ်။ စာအုပ်တွေက ရှေ့ပိုင်းမှာလည်း အုပ်ရေ ၁၀၀ ကျော်ထွက်ထားတော့ စာအုပ်ဖြစ်လာဖို့ သီးခြားကြိုးပမ်းရတာမျိုးတော့ မရှိပါဘူး။ အခုဆုရတဲ့ အတွေးအမြင်စာအုပ်က မြဝတီကို အင်တာဗျူးပေးတုန်းကဖြေထားခဲ့တာနဲ့ ဖြည့်စွက်ရေးသားထားတာဖြစ်ပါတယ်။

စာပေခရီးကိုပြောရရင် ၁၉၇၂ ခုနှစ်မှာ စာစောင်တွေထဲစပြီးဖော်ပြခြင်းခံရပါတယ်။ တံခွန်၊ စက်မှုတက္ကသိုလ် မဂ္ဂဇင်း၊ သပြေမဂ္ဂဇင်း စသဖြင့်ပေါ့၊ ၁၉၈၀ ပြည့်နှစ် နောက်ပိုင်း တပ်မတော်တာဝန်ထမ်းဆောင်စဉ်မှာ စာရေးတာပြတ်သွားပါတယ်။ ၁၉၉၂ ခုနှစ်မှာ အငြိမ်းစားယူပြီး ကုမ္ပဏီစတင်လုပ်တော့လည်း လုပ်ငန်းတည်တံ့အောင် လုပ်နေရသေးလို့လက်ရေးစာမူနဲ့သာရေးပြီး မဂ္ဂဇင်း၊ စာစောင်တွေဆီမပို့ဖြစ်ပါဘူး။ စီးပွားရေးအထိုင်ကျသွားပြီး စိတ်ချရတဲ့အချိန် ၁၉၉၈ ခုနှစ်လောက်မှာ ပုလဲမြို့ပြမှာ လစဉ်ရေးဖြစ်သွားပါတယ်။

နောက်ပိုင်း ရွှေအမြုတေမှာ ရသစာပေ ၁၁ နှစ်ကျော်ရေးဖြစ်တယ်။ နောက်ပိုင်းမှာ မဂ္ဂဇင်း၊ စာစောင် ၄၀ လောက်မှာ သုတ၊ စီမံခန့်ခွဲရေးအကြောင်း ရေးဖြစ်တယ်။ ၂၀၀၉ ခုနှစ်လောက်မှာ အယ်ဒီတာချုပ်တချို့ရဲ့ တိုက်တွန်းမှုကြောင့် မြန်မာ့နိုင်ငံရေး၊ ကမ္ဘာ့နိုင်ငံရေးအကြောင်းကို စီမံခန့်ခွဲမှုနဲ့တွဲပြီး ရေးဖြစ်သွားပါတယ်။ အဲဒီကာလတွေတုန်းက တစ်လကို အပုဒ် ၆၀ ကျော်လောက် ရေးခဲ့ရပါတယ်။ လက်ရှိမှာတော့ အရွယ်လည်းရလာပြီမို့ တစ်လကို ၁၀ ပုဒ်လောက်ပဲ ရေးပါတော့တယ်။ ထွက်ပြီးသွားတဲ့ စာအုပ်စုစုပေါင်းက ၁၀၈ အုပ်ရှိပြီး သုတ၊ ရသ၊ စီးပွား၊ စီမံ၊ နိုင်ငံရေး အပုဒ်ရေ ၂၆၀၀ လောက်ရှိသွားပါပြီ။

အရင်ကတော့ ပခုက္ကူဦးအုံးဖေဆု နှစ်ဆု၊ သုတစွယ်စုံဆု နှစ်ဆု၊ ရွှေအမြုတေဆု တစ်ဆု၊ မြဝတီဆု တစ်ဆု စုစုပေါင်း ခြောက်ဆုရဖူးပါတယ်။ နောက်ပိုင်းမှာတော့ ကမ္ဘာ့နိုင်ငံရေးနဲ့ မဟာဗျူဟာအရှေ့အကြောင်း ကြိုတင်သုံးသပ်ချက်ကို အရေးများပါတယ်။ စီးပွားရေး၊ စီမံခန့်ခွဲရေးနဲ့ ဘာသာရေးဆောင်းပါးတွေပဲ ဆက်ပြီးဦးစားပေးရေးသွားမယ်လို့ စဉ်းစားဖြစ်ပါတယ်။

လူငယ်တွေကိုတိုက်တွန်းချင်တာက ဘယ်စာဖြစ်ဖြစ်ဖတ်စေချင်တယ်။ စာဖတ်များလာရင် အမှား၊ အမှန်ကို သိလာပြီး စာရွေးဖတ်တတ်လာပါမယ်။ စာများများဖတ်ရင် အသိမြင့်လာပါမယ်။ အနာဂတ်ကို မြင်လာပါမယ်၊ ကိုယ့်အတွက်အကျိုးများသလို နိုင်ငံနဲ့လူမျိုးအတွက်လည်း တစ်စုံတစ်ရာ ကောင်းကျိုး သယ်ပိုးနိုင်ကြပါလိမ့်မယ်။

**မင်းအောင်မင်း**
**အမျိုးသားစာပေဆု**
**ဘာသာပြန်(သုတ)**

ဆုရရှိတဲ့ မှေးမှိန်လာသော အမေရိကန်ရာစုနှစ် စာအုပ်ဖြစ်လာဖို့အတွက် အချိန် တစ်နှစ်လောက်ကြာပါတယ်။ မူရင်းစာရေးသူက ရှဲဒိုးအော့ဖ်အမေရိကန်စင်ကျူရီလို့ စာအုပ်ကို ခေါင်းစဉ်တပ်ထားပြီး အမေရိကန်အင်ပါယာ အကျဘက်ကို ရောက်တော့မယ်လို့ သုံးသပ်ထားတာပါ။

ဒီနေရာမှာ မူရင်းစာရေးသူဟာ နယူးဂျာနယ်လစ်ဇင်နဲ့ ရေးထားတာဖြစ်လို့ တချို့ဖြစ်ရပ်မှန်တွေ၊ စိတ်ကူးသုံးသပ်ချက်တွေကို ဖွဲ့နွှဲ့ထားတာဖြစ်လို့ စာအုပ်က ရုပ်လုံးကြွနေပါတယ်။ တကယ်က အမေရိကန်အင်ပါယာဆိုပြီး ဘယ်လိုဖြစ်လာတယ်။ ဒီနေ့အချိန်အထိ ဘယ်လိုဖြတ်သန်းလာရတယ်ဆိုတာ ရှင်းပြနေတဲ့ ကမ္ဘာနဲ့လည်းဆိုင်တဲ့ ပထဝီနိုင်ငံရေးပါ။

ကျွန်တော့်စာပေလှုပ်ရှားမှုကို ပြောရရင် ဖက်ရှင်မဂ္ဂဇင်းနဲ့ အားကစားဂျာနယ်တစ်စောင်ကနေ စရေးသားပါတယ်။ အဲဒီနောက် သုတစွယ်စုံစာအုပ်တိုက်မှာ အယ်ဒီတာလုပ်ဖြစ်သွားတော့ သတင်းဆောင်းပါးတွေ ပိုရေးဖြစ်လာပါတယ်။ တိုက်ကထုတ်တဲ့ ထွန်းတောက်ကြယ်အားကစားဂျာနယ်နဲ့ အား/ကာမဂ္ဂဇင်းကိုလည်း ကိုင်ခဲ့ရပါတယ်။ အဲဒီတိုက်က တိုက်ကြီးဖြစ်လို့ ပညာအများကြီးရခဲ့ပါတယ်။ အခုလို ဆုရတာ ဒေါက်တာတင်ထွန်းဦးဆီက သင်ယူခဲ့တဲ့ ကျေးဇူးရှိသလို ကိုယ်ရေးတဲ့စာအုပ်တွေကို ထုတ်ဝေဖြန့်ချိပေးနေတဲ့ ယဉ်မျိုးစာပေတိုက်ကလည်း ကျေးဇူးရှိပါတယ်။ စာအုပ်စုစုပေါင်း ၃၀ ထွက်ခဲ့ပြီးပါပြီ။ ဆုက အခုမှရတာပါ။ ရေးလက်စနဲ့ ရေးပြီးသားစာအုပ် လေးငါးအုပ်ရှိနေပါတယ်။ ဘယ်စာအုပ်အရင်ထွက်မလဲ မသိပါဘူး။ ပြီးခဲ့တဲ့အောက်တိုဘာလက "ယူကရိန်းစစ်ပွဲနောက်ကွယ်"ဆိုတဲ့စာအုပ် ထွက်ထားပါတယ်။

စာပေဆိုတာ စိတ်ခွန်အားရစေတဲ့အတွက် စာဖတ်ဖို့ လိုပါတယ်။ စာအစုံကို ဖတ်ရင်းနဲ့ အသိအမြင်ကျယ်လာပြီး အမှားတွေကို ရှောင်နိုင်ပါမယ်။ စာဖတ်ခြင်းကြောင့် မိမိကိုယ်တိုင်ရဲ့ ဘဝခရီးလမ်းကိုလည်း တော်တည့်မှန်ကန်စွာ လျှောက်လှမ်းနိုင်မှာပါလို့ ဆိုပါရစေ။

**နေမျိုး**
**အမျိုးသားစာပေဆု**
**ရသစာတမ်း(အက်ဆေး)**

စာရေးရတာကို ဝါသနာကြီးလို့ ၁၉၉၀ ပြည့်နှစ်မှာ စာမျက်နှာပေါ် စတင်ရောက်ရှိခဲ့ပါတယ်။ ဒေါက်တာတင်ကိုအောင်ရဲ့ ဟန်သစ်မဂ္ဂဇင်းမှာ မြင်ကွင်းကျယ် အချစ်ဝတ္ထု စတင်ရေးသားနိုင်ခဲ့ပြီး သံနဲ့လုပ်ထားတဲ့အိပ်မက်၊ မိစ္ဆာအနမ်း၊ ကြေးရုပ်မြို့တော် စတဲ့ ဝတ္ထုတွေ ရေးဖြစ်ခဲ့ပါတယ်။ ၁၉၉၀ ပြည့်နှစ်မှာပဲ အဝကျွန်း ဦးချစ်မောင်ရဲ့ ရုပ်ရှင်တေးကဗျာ မဂ္ဂဇင်းမှာ ဆောင်းကို ခုတ်မောင်းခြင်းကဗျာ ဖော်ပြပါရှိလာပါတယ်။ ဟန်သစ်၊ သရဖူ၊ ရုပ်ရှင်တေးကဗျာ၊ ကလျာ စတဲ့ မဂ္ဂဇင်းတွေနဲ့ ပေါ်ပြူလာ ဂျာနယ်မှာ ဝတ္ထုတို၊ ကဗျာနဲ့ အက်ဆေးတွေ ဆက်လက်ရေးသားနိုင်ခဲ့ပါတယ်။ အဖေရေ ဒီမှာထမင်းတွေဗျ၊ ပဲစေ့ကို သွန်ကောက်ခြင်း၊ သုညကို အကောင်ဖောက်ခြင်း စတဲ့ စာပေလက်ရာတွေကို ဆက်လက် ရေးသားခဲ့ပြီး တချို့ကို မြည်နေတဲ့ ထရမ်းပက်ဝတ်တိုင်ငယ်အဖြစ် ထုတ်ဝေခဲ့ပါတယ်။ အခု ဆုရတဲ့စာအုပ်က မိုးဘိုင်စကုတ်ဖြစ်ပြီး အက်ဆေးစာအုပ်အဖြစ် ငါတို့စာပေမှ ထုတ်ဝေခဲ့ကာ ရသစာတမ်း (အက်ဆေး)ဆုအဖြစ် ဆွတ်ခူးရရှိခဲ့တာဖြစ်ပါတယ်။

အခုလို မိုးဘိုင်စကုတ် စာအုပ်က အမျိုးသားစာပေဆုချီးမြှင့်ခြင်းခံရတဲ့အတွက် ဝမ်းသာပီတိဖြစ်မိပါတယ်။ အဖေနဲ့ အမေ၊ ပြီးတော့ ဇနီးဖြစ်သူကိုလည်း အထူးသတိရမိပြီး ဝမ်းသာပီတိ ဖြစ်ရပါတယ်။ စာပေအလုပ်ကို တစိုက်မတ်မတ်လုပ်ပြီး ကြိုးစားအားထုတ်ခဲ့တာတွေဟာ သီးပွင့်ချိန်ကို ရောက်ခဲ့ပြီဖြစ်လို့ ကျေနပ်မိပါတယ်။ ဒေါင်ကျကျ ပြားကျကျ ကျွန်တော့်စာပေလက်ရာတွေကို မငြီးမငွေ့ ဖတ်ရှုအားပေးနေကြတဲ့ စာဖတ်သူတွေအတွက်လည်း ဝမ်းသာပီတိဖြစ်ရပါတယ်။

လူထုဒေါ်အမာ ဘာသာပြန်ဆိုထုတ်ဝေခဲ့တဲ့ အာဖရိကဝတ္ထုတိုများစာအုပ်ကို ၁၉၈၀ ပြည့်နှစ်များက ဖတ်ခဲ့ရစဉ်ကပင် မြန်မာဝတ္ထုနဲ့ စာပေလက်ရာတွေရဲ့ တန်ဖိုးကို သတိပြုမိခဲ့ပါတယ်။ ရေမြင့်ရင်ကြာတင့်ပြီး ကောက်စိုက်အပြန် ရေကန်ကြီးက ကြာတစ်စည်းလောက် ချိုးခဲ့ကွယ်ဆိုတဲ့ ကဗျာလေးလို မြန်မာစာပေလက်ရာတွေကို မြတ်နိုးခုံမင်စွာ မျှော်လင့်မိပါတယ်ခင်ဗျာ။

စာရေးဆရာ နေမျိုးအား အဘ ဆိုင်းဆရာကြီး ဦးစိန်တင်ဟန်-အမိ ဒေါ်စိန်တင်တို့က ၁၉၆၃ ခုနှစ်တွင် မန္တလေးမြို့၌ မွေးဖွားခဲ့သည်။ အမည်ရင်းမှာလည်း နေမျိုးဖြစ်ပြီး မန္တလေးပန်းတျာနှင့် ပန်းချီပန်းပုကျောင်းမှ လုပ်ငန်းပန်းချီ အထူးပြုဖြင့် အောင်မြင်ခဲ့သည်။ စာပေနယ်ပယ်သို့ ၁၉၉၀ ပြည့်နှစ်တွင် စတင်ဝင်ရောက်ခဲ့ပြီး စာအုပ်အရေအတွက် အုပ်ရေ ၃၀ ခန့် ရေးသားထုတ်ဝေပြီးဖြစ်ကာ မန္တလေး တမ္ပဝတီကြေးသွန်းရပ်၌ နေထိုင်လျက်ရှိပြီး စာရေးခြင်း၊ ပန်းချီဆွဲခြင်းတို့ကို ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ ။

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၂၈**

တနင်္သာရီတိုင်းဒေသကြီးတွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ သွားရောက်ယှဉ်ပြိုင်မည့် တိုင်းဒေသကြီးကိုယ်စားပြု အားကစားသမားများလေ့ကျင့်နေမှု သွားရောက်ကြည့်ရှု



မုံရွာ နိုဝင်ဘာ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် အားကစားနှင့် ကာယပညာသိပ္ပံ(မုံရွာ) ကျောင်းဝင်းအတွင်းရှိ ဘောလုံးကွင်းနှင့် သတ်မှတ်အားကစားရုံများတွင် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်မည့် တိုင်းဒေသကြီး ကိုယ်စားပြု ပြေးခုန်ပစ်၊ ဘောလုံး၊ ပိုက်ကျော်ခြင်း၊ ကရာတေး၊ အလေးမနှင့် လက်ဝှေ့အားကစားသမားများ၏ လေ့ကျင့်နေမှုများကို သွားရောက်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ပြိုင်ပွဲဝင်အားကစားသမားများ၊ အသင်းအုပ်ချုပ်သူများ၊ နည်းပြများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အသင်းအုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်ကစားသမားများအနေဖြင့် မိမိတို့ ဝင်ရောက်ယှဉ်ပြိုင်သွားမည့် အားကစားနည်းများအလိုက် ဆုတံဆိပ်နှင့် စံချိန်သစ်များရရှိအောင် အစွမ်းကုန်လေ့ကျင့် ကြိုးစားယှဉ်ပြိုင်သွားကြရန် လိုအပ်ကြောင်းနှင့် မိမိတို့တိုင်းဒေသကြီးဂုဏ်ကို အားကစားဖြင့် မြှင့်တင်နိုင်ရေးအတွက် အချိန်ကိုအကျိုးရှိစွာ အသုံးချလေ့ကျင့်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မွန်းလွဲပိုင်းတွင် မုံရွာမြို့ ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်မည့် စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု အားကစားအသင်းများအား အောင်နိုင်ရေးအလံပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။

**အောင်နိုင်ရေးအလံ ပေးအပ်**

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင် မည့် စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု အားကစားသမားများအတွက် စခန်းသွင်းလေ့ကျင့်စရိတ် ဂုဏ်ပြုထောက်ပံ့ ငွေကျပ် ၁၂၉၄၅၀၀၀၀ ကို တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် အသင်းအုပ်ချုပ်သူထံသို့ လည်းကောင်း၊ အောင်နိုင်ရေးအလံအား တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးထံသို့လည်းကောင်း ပေးအပ်သည်။

နေပြည်တော်တွင် ကျင်းပမည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများသို့ စစ်ကိုင်းတိုင်းဒေသကြီးအနေဖြင့် အားကစားနည်း ၂၁ နည်းတွင် အုပ်ချုပ်၊ နည်းပြ၊ ဒိုင်၊ ပြိုင်ပွဲဝင်အားကစားသမား စုစုပေါင်း ၄၄၃ ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပြည်ထောင်စု/ပြည်နယ်ရန်ပုံငွေဖြင့် ရင်းနှီးမြှုပ်နှံမှုရည်မှန်းချက် အဆိုပြုချက်များ ရေးဆွဲတင်ပြခြင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



ပင်းတယ နိုဝင်ဘာ ၂၈

ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စု/ပြည်နယ်ရန်ပုံငွေဖြင့် ရင်းနှီးမြှုပ်နှံမှုရည်မှန်းချက် အဆိုပြုချက်များ ရေးဆွဲတင်ပြခြင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ယနေ့နံနက်၉ နာရီကကျင်းပသည်။

ဦးစွာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းက နိုင်ငံတော်က အမျိုးသားအကျိုးစီးပွားကို ရှေးရှုပြီး အမျိုးသားရေးရည်မှန်းချက် နှစ်ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ဖြစ်နိုင်သည့် နည်းလမ်းများဖြင့် ဆောင်ရွက်လျက်ရှိပြီး အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရန်၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးနှင့် ရေရရှိရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍတိုးတက်စေရေး၊ အနာဂတ်မျိုးဆက်သစ် လူငယ်များ၏ ဗလငါးတန်ဖွံ့ဖြိုးစေရေး၊ အားကစားနှင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေး အားကစားကဏ္ဍ မြှင့်တင်ရေး၊ အားကစားဆိုင်ရာ အခြေခံ အဆောက်အအုံ တိုးတက်ရေးတို့အတွက် ဆောင်ရွက်ပေးလျက်ရှိရာ လက်ရှိကာလ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် စီမံကိန်းလုပ်ငန်းများကိုလည်း အောင်မြင်အောင် အင်တိုက်အားတိုက်ဆောင်ရွက်ရမည်ဖြစ်ပြီး နိုင်ငံတော်က ရည်မှန်းထားသည့် ရည်မှန်းချက်ပန်းတိုင်များ ပြီးမြောက်အောင်မြင်ရေးအတွက် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ၊ မူဝါဒရည်မှန်းချက်များကို လုပ်ငန်းလမ်းညွှန်များ အဖြစ် ခံယူကာ အလေးအနက်ခံယူပြီး ဌာနဆိုင်ရာများက ဟန်ချက်ညီညီ အချိတ်အဆက်မိမိ ပူးပေါင်းပြီး တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးရန် ပြောကြားသည်။

ထို့နောက် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် သက်ဆိုင်ရာဌာနများမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စု/ပြည်နယ်ရန်ပုံငွေဖြင့် ရင်းနှီးမြှုပ်နှံမှုရည်မှန်းရန် အဆိုပြုချက်များ ရေးဆွဲခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လုပ်ငန်းလိုအပ်ချက်များကို ပြန်လည်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်ကိုဦး(ပြန်/ဆက်)**

# ညောင်လေးပင်မြို့နယ်၌ စက်ကြီးမျိုးစေ့ချကိရိယာဖြင့် ပဲတီစိမ်းသီးနှံ သရုပ်ပြစိုက်ပျိုး

ညောင်လေးပင် နိုဝင်ဘာ ၂၈

စက်ကြီးမျိုးစေ့ချကိရိယာဖြင့် ပဲတီစိမ်းသီးနှံသရုပ်ပြစိုက်ပျိုးခြင်းကို ယနေ့နံနက် ၉ နာရီက ညောင်လေးပင်မြို့နယ် ဝဲဝန်းကျေးရွာအုပ်စု




စံတွင်းကုန်းကျေးရွာရှိ ကွင်းအမှတ်(၃၄၆-က) ဦးပိုင်အမှတ်(၂၇) တောင်သူ ဒေါ်ဥမ္မာမယ်၏ လယ်မြေ ၁၂ ဧက၌ စိုက်ပျိုးပြသကြသည်။

ပဲတီစိမ်းစိုက်ခင်းတွင် စက်ကြီးမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးပြသခြင်းတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစိုးနိုင်က ပဲတီးစိမ်းကို စက်ကြီးမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးရခြင်း၏ ကောင်းကျိုးများကို ရှင်းလင်းပြောကြားပြီး လက်တွေ့စိုက်ပျိုးပြသသည်။

အဆိုပါ သရုပ်ပြစိုက်ပျိုးရာသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် ခရိုင်စိုက်ကြပ်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဘုန်းမောင်နှင့် မြို့နယ်စိုက်ကြပ်အဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေးကြပြီး ဒေသခံတောင်သူ စုစုပေါင်း ၆၀ ခန့် တက်ရောက်လေ့လာကြကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# ရွှေသွေးဂျာနယ်ထွက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၈

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

နိုဝင်ဘာ ၃၀ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ(၅၆)၊ အမှတ်(၄၈)တွင် ပန်းတောထဲတွင် မင်းသားလေးနှင့်အတူ ပန်းဘုရင်မအဖြစ် ပျော်ရွှင်စွာနေထိုင်သွားသော မိန်းကလေးတစ်ဦးအကြောင်း သရုပ်ဖော်ထားသည့် **“ပန်းကေသီ”** မျက်နှာဖုံးကာတွန်း၊ ရှေးခေတ်အီဂျစ်နွယ်ဖွားလူမျိုးတစ်စု၏ နေအိမ်ပုံစံအကြောင်း ဗဟုသုတဖြစ်ဖွယ် ရေးသားထားသည့် **“ရှေးခေတ်ဘမိလိခဲလူမျိုးတို့ရဲ့ နေအိမ်ပုံစံ”** သုတဆောင်းပါးကဏ္ဍ၊ ကလေးတို့ကိုယ်တိုင် ရေးဆွဲထားသည့် ပန်းချီလက်ရာများကို တင်ဆက်ထားသည့် **“ရွှေသွေးတို့လက်ရာ”** ကဏ္ဍ၊ မုန့်တစ်ခုပိုရသော ညီလေးအကြောင်း ဟာသဖြစ်ဖွယ်ရေးဖွဲ့ထားသည့် **“ကီးကီ၊ ဂျိုးဂျိုးနဲ့ ငါးကြင်းဆီနဲ့ ငါးကြင်းကြော်”** နှစ်မျက်နှာကာတွန်း၊ ဖေဖေနှင့် မေမေတို့၏ အသိပေးလမ်းပြမှုကြောင့် ပညာရည်ချွန် ဒိုင်းဆုလေးကို တန်ဖိုးထားမြတ်နိုးရန် အသိတရားရသွားသော စတုတ္ထတန်းကျောင်းသားတစ်ယောက်အကြောင်း ဖတ်ရှုရမည့် “တန်ဖိုး”ဝတ္ထုကဏ္ဍ၊ မြန်မာစာအရေးအသားတွင် ပဲနှင့် ဘဲ စာလုံးပေါင်းတို့၏ အသုံးအကြောင်း တင်ဆက်ထားသည့် “ပန်ပန်-ပဲနှင့်ဘဲ”တစ်မျက်နှာကာတွန်း၊ မူကြိုကျောင်းသား ကျောင်းသူလေးများသည် ညီညာသော အကအလှများဖြင့် ကဗျာတေးသီချင်းကို ပျော်ရွှင်စွာ သံပြိုင်ရွတ်ဆိုကြပုံအကြောင်း ရေးဖွဲ့ထားသည့် ဆရာမောင်ခင်မြတ်(ရေနံ့သာ)၏ “မူကြိုကျောင်းသား” ကဗျာကဏ္ဍအပါအဝင် အင်္ဂလိပ်စာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



# တိုင်းရင်းသားရိုးရာ စကားထာဥာဏ်စမ်းများ

**တက္ကသိုလ်သျှင်ရတနာ**

## မြန်မာ့ရိုးရာစကားထာ

ဆယ်ကျော်သက်လူငယ်နှစ်ဦးဖြစ်သော ဗညားနှင့် လဂွန်းအိမ်တို့သည် မွန်တိုင်းရင်းသားများဖြစ်သည်။ ရာမညတိုင်းဒေသ ကျေးရွာတစ်ရွာရှိ ရွာဦးဘုန်းတော်ကြီးကျောင်း၌ ကျောင်းအိပ်၊ ကျောင်းစားဖြင့် လောကီလောကုတ္တရာ ပညာရပ်တို့ကို သင်ယူနေကြသူများဖြစ်သည်။

ရွာဦးကျောင်းဆရာတော်ကြီးသည်လည်း မွန်တိုင်းရင်းသားဖြစ်ပြီး စာပေအရာနှံ့စပ်ကျွမ်းကျင်သူ၊ စာအသင်အပြကောင်းသူအဖြစ် ကျော်ကြားသည်။ ဗညားနှင့် လဂွန်းအိမ်တို့သည် စာကြိုးစားကြသူများဖြစ်သည်။ ဘုန်းကြီးကျောင်းတွင် စည်းကမ်းသေဝပ်မှုရှိကာ ယဉ်ကျေးပျူငှာသူများလည်းဖြစ်သည်။

အားလပ်ချိန်များတွင် ဘုန်းကြီးကျောင်း၏ တောင်ဘက် မန်ကျည်းပင်ကြီး၏အောင်တွင် သူငယ်ချင်းနှစ်ယောက်ဆော့ကစားကြသည်။ ဆော့ကစားရာတွင်လည်း စာပေကျမ်းဂန်များအတွင်းမှ အပ်စပ်သည်များဖြင့်သာ ကစားကြသည်။

"ဗညားရေ ကစားရအောင်ကွာ"

"အေးလေကွာ ဘယ်လိုကစားမှာလဲ"

"ဉာဏ်စမ်းမေးရင်းဖြေရင်း ကစားမယ်လေ"

"ကောင်းတယ်ကွာ ဒါဆိုလည်း စလိုက်တော့လေ"

ဗညားက မန်ကျည်းပင်ကြီးအောက်ရှိမြက်ခင်းစိမ်းစိမ်းများပေါ်သို့ လဲလျောင်းရင်းပြောသည်။ "မေးပြီ သူငယ်ချင်းရေ 'အကွက်အကွက်၊ တို့အမေရက်တဲ့ သိုးတဘက်' ဆိုတာဘာလဲ။ စဉ်းစားစရာလေး မေးလိုက်ပြီ၊ ဖြေပေတော့။"

လဂွန်းအိမ်၏ မေးခွန်းကြောင့် ဗညားတစ်ယောက် တွေခနဲဖြစ်သွားရသည်။ ပြီးမှ ဖြည်းဖြည်းချင်းပြုံးလာကာ အဖြေကို ဆက်ပြောသည်။

"သူငယ်ချင်းရဲ့မေးခွန်းက လွယ်မယောင်နှင့် ခက်နေလို့ခဏ စဉ်းစားခွင့်ပြုပါနော်"

"ရပါတယ်ဗညားရေ၊ အခက်ကြီးမဟုတ်ပါဘူး၊ စဉ်းစားမရရင် ပန်းပေးလိုက်ပေါ့ အဖြေကရှိပြီးသား၊ ဟား ဟား ဟား"

ဗညား၏စကားအဆုံးမှာ လဂွန်းအိမ်က ရယ်ပြောပြောလိုက်ခြင်းဖြစ်သည်။

"အဖြေရပါပြီ လဂွန်းအိမ်ရာ၊ မေးခွန်းက အကွက်အကွက် တို့အမေရက်တဲ့ သိုးတဘက်" ဆိုတော့ကာ အဖြေက 'နာနတ်သီး' ပေါ့။ မြန်မာ့ရိုးရာ စကားထာထဲကလေ ဟုတ်တယ်ဟုတ်"

**'အကွက်အကွက်၊ တို့အမေရက်တဲ့ သိုးတဘက်' ဆိုတာဘာလဲ။ စဉ်းစားစရာလေး မေးလိုက်ပြီ၊ ဖြေပေတော့။ အဖြေရပါပြီ လဂွန်းအိမ်ရာ၊ မေးခွန်းက 'အကွက်အကွက် တို့အမေရက်တဲ့ သိုးတဘက်'ဆိုတော့ကာ အဖြေက 'နာနတ်သီး' ပေါ့။ မြန်မာ့ရိုးရာစကားထာထဲကလေ ဟုတ်တယ်ဟုတ်**

**မေးပြီ လဂွန်းအိမ်ရေ 'နတ်သမီး သောက်ရေကန် တံတိုင်း သုံးထပ်ရံ' ဆိုတာဘာလဲ။ အဖြေက အုန်းသီးမဟုတ်လား**

"ဟုတ်ပါတယ်၊ မှန်တယ်သူငယ်ချင်း။ မှန်ပါတယ်။ ငါမေးရမယ့် အလှည့်ရောက်ပြီနော်"

လဂွန်းအိမ်က ဗညား၏ အဖြေစကားကိုသဘောကျကာ လက်မထောင်ပြလိုက်သည်။

"မေးပြီ လဂွန်းအိမ်ရေ 'နတ်သမီး သောက်ရေကန် တံတိုင်း သုံးထပ်ရံ" ဆိုတာဘာလဲ။

"အဖြေက အုန်းသီးမဟုတ်လား၊ ဟား ဟား ဟား"

"သူငယ်ချင်းက ရယ်ရယ်မောမောနဲ့ အဖြေကိုတန်းမှန်အောင် ပြောနိုင်တယ်။ တော်လိုက်တာကွာ" ဗညား၏မေးခွန်းကို လဂွန်းအိမ်က ချက်ချင်းဖြေဆိုနိုင်ခြင်းကြောင့် ဗညားက ချီးကျူးစကားဆိုလိုက်ခြင်းဖြစ်သည်။

"ဒီတစ်ခါ ငါမေးရမယ့်အလှည့် ပြန်ရောက်လာပြီပဲ။ မေးပြီကွာ၊ 'အသီးပေါ်အပင်ပေါက်၊ ခြေထောက်တစ်ချောင်းထောက်' ဆိုတာဘာလဲ။

"ချက်ချင်းဖြေဆိုနိုင်ဖို့ရာ မလွယ်ကူလှဘူး၊ သူငယ်ချင်းမေးခွန်းတွေကခက်တယ်ကွာ။ မနည်းမနော စဉ်းစားပြီးဖြေနေရတာ"

"ရပါတယ် ဗညားရာ စဉ်းစားပါ၊ စဉ်းစားပါ"

"သြော်၊ အိုး ရပါပြီ။ ရပါပြီ၊ အဖြေရပါပြီ သူငယ်ချင်းရာ"

ဗညား၏စကားသံက မည်မျှကျယ်သွားသည်မသိလိုက်သော်လည်း မန်ကျည်းပင်အနားမှာ အစာလာကောက်စားနေသော ငှက်လေးများပင် လန့်ကာပျံပြေးသွားကြသည်။

"အဖြေကတော့ 'နာနတ်သီး'ပါပဲ။ မြန်မာ့ရိုးရာစကားထာတွေထဲကပေါ့။ ဟုတ်တယ်ဟုတ်"

"ဟုတ်ပ့ါ၊ မှန်ပ့ါဗျာ။ မှန်ပါတယ် သူငယ်ချင်း၊ မှန်ပါတယ်။"

သူငယ်ချင်းနှစ်ယောက် သဘောတကျ ရယ်မောနေကြစဉ် ဘုန်းတော်ကြီးကျောင်းမှ သံချောင်းခေါက်သံနှစ်ချက်ထွက်ပေါ်လာရာ စာအံရန်အချိန်ကျရောက်လာပြီဖြစ်သဖြင့် ဗညားနှင့် လဂွန်းအိမ်တို့ ဘုန်းကြီးကျောင်းပေါ်သို့ အပြေးတက်သွားကြတော့သည်။ ။

# ကျန်းမာရေးနှင့်ညီညွတ်သော ချိုချဉ်းဓလေ့ စားသောက်နည်းနှင့် ငှက်ပျောသီးစိမ်းမီးကင်

**အမ်းမ်လောင်ရှိ**

၁၉၈၆ ခုနှစ်ခန့်က ဖြစ်သည်။ စာရေးသူသည် ဖခင်နှင့် အတူ ( မကြွားဖ) စိုက်ခင်းကို မနက်ပိုင်းတွင် ရောက်ရှိသဖြင့် အအေးဓာတ်က ပိုလာသည်။ လိမ္မော်ပင်ငယ်၊ ပန်းသီးပင်ငယ် ခြေရင်းများတွင် ပေါင်းပင်တွေကလည်း ထူထပ်နေ၏။ ပေါင်းပင်များ နုတ်ယူပြီး စိုက်ခင်းအစွန်တွင် သွားပုံထားရသည်။ လှုပ်လှုပ်ရှားရှား အလုပ်မှာ အာရုံစိုက်လိုက်သည့်အခါမှသာ အအေးပေါ့သလို ခံစားလာရသည်။ နံနက် ၁၁ နာရီခွဲခန့်တွင် လေနှင့်အတူ မိုးဖွဲများပါကျလာ၍ အအေးဒဏ်ကို မခံနိုင်ဖြစ်ရတော့သည်။ စိုက်ခင်းရှိ တဲအိမ်ဆီသို့ သွားရောက်နားကြရသည်။ ထိုအချိန် နားနားနေနေ နေသည့်အခါမှသာ ဆာလောင်မှုက ဖြစ်ပေါ်လာသည်။ နေ့ဝက်လောက်သာ အလုပ်လုပ်ပြီး ရွာပြန်ပြီးမှ အဆာပြေတစ်ခုခုစားမည် စိတ်ကူးဖြင့် ထမင်းထုပ်လည်း ထည့်မလာခဲ့ကြခြင်းဖြစ်သည်။ ချိုချင်းဓလေ့ စားသောက်ပုံမှာ နံနက် ၈ နာရီခန့်တွင် ထမင်းအဝစားကြသည်။ ထို့နောက် လုပ်ငန်းခွင်ဝင်ကာ နေ့လယ်တွင် အဆာပြေတစ်ခုခုစားကြသည်။ ညနေ ၆ နာရီခန့်တွင် ထမင်းအဝစားကြပြန်သည်။

ထိုဓလေ့မှာ ကျန်းမာရေးအရ အလွန်သင့်တော်သော စားသောက်နည်းဟု ခေတ်သစ်ကျန်းမာရေးပညာရှင်များက ချီးကျူးကြသည်။ အဘယ်ကြောင့်ဆိုသော် နံနက်ခင်းတွင် ထမင်းအဝစာခြင်းသည် အစာခြေဖျက်မှုကောင်းမွန်စေပြီး ညနေ ၆ နာရီအချိန်တွင် စားခြင်းသည် အိပ်ချိန်နှင့် အလွန်ဝေးဝေး စားခြင်းဖြစ်၍ အစာမကြေမှုကို ကာကွယ်ပေးသောကြောင့် ဖြစ်ပါသည်။ စာရေးသူတို့က စိုက်ခင်းတွင် အဆာပြေ စားရန်မပါရှိသကဲ့သို့ မိုးဖွဲလေးများကလည်း လေနှင့်အတူ ပါလာသဖြင့် ရွာသို့ပြန်ရန်လည်း မဖြစ်နိုင်သေးပေ။

ထိုအချိန်တွင် ဖခင်ဖြစ်သူက "သားထွေးရေ မင်းဆာနေပြီလား မီးဖိုပြီး ရေနွေးတည်ထားကွာ" ဟု ပြောပြီး အပြင်ထွက်သွားသည်။ စာရေးသူက မီးဖိုပြီး ဝါးကျည်တောက်ဖြင့် ရေနွေးတည်သည်။ ရေနွေးမဆူမီ အဖေ ငှက်ပျောသီးစိမ်းတစ်ဖီး ကိုင်ပြီး ပြန်ရောက်လာသည်။ ရေနွေးဆူအောင် စောင့်နေစဉ် အဖေက ငှက်ပျောသီးစိမ်းများ အခွံခွာကာ နှစ်ခြမ်းခွဲသည်။

ထို့နောက် ထိုအခြမ်းများကို တုတ်တံဖြင့် တံစို့ထိုးနေသည်။ ရေနွေးဆူသောအခါ မီးဖိုပေါ်မှ အောက်ချကာ ခြံထွက် လက်ဖက်ခြောက်များ ခတ်စေသည်။

ထို့နောက် မီးကျီးခဲတွင် ငှက်ပျောသီးစိမ်းအခြမ်းများကို အကျက်ညီအောင် သေသေချာချာ ကင်ပါလေတော့သည်။ ငရုတ်သီး၊ ချင်း(ဂျင်း)ထောင်း၊ ငှက်ပျောသီးစိမ်းမီးကင်နှင့် လက်ဖက်ရေနွေးကြမ်းမှာ အလွန်လိုက်ဖက်လှပါသည်။ အလွန်အရသာရှိသော ပူပူနွေးနွေး မွှမွှရွရွ ငှက်ပျောသီးစိမ်းမီးကင်ကို ယခုတိုင် သတိရနေမိပါသည်။ ချင်းရိုးရာ အစားအသောက်ရောင်းသော ဆိုင်များတွင် ထိုအစားအစာကို ရောင်းချမှုမတွေ့ရှိရပါ။ အရသာရှိသော ပူပူနွေးနွေး မွှမွှရွရွ ငှက်ပျောသီးစိမ်း မီးကင်ဖြစ်ဖို့မှာ ထက်ခြမ်းခြမ်းဖို့ လိုအပ်ပါသည်။ ထို့အပြင် ကင်ပုံကင်နည်းလည်း အရေးကြီး၏။ ကင်ပြီးပြီးချင်းလည်း စားဖို့လိုပါသည်။ ပူပူနွေးနွေးစားမှသာ အရသာပိုရှိသည်ဟု ဖခင်ဖြစ်သူက ပြောပြဖူးသည်များကို မှတ်တမ်းပြုဖော်ပြလိုက်ပါသည်။ ။

■



ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ နွမ်ဂျာသိုင်း၏ “တစ်ခါတုန်းက တက္ကသိုလ်မှာ” အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။




(၂၇-၁၁-၂၀၂၄ ရက်နေ့မှအဆက်)

“ယုံပါတယ် ကိုကိုရယ်၊ ဒါကြောင့် ခင်လေးလေ ကိုကို့ကို သိပ်ချစ်တာပဲသိလား”

ကျွန်တော့်ရင်ထဲတွင် နွေးခနဲဖြစ်သွား၏။ မျက်လွှာလေးချထားသော ခင်လေး၏ မျက်နှာလေး အနီးသို့ တဖြည်းဖြည်းကပ်ယူသည်။

“အို ...”

ငှက်ကလေးတစ်ကောင်သည် ဖျတ်ခနဲ ကံ့ကော်ကိုင်းပေါ်မှ ခုန်ထ၏။ ကျန်ရစ်သောကိုင်းလေးသည် ကျွန်တော်တို့နှစ်ယောက်၏ရင်များကဲ့သို့ တဆတ်ဆတ်တုန်ခါနေတော့သည်။

“ခင်လေးလည်း ဘာလုပ်ထားရမလဲဆိုတာ ပြောဦးလေကိုကို”

ကျွန်တော် ခဏမျှစဉ်းစားသည်။ ပြီးမှ -

“ခင်လေး၊ ဒီနေ့ အဝတ်အစားတွေပါသေးလား”

ခင်လေး ခေါင်းခါသည်။

“မပါဘူး ကိုကို၊ မနက်က အိမ်မှာ လူမလစ်လို့ ဘယ်လိုမှ သယ်လို့မရဘူး။ သေတ္တာတစ်လုံးထဲမှာ တော့စုထားပြီးသား။ မနက်ဖြန်ကျရင် နေ့လယ် လောက် မဖြူဆီသွားမလို့”

ကျွန်တော် ခေါင်းညိတ်သည်။ ခင်လေး ဆက်ပြောပြန်သည်။

“အဲဒါ ဒီနေ့မနက်ကပဲ ခင်လေး စဉ်းစားမိလို့။ အိမ်ကို မနက်ဖြန်ကျရင် မဖြူနဲ့ ရုပ်ရှင်သွားကြည့် မယ်ဆိုပြီးပြောထားတယ်။ အိမ်ကကားနဲ့သွားမှာ ဆိုတော့ အိမ်က ခွင့်ပေးတယ်”

ကျွန်တော်က တစ်စုံတစ်ခုကို စဉ်းစားမိပြီး -

“အဲဒီအချိန်မှာ ယူသွားလို့မရရင် ဘယ့်နှယ်လုပ်မလဲ ခင်လေး”

ခင်လေး ခေါင်းညိတ်၍ -

“အဲဒါ ခင်လေးတွေးပြီးသားပါ။ တစ်ခါတည်း ယူလို့မရရင် အပြန်မှာ မဖြူကို အိမ်ခေါ်လာခဲ့မယ်။ မဖြူကို ပြန်ပို့ရင်းနဲ့ယူသွားမယ်။ သေတ္တာက သိပ်မကြီးပါဘူး။ နောက်ဆုံးထုတ်လို့မရမချင်း မဖြူနဲ့ ထိုင်စကားပြောနေမယ် ကိုကိုရယ်”

“အင်း . . . ဒါဆို မဆိုးဘူး။ နောက်ဆုံး ခင်လေး ရယ် . . . ဘယ်လိုမှ ထုတ်မရလည်း မယူခဲ့နဲ့ပေါ့။ အရေးကြီးတာက အဝတ်အစားထက် ခင်လေးပါ။ အဝတ်အစားက ဘယ်မှာဝယ်ဝယ်ရပါတယ်”

ခင်လေးက ပြုံး၍ -

“မရဘူးဆိုတာ မရှိပါဘူး ကိုကိုရဲ့။ ခင်လေးက လည်းဖြစ်ချင်တာရှိရင်ဖြစ်တဲ့နေရာကနေဖြစ်အောင် လုပ်တတ်ပါတယ်။ ကိုကို့ခင်လေးပဲဥစ္စာ”

ကျွန်တော့်လေသံကိုယူ၍ ပြောလိုက်သော ခင်လေး၏အမူအရာကြောင့် နှစ်ယောက်သား ရယ်လိုက်ကြသည်။

ထိုစဉ် ကျွန်တော် တစ်ခုသတိရလိုက်သည်။

“ဪ . . . ခင်လေး၊ အရေးကြီးတာတစ်ခု ပြောမလို့”

ခင်လေး အံ့အားတသင့် မော့ကြည့်သည်။

“ခင်လေး အိမ်ကထွက်လာတဲ့အခါ လက်ဝတ် လက်စားတွေ အကုန်ထားခဲ့။ ပြီးတော့ အဝတ်အစား အသင့်အတင့်ကလွဲလို့ အဖိုးတန်ပစ္စည်းတွေ၊ အဖိုးတန် အဝတ်တွေ ဘာမှမယူခဲ့နဲ့။ ခင်လေးကလွဲလို့ တခြား ဘာမှအဖိုးတန်တာမပါစေနဲ့”

ခင်လေးက ကျွန်တော့်ကို အရည်လဲ့နေသော မျက်လုံးလေးများဖြင့် အတန်ကြာခန့် စိုက်ကြည့်သည်။ ပြီးမှ ကျွန်တော့်ကို လှမ်းဖက်၍ -

“ကိုကိုရယ် . . .”

ကျွန်တော့်ရင်ခွင်တွင် မျက်နှာအပ်လာသော ခင်လေးဆီမှ ပူနွေးနွေးအရည်အတွေ့ကိုရသည်။

“အို . . . ခင်လေး ငိုနေပါလား။”

“အို . . . ဘာလို့ငိုနေတာလဲ ခင်လေးရဲ့”

ခင်လေးက ပြောလိုက်ကာမှ ပို၍ရှိုက်သည်။ အငိုမရပ်သော်လည်း ကျွန်တော့်ရင်ခွင်ကို မျက်နှာ အပ်၍ သူပြောသည်။ လေသံသည်လုံးနေသော် လည်း ပီသပါ၏။

“ခင်လေးငိုတာ ဝမ်းနည်းလို့ မဟုတ်ပါဘူးကိုကို ရယ်၊ ဝမ်းသာလွန်းလို့ပါ။ ခင်လေး ကိုကို့ကို သိပ်ချစ် သလို သိပ်လေးစားပါတယ်။ ကိုကို ခင်လေးကို တစ်သက်လုံး ချစ်သွားရမယ်နော်။ ခင်လေးလေ ကိုကို့ကို သိပ်ချစ်တာပဲ”

သူ့အငိုကို ချော့ရန်ပြင်သော ကျွန်တော်သည် ကျွန်တော့်မျက်လုံးအိမ်မှ ဝဲကျလာသော မျက်ရည်စ ကို မထိန်းနိုင်တော့။

ဪ . . . အချစ်ဆိုသည့် ဖြူစင်သန့်ရှင်း မွန်မြတ်လှသည့် အရာကလေးသည် ဝမ်းသာလွန်း သော မျက်ရည်များကိုလည်း ဖန်တီးပေးတတ်ပါ၏။

တကယ့်ကို မလွှမ်းသော မျက်ရည်များပါ တကား။

*****

(၄)

“အဲဒါပဲ အမေ၊ အမေ့သဘောက ဘယ်လိုရှိလဲ ဆိုတာ သားသိချင်လို့ပါ”

ကျွန်တော့်စကားဆုံးသောအခါ အမေ မျက်မှောင်ကြုတ်သည်။ အမေ့မျက်နှာပေါ်တွင် ကျွန်တော် အဓိပ္ပာယ်မဝေခွဲနိုင်သောအရိပ်များ လှုပ်ရှားသွားသည်။ အမေ့ထံမှ ပေါ်ထွက်လာမည့် စကားသံကို ကျွန်တော် စိုးရိမ်တကြီးစောင့်မျှော်နေ မိ၏။

အမေ့မျက်လုံးများသည် ချိတ်ထားသော အဖေ့ ဓာတ်ပုံကို အတန်ကြာစူးစိုက်ကြည့်နေ၏။

အမေ ကျွန်တော့်ဘက်လှည့်လာသည်။ အမေ့ နှုတ်ခမ်းများ လှုပ်ရှားရန်ပြင်လိုက်သောအခါ ကျွန်တော့်ရင်သည် တထိတ်ထိတ်ခုန်လာ၏။ အမေ့ထံမှ မမျှော်လင့်စဖွယ် ထူးဆန်းသောစကား ကို ကြားရသည်။

“လုပ်ပေါ့သား၊ ဘာဖြစ်လဲ။ ကျန်တဲ့ကိစ္စတွေ အားလုံးက နောက်လုပ်ယူရင်ရတာပဲ။ အချစ်ဆိုတာ ကို ဘယ်လိုလုပ်ပြီး ထပ်ရှာလို့ရမလဲ။ သားမှာအခက် အခဲရှိရင် အမေကြိုးစားပြီး ထပ်ရှာမှာပေါ့”

ရင်ထဲတွင် ဝမ်းသာတုန်ယင်သောစိတ်ဖြင့် မျက်လုံးတွင် မျက်ရည်များ ရစ်ဝိုင်းလာသည်။ အမေ ဆက်ပြောပြန်သည်။

“သား . . . ပညာရေးတော့ မထိခိုက်စေချင်ဘူး ကွယ်။ လောလောဆယ် အမေ့မှာ ရှိသမျှလေးထုခွဲပြီး အဆင်ပြေအောင်လုပ်ယူတာပေါ့။ သားလည်း နောက်ဆို ဝင်ငွေရှိမယ့်ဥစ္စာပဲ”

အမေ့စကားနှင့်အတူ ဈေးတောင်ဘက် ကုက္ကိုပင်ကြီးဆီမှ ဥသြသံသဲ့သဲ့ကို ကြားရ၏။ နွေဦး၏ ဥသြသံသည် တက်ကြွရွှင်လန်းသောနိမိတ်ကို ဆောင်နေသည်ဟု ခံစားရသည်။

ခင်လေးကို ပြန်ပြောပြလျှင် ခင်လေး မည်မျှ ဝမ်းသာလိုက်လေမည်နည်း။ ကျွန်တော်တွေးမိ၏။

လရောင်သည် အိမ်တံစက်မြိတ်တွင် ချိတ်နေ၏။

ပြန့်ကျဲသွားသော လရောင်အပိုင်းအစများသည် သစ်ရွက်အကြိုအကြားတွင် ဟိုတစ်ကွက် သည် တစ်ကွက် စွန်းပတ်ဝင်ရောက်နေ၏။

ဆောင်းလက်ကျန် အအေးဖျော့ဖျော့နှင့်အတူ နွေဦး၏အငွေ့အသက်များကို ခံစားရသည်။ အိမ်ရှေ့ရှိ ဗာဒံပင်သည် လေဝှေ့လိုက်တိုင်း ဝါရွှေသော ရွက်ကျန်များ တဖြုတ်ဖြုတ်ပြုတ်၍ လွင့်ဝဲလာသည်။

ဗာဒံပင်ရိပ်မှ အမေ့လက်ရာ မြေတလင်း ပြောင်ပြောင်လေးသည် လရောင်အောက်တွင် ဖြူးနေ၏။

လက်ထဲမှ ဆေးပေါ့လိပ်ကို ပြာခြွေလိုက်ပြီး ပြာကြွေသွားသော ဆေးလိပ်ကိုယူ၍ တစ်ဖွာခန့် ရှိုက်သွင်းလိုက်သည်။ မီးခိုးများကို ပြန်ထုတ်လိုက် သောအခါ လရောင်ထဲတွင် မီးခိုးဖြူများသည် ခင်လေးဖြစ်၍ ပျောက်ကွယ်သွား၏။

ကျွန်တော် သက်ပြင်းတစ်ချက် ဟင်းခနဲ ချမိသည်။

ကျွန်တော့်ခေါင်းထဲတွင် အချစ်နှင့်ပတ်သက်၍ အခုအခံဖြစ်တတ်သည့် ပြဿနာအလုံးစုံကို သက်ပြိမ် ပန်းချီကားတစ်ချပ်ရှေ့တွင် ချ၍ ကိုယ့်အခြေအနေကိုယ် ပြန်ဆန်းစစ်ကြည့်သလို စဉ်းစားနေမိ၏။ အချစ်နှင့်ပတ်သက်၍ အခုအခံဖြစ်တတ်သော ပြဿနာများကို ကြည့်သည်။ ပြဿနာတစ်၊ နှစ်ယောက်ကြားရှိ အချစ်ပြဿနာ။ ခင်လေးကို ကျွန်တော်ချစ်သည်။ ကျွန်တော်ချစ်သကဲ့သို့ ခင်လေးကလည်း ကျွန်တော့်ကို နှစ်နှစ်ကာကာ သစ္စာရှိရှိချစ်သည်။ ကျွန်တော့်ဘက်က ခင်လေးနှင့် ပတ်သက်လာလျှင် ရှေ့ကဆီး၍ ဘီလူးတစ်သောင်း စောင့်စေဦး၊ ရှေ့ကခံ၍ ဂုမ္ဘာန်တစ်ထောင်စောင့်ကြပ် ဦး။ ကျွန်တော်ကတော့ လျှော့တော့မည်မဟုတ်။ ခင်လေးကလည်း ကျွန်တော်လက်ကမ်းလျှင် သမုဒ္ဒရာတစ်ဖက်ကမ်းမှဖြစ်စေ ပြေးလာမည့်သူ။ ထားတော့၊ ပြဿနာတစ် ပြေလည်ပြီ။

ပြဿနာနှစ်၊ ဘဝအဆင့်အတန်း ကွာခြားချက် ပြဿနာ။ ဒါကလည်း သိပ်စဉ်းစားစရာတောင် မလိုပါ။ ခင်လေး၏ အဆုံးအဖြတ်၊ ခင်လေးရဲ့ ရဲဝံ့ ပြတ်သားမှု၊ ခင်လေးရဲ့ အချစ်သစ္စာရှိမှုနဲ့ ကျွန်တော်၏ ယုံကြည်မှုတို့ကြားတွင်ပင် မှုန့်မှုန့်ညက်ညက် ကြေ၍ ပျောက်ပျက်သွားပြီ။ ပြဿနာနှစ် ရှင်းသွားပြီ။

ပြဿနာသုံး၊ လူမျိုးရေး၊ ဘာသာရေး ဝင်ရောက် စွက်ဖက်မှုပြဿနာ။ ဒါကတော့ ရှင်းပါသည်။ ကျွန်တော်တို့တွင် ဒီကိစ္စများနှင့်ပတ်သက်၍ ကံကောင်းထောက်မစွာပင် တစ်ချက်တလေမျှမရှိ။ ပြဿနာသုံး ကိုယ်နှင့်မဆိုင်။

ပြဿနာလေး၊ ဘဝကို တည်ဆောက်ရမည့် စီးပွားရေးပြဿနာ။ သည်တစ်ချက်ကဖြင့် ကျွန်တော်နှင့် တည့်တည့်ဝင်တိုးနေသည်ဖြစ်၏။ လက်ရှိအနေအထားအတိုင်းတွင် ကျွန်တော်တို့မှာ ပညာရှာဆဲ ကျောင်းတစ်ပိုင်းတစ်စ။ တွက်ကြည့် လျှင် နောက်ထပ် သုံးနှစ်ကျော်ကျော် ဘွဲ့ရအောင် လုပ်ရဦးမည်။

ဟူးခနဲ လေပူတစ်ချက်ကို မှုတ်ထုတ်လိုက်မိ၏။

အချစ်သည် သမီးရည်းစားဘဝ၌ အဖိုးတန် အလှပဆုံးသောအရာဖြစ်သော်လည်း အိမ်ထောင်မှု အတွက်ပါ စဉ်းစားသောအခါ အချစ်တည်တံ့ရပ်တည် နိုင်ရေးအတွက် စီးပွားရေးပြဿနာက ရှေ့တန်း တက်လာ၏။

အချစ်တစ်ခု တည်တံ့ခိုင်မြဲရေးနှင့် အိမ်ထောင်သည်ဘဝ သာယာရေးကိုတွက်လျှင် ပထမ စားစရာ ဖူလုံဖို့ကိစ္စ၊ ဒုတိယ ဝတ်စရာ ဆင်စရာ သင့်တင့်ရုံ၊ တတိယ နေစရာထိုင်စရာ၊ အနည်းဆုံး အခန်းလေး တစ်ခန်း။ ကျွန်တော်တို့အတွက်မူ ပိုလာသည်က ပညာသင်စရိတ်။

နိုင်ငံတော်မှ ထောက်ပံ့ပေးထားသော ပညာသင်ထောက်ပံ့ကြေး စတိုင်ပင်မှာ အိမ်ထောင်ပြုပြီး သည်အထိ ဆက်လက်ခံစားခွင့် ရှိ၊ မရှိ မသေချာ။ စာမေးပွဲကျလျှင် မရတော့တာတော့ သေချာသည်။ သို့သော် စည်းကမ်းချက် အမှတ် (၉)မှ အကယ်၍ ပညာသင်ထောက်ပံ့ကြေး ရရှိပြီး ယင်းထောက်ပံ့ ကြေးကို ဆက်လက်၍ပေးရန်မလိုသည့် အချက် အလက်များ တွေ့ရှိပါက ရပ်ဆိုင်းပစ်မည်ဆိုသော စကားသည် မည်မျှအထိ အကျုံးဝင်သနည်း ကျွန်တော်မသိ။

အဲ . . .တစ်ခုတော့ရှိသည်။ ကျူရှင်မှရသည့် လခလေးသည် ကျောင်းပြန်ဖွင့်ချိန် မေလမှစ၍ အဆင်ပြေနိုင်သည်။ အမေ့ထံမှ လောလောဆယ် ရနိုင်သောငွေကို မလိုချင်သော်လည်း ကျွန်တော့် အတွက်တော့ ယာယီပမာ အထောက်အပံ့အဖြစ် ထားနိုင်သည်။ **(ဆက်လက်ဖော်ပြပါမည်)**

❝ ပြန့်ကျဲသွားသော လရောင်အပိုင်းအစများသည် သစ်ရွက်အကြိုအကြားတွင် ဟိုတစ်ကွက် သည်တစ်ကွက် စွန်းပတ်ဝင်ရောက်နေ၏။ ဆောင်းလက်ကျန် အအေးဖျော့ဖျော့နှင့်အတူ နွေဦး၏အငွေ့အသက်များကို ခံစားရသည်။ အိမ်ရှေ့ရှိ ဗာဒံပင်သည် လေဝှေ့လိုက်တိုင်း ဝါရွှေသောရွက်ကျန်များ တဖြုတ်ဖြုတ်ပြုတ်၍ လွင့်ဝဲလာသည်။ ဗာဒံပင်ရိပ်မှ အမေ့လက်ရာ မြေတလင်း ပြောင်ပြောင်လေးသည် လရောင်အောက်တွင် ဖြူးနေ၏။ လက်ထဲမှဆေးပေါ့လိပ်ကို ပြာခြွေလိုက်ပြီး ပြာကြွေသွားသော ဆေးလိပ်ကိုယူ၍ တစ်ဖွာခန့် ရှိုက်သွင်းလိုက်သည်။ မီးခိုးများကို ပြန်ထုတ်လိုက်သောအခါ လရောင်ထဲတွင် မီးခိုးဖြူများသည် ခင်လေးဖြစ်၍ ပျောက်ကွယ်သွား၏ ❞

စာရေးဆရာ နွမ်ဂျာသိုင်း၏ “တစ်ခါတုန်းက တက္ကသိုလ်မှာ” စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်း ဖြစ်ပါသည်။

**စာတည်း**

☆ MNL-2 မှ
တစ်လုံးတည်းသော အနိုင်ဂိုးကို ၄၅+၁ မိနစ်တွင် အောင်မြင့်မြတ်က သွင်းယူခဲ့သည်။


ပြိုင်ပွဲအပြီးတွင် Chinland အသင်းက ၁၄ ပွဲကစား ၁၀ ပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံး ရမှတ် ၃၂ မှတ်ဖြင့် ချန်ပီယံဖြစ်ခဲ့ပြီး တက္ကသိုလ်အသင်းက ရမှတ် ၃၀ ဖြင့် ဒုတိယ၊ ရာမညယူနိုက်တက်အသင်းက ရမှတ် ၃၀ ဖြင့် တတိယရရှိပြီး ကချင်ယူနိုက်တက် အသင်းက ၂၈ မှတ်၊ Glory Goal အသင်းက ၁၈ မှတ်၊ ငွေကြယ်ပွင့်အသင်းက ရှစ်မှတ်၊ ရွှေပြည်သာ ယူနိုက်တက်နှင့် ဧရာဝတီရိန်းဂျားအသင်းတို့က ခုနစ်မှတ်စီရရှိသည်။

တက္ကသိုလ်အသင်းနှင့် ရာမညယူနိုက်တက် အသင်းပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ ၁၈ ဂိုးဖြင့် သွင်းဂိုးအများဆုံးရ ဇော်ဇော်ထိုက် (တက္ကသိုလ်) အသင်းအား ဆုတံဆိပ်နှင့် ငွေကျပ် ငါးသိန်း၊ တတိယဆုရ ရာမညယူနိုက်တက်အသင်း အား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေကျပ်သိန်း ၁၀၀၊ ဒုတိယဆုရသည့် တက္ကသိုလ်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေကျပ်သိန်း ၁၅၀၊ ပထမဆုရရှိသည့် Chinland အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေကျပ်သိန်း ၂၀၀ နှင့် ချန်ပီယံဆုဖလားတို့ကို ပေးအပ်ချီးမြှင့်သည်။

သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MNL

❖ ကျောဖုံးမှ
ခန့်မှန်းချက်

အဆိုပါ အားကောင်းသော မုန်တိုင်းငယ်သည် နောက် ၁၂ နာရီအတွင်း မြောက်ယွန်းယွန်းသို့ ရွေ့လျား နိုင်ပြီး သီရိလင်္ကာနိုင်ငံ ကမ်းခြေအနီးမှဖြတ်ကျော်ကာ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ပိုမိုအားကောင်းလာ နိုင်သည်ဟု ခန့်မှန်းရသည်။ ထိုမှတစ်ဆင့် မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နိုဝင်ဘာ ၃၀ ရက်တွင် အိန္ဒိယနိုင်ငံ တမီးလ်နာဒူးမြောက် ပိုင်း- ပူဒူချယ်ရီကမ်းခြေတို့ကို အားကောင်းသော မုန်တိုင်း ငယ်အဆင့်ဖြင့် ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရ သည်။



၂၈-၁၁-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် (၁၇:၃၀ )နာရီအချိန် တိုင်းထွာချက်အရ အားကောင်းသောမုန်တိုင်းငယ်လမ်းကြောင်းပြမြေပုံ

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်၏အရှိန် ကြောင့် ယနေ့ညမှ နိုဝင်ဘာ ၃၀ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူး တိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ် နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာ ကျဲကျဲ မိုးရွာနိုင်ပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မိုး/ဇလ

✻ လီဗာပူးအသင်းမှ
ဘယ်အသင်းကမှ ဂိုးမသွင်းနိုင်ခဲ့ပေမယ့် ဒုတိယပိုင်းသွင်းဂိုးတွေနဲ့ လီဗာပူး အသင်းက အနိုင်ရရှိခဲ့တာဖြစ်ပါ တယ်။

အဲဒီပွဲစဉ်မှာ လီဗာပူးအသင်းအတွက် သွင်းဂိုးတွေကို ဒုတိယပိုင်းပွဲကစားချိန် ၅၂ မိနစ်မှာ မက်အဲလစ်စတာကတစ်ဂိုး၊ ၇၆ မိနစ်မှာ ဂတ်ပိုကတစ်ဂိုး သွင်းယူပေး ခဲ့တာဖြစ်ပါတယ်။ လီဗာပူးအသင်းဟာ ရီးယဲလ်မက်ဒရစ်အသင်းကို အနိုင်ရရှိခဲ့ တာကြောင့် ချန်ပီယံလိဂ်ပွဲစဉ်(၅) ယှဉ်ပြိုင်ကစားပြီးချိန်မှာ ငါးပွဲစလုံး အနိုင်ရရှိခဲ့မှုနဲ့အတူ ရမှတ် ၁၅ မှတ်နဲ့ ဇယားထိပ်မှာ ဦးဆောင်နိုင်ခဲ့ပေမယ့် ရီးယဲလ်မက်ဒရစ် အသင်းကတော့ ချန်ပီယံလိဂ်ပွဲစဉ်မှာ နှစ်ပွဲနိုင်၊ သုံးပွဲရှုံး ရမှတ်ခြောက်မှတ်သာ ရရှိခဲ့တာကြောင့် အမှတ်ပေးဇယားအဆင့်(၂၄)နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

အခြားသော ချန်ပီယံလိဂ်ပွဲစဉ်တွေ မှာတော့ ရက်စတားအသင်းက စတုဂတ်အသင်းကို ငါးဂိုး-တစ်ဂိုး၊ စတမ်းအသင်းက ဂျီရိုနာအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ လိုင်လီအသင်းက ဘိုလော့ဂ်နာအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ဒေါ့မွန်အသင်းက ဒိုင်နမိုဇာဂရက် အသင်းကို သုံးဂိုး-ဂိုးမရှိ၊ ဘင်ဖီကာ အသင်းက မိုနာကိုအသင်းကို သုံးဂိုး-နှစ်ဂိုး၊ ပီအက်စ်ဗွီအသင်းက ရှက်တာ ဒိုးနက်စ်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဆဲလ်တစ်အသင်းနဲ့ ကလပ်ဘရုဂျ်အသင်း တို့ပွဲစဉ်မှာ တစ်ဖက်တစ်ဂိုးစီသရေ၊ အက်စ်တွန် ဗီလာအသင်းနဲ့ ဂျူဗင်တပ်အသင်းတို့ ပွဲစဉ်မှာ ဂိုးမရှိသရေစသဖြင့် ရလဒ် အသီးသီး ထွက်ပေါ်ခဲ့တာဖြစ်ပါ တယ်။

ငွေကြယ်

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် နိုဝင်ဘာ ၂၈

ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့် အတင့် ဖြစ်ထွန်းမည်။ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ ပိုင်း)တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) တွင် နေရာစိပ်စိပ်၊ ချင်းပြည်နယ်တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မိုး/ဇလ

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏။


### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံ မြို့သစ်၊ မြေတိုင်းရပ်ကွက် (၁၄)၊ ရာဇဓိရာဇ်လမ်း၊ မြေကွက်အမှတ် - (၃၆၉) ဟုခေါ်တွင်သော အလျား ၂၂ ပေ၊ အနံ ၆၀ ပေ (မြေကွက်အမှတ် - ၃၇၀နှင့် ကပ်လျက်)၊ အရာခံဗိုလ် - ဦးမြမောင် အမည်ပေါက် ပါမစ်မြေကွက်နှင့် မြေပေါ်ရှိ နေအိမ်နှင့် ရေ/မီး အစုံအပါ အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်မိုး စပယ် (ခ) ဒေါ်မြင့်မြင့် မှတ်ပုံတင်အမှတ် [၈/ပခက(နိုင်)၁၉၁၅၄၀]မှ ဝယ်ယူပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုလျက် ရောင်းချသည့် အပေါ် ကျွန်ုပ်မိတ်ဆွေမှ ယုံကြည်ပြီး ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသ အား ရောင်းသူလက်သို့ ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိသောယနေ့အကြော်ငြာစာပါနေ့မှ (၇) ရက်အတွင်း ခိုင်လုံသော သက်သေခံ အထောက်အထားများဖြင့် ကျွန်ုပ် ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်ရန်မရှိပါက ဤ အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက် လုပ်ကိုင်သွားတော့မည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ကျော်စိုး[၅/တဆန(နိုင်)၀၅၇၆၉၉]၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်ကျော်လွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၈၂)**
**အမှတ် - ၁၂၄၊ ရော - ၂၂လမ်း၊ (ည)ရပ်ကွက် မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph:09-43073659**



### "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ သီတာလမ်း၊ အမှတ်(၄၁)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက်အနက်မှ ၃-လွှာ(ဘီ)(တိုက်ကိုမျက်နှာမူလျှင်- ဝဲဘက်ခြမ်း) (ခြေရင်းခန်း)၊ အကျယ် အဝန်း (၁၅ x ၆၀ )ပေရှိ တိုက်ခန်း(၁)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးမြင့်စိုး [၁၂/ပဇတ(နိုင်)၀၁၁၉၁၆]နှင့် ဒေါ်ခင်မေသန်း [၇/ပခန(နိုင်) ၃၁၀၇၆၆]တို့မှ တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးအောင်ဌေးဝင်း [၁၂/ တမန(နိုင်)၀၇၁၀၆၃]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ် တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်း အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လို သူများရှိပါက ဤကြေညာစာပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက် ကျော်လွန်၍ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မာမာသိန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၉၂)**
**ဒေါ်နီနီဝင်း (LL.B) ဒေါ်နှင်းဝေလွင် (LL.B) ဦးထွန်းသူအောင် (LL.B)**
**(စဉ်-၅၁၇၁၈) (စဉ်-၅၄၃၀၅) (စဉ်- ၅၅၇၆၄)**
**အထက်တန်းရှေ့နေများ**
**အမှတ်- ၃၆၊ မြေညီထပ်၊ ၈၉-လမ်း၊ ကန်/နောက်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉- ၅၀၈၈၆၀၅၊ ၀၉- ၅၀၆၄၉၅၉**



### ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃)၊ မြေကွက်အမှတ်-D/1၊ ဧရိယာ (၆၀×၈၀)ပေ၊ (၄၈၀၀) စတုရန်းပေရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့မှာ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာန၏ မြို့မြေစာရင်းတွင် **ဦးစိုးမြင့် (၇/ကဝန(နိုင်) ၀၈၇၆၀၁)** အမည်ပေါက် လက်ရှိထားပိုင်ဆိုင်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေမှ ယခုအခါ အဆိုပါမြေကွက်အား ခြံစည်းရိုးကာရံခြင်း၊ ဌာနဆိုင်ရာကိစ္စရပ်များဆောင်ရွက်ခြင်း၊ မီတာလျှောက်ထားခြင်း၊ အဆောက်အအုံ ဆောက်လုပ်ခြင်းများ ပြုလုပ်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက (၇)ရက်အတွင်း တိကျခိုင်လုံသောအ ထောက်အထားများဖြင့် ကျွန်ုပ်၏ထံသို့လာ ရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက မြေကွက် နှင့် ပတ်သက်သည့် ကိစ္စအဝဝအား ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်းအများ သိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဦးစိုးမြင့် (၇/ကဝန(နိုင်)၀၈၇၆၀၁)

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဇော်မျိုးထက် (LL,B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၉၂၇)

အမှတ်(၁၀၁)၊ ပထမထပ်၊ (၃၉)လမ်း၊ ကျောက်တံတားမြို့နယ်။ ၀၉-၄၃၂၀၇၃၃၉၊၀၉-၄၂၀၀၈၇၃၇၇၊



### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၀)ရပ်ကွက်၊ ဒူးယား(၃)လမ်း၊ အမှတ်(၆၀၉-B)နေ ဦးမောင်မောင်ကြီး[၁၁/ကဖန(နိုင်)၀၄၀၆၃၃]နှင့် ဒေါ်သဇင်ဦး[၁၂/ဥကတ(နိုင်)၁၅၇၁၇၅]တို့၏ လွှဲအပ်ညွှန်ကြားချက် အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ဦးမောင်မောင်ကြီးနှင့် ဒေါ်သဇင်ဦးတို့၏ သားဖြစ်သူ မောင်ရဲလင်းနောင်[၁၂/ဒဂမ(နိုင်)၀၆၂၉၂၈]သည် ဖခင်နှင့်မိခင် တို့၏ ဆိုဆုံးမှုကို လိုက်နာခြင်းမရှိဘဲ ၎င်း၏သဘောဆန္ဒအတိုင်းပြုမူလုပ်ဆောင်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော လူမှုရေးအရှုပ်အရှင်း၊ ငွေကြေးအရှုပ်အရှင်း အခြားမည်သည့်ကိစ္စအဝဝကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သင်းသင်းဝါ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၄၈၂၄)**
**အမှတ်(၆၅၆)၊ ပိတောက်ရွှေဝါလမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**ဖုန်း ၀၉-၂၅၃၄၂၃၂၅၅၊ ၀၉-၇၇၀၀၈၈၃၁၀**



### "ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ အပိုင်း(၄)၊ ငမိုးရိပ်လမ်း၊ အမှတ်(၂၆၂) ဟုခေါ်တွင်သော အကျယ်အဝန်း (၂၃ x ၄၇) ပေရှိ တိုက်ခန်းနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း"

အထက်ဖော်ပြပါတိုက်ခန်းနှင့် ပတ်သက်၍ မိခင်ဖြစ်သူ ဒေါ်စန်းမြင့်နှင့် သားသမီးများ ဖြစ်ကြသော ဦးမျိုးခိုင်၊ ဦးမျိုးနိုင်၊ ဒေါ်သင်းသင်းခိုင်၊ ဦးမြင့်ဦး၊ ဦးထွန်းလင်းတို့မှ အစ္စလာမ် တရားတော်နှင့် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြပါသည်။

အဆိုပါအမွေဆက်ခံပိုင်ဆိုင်သည့်တိုက်ခန်းအား မိသားစုအစုံအလင်ဖြင့် (၂၄-၁၁-၂၀၂၄) ရက်စွဲပါ "မိသားစုစီမံမှုသဘောတူကတိစာချုပ် " ကို လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ပြီးဖြစ်ပါ ကြောင်း အများသိစေရန် ကြေညာပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူများ -** | **လွှဲအပ်ညွှန်ကြားချက်အရ -** |
| **ဒေါ်စန်းမြင့်** | **ဒေါ်မာမာသိန်း (LL.B)** |
| **[၁၂/သဃက(နိုင်)၁၄၃၆၆၇]** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၉၂)** |
| **ဦးမျိုးခိုင်** | |
| **[၁၂/သဃက(နိုင်)၁၄၄၃၈၅]** | **ဒေါ်နီနီဝင်း (LL.B)** |
| **ဦးမျိုးနိုင်** | **အထက်တန်းရှေ့နေ (စဉ်-၅၁၇၁၈)** |
| **[၁၂/သဃက(နိုင်)၁၇၂၃၃၈]** | **အမှတ်- ၂၇၅၊ ပထမထပ်၊ ဗညားဒလလမ်းမ၊** |
| **ဒေါ်သင်းသင်းခိုင်** | **အရိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊** |
| **[၁၂/သဃက(နိုင်)၁၈၄၉၉၉]** | **ရန်ကုန်တိုင်းဒေသကြီး။** |
| **ဦးမြင့်ဦး** | **ဖုန်း- ၀၉-၅၀၆၄၉၅၉** |
| **[၁၂/သဃက(နိုင်)၁၆၆၀၈၂]** | |
| **ဦးထွန်းလင်း** | |
| **[၁၂/သဃက(နိုင်)၁၉၀၉၄၂]** | |



### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ လယ်ယာရွှေမြေလမ်းနှင့် အနန္တဂုဏ်ရည်လမ်းထောင့်၊ အခန်းအမှတ် (4C)၊ ၄-လွှာ၊ အမှတ် (၉+၁၀) မြေပေါ်တွင် ဆောက်လုပ်ထားသော ကွန်ဒိုတိုက်ခန်း၊ အကျယ်အဝန်း (၁၈၀၀ စတုရန်းပေ)ရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ဝယ်ထားရောင်းချ ပိုင်ခွင့်ရှိသူ ကန်ထရိုက်တာဒေါ်ခင်အေးချို [၁၂/မဂတ (နိုင်) ၀၈၄၂၆၈] [Einzali Phyo Construction & Trading Co., Ltd.] ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မြတ်မြတ်လှိုင် [၁၃/တကန(နိုင်)၀၃၆၆၇၅] က ဝယ်ယူရန် စရန်ငွေပေးကတိစာချုပ် ချုပ်ဆိုပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါကွန်ဒိုတိုက်ခန်း အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါ သည့်ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည် အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ခင်မြတ်မြတ်လှိုင်၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ချစ်ပြည့်ပြည့်ဖြိုး LL.B, LL.M, D.B.L, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၄၂၃)**
**အမှတ် (၅၆)၊ ဗမ္မာ့သီရိလမ်း၊ ဗိုလ်ကံညွန့်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၄၀၁၅၅၁၇၂၃၊ ၀၉-၇၈၂၆၇၃၄၉၁**



### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊ အမှတ်(၈၆)ဟုခေါ် တွင်သည့် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၈)ထပ်တိုက်၏ ၅-လွှာ(၅-အေ ထောင့်ခန်း)၊ အကျယ်အဝန်း (အလျားxအနံ) (၁၈ပေx၇၀ပေ)ရှိ တိုက်ခန်းတစ်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်ဆက်စပ် ပတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို (၂၇-၁၂-၂၀၀၅) ရက်စွဲပါ "နှစ်ဦးသဘောတူ တိုက်ခန်း အရောင်းအဝယ် ကတိစာချုပ်" အရ တရားဝင်လက်ရောက်ပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဒေါ်လထော်လုရာ [၁/မကန(နိုင်)၀၉၉၈၇၄]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက (၂၈-၁၁-၂၀၂၄) ရက်စွဲပါ "နှစ်ဦးသဘောတူတိုက်ခန်းအရောင်းအဝယ်စရန်ပေး ကတိ စာချုပ်"ဖြင့် တန်ဖိုးငွေများအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေ၍ ဝယ်ယူထားပါသည်။ အဆိုပါ ပစ္စည်းနှင့်ပတ်သက်၍ အပြီးသတ်ငွေအပြေအကျေပေးချေပြီး တရားဝင် လက်ရောက်ပိုင်ဆိုင်ရေးကိစ္စ ရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တရားဝင် ပိုင်ဆိုင်ရေးကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်အေးသန္တာမြင့်** | **ဒေါ်ခင်နီလာဦး** |
| **LL.B,W.I.P.O (Switzerland)** | **L.B, D.B.L, B.D.S (MOFA)(Dip in English),** |
| **အထက်တန်းရှေ့နေ (စဉ်-၅၅၀၃၇)** | **W.I.P.O (Switzerland)** |
| | **အထက်တန်းရှေ့နေ (စဉ်-၃၉၁၁၃)** |

**အမှတ်-၁၁၀၆/ခ၊ အဏ္ဏဝါလမ်းနှင့်ကန်သာယာ(၂)လမ်းထောင့်၊ (၃၅)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း-၀၉ -၂၆၄၅၀၉၉၄၅၊ ၀၉- ၂၅၉၄၆၄၂၅၅**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေး(တောင်)ရပ်ကွက်၊ အောင်သပြေလမ်း၊ အမှတ်(၄၃/က)၊ တစ်ခန်းတည်း RC(၃)ထပ်ခွဲတိုက်မှ ပထမထပ်၊ ဧရိယာ(၉၇၂)စတုရန်းပေရှိတိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်မိုးစန္ဒာ[၁၂/ကမတ(နိုင်)၀၀၂၀၉၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်စန္ဒာသော်[၁၂/ရကန(နိုင်)၀၆၈၅၁၆]မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခင်စန္ဒာသော်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းမင်းစိုး LL.B,WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၆၆၄)**
**အမှတ်(၂၀၁)၊ ဘရဏီလမ်း၊ (၁၂)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph–09–450023651, 09–793568375**

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(ခ)၊ မြေကွက်အမှတ်(၇၉/က)၊ (ခ/၄)လမ်း၊ အမှတ်(၈၄)ဟုခေါ်တွင်သော အလျား(၂၀)ပေxအနံ(၆၀)ပေအကျယ်ရှိ ဦးဇော်ဝင်းအမည်ပေါက် ဂရန်မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝင်းသော်တာဦးမှ ဝယ်ယူရန် တစ်စိတ်တစ်ဒေသအား စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်ကိစ္စ အရပ်ရပ်အား ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မူမူအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၃၄၆)**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။ ဖုန်း–၀၉–၄၃၁၉၀၀၈၂**

## အများသိစေရန် သတိပေးကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေသည် ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၂/တောင်မာန်ပြေရပ်ကွက်၊ မာန်ပြေ ၅–လမ်းအနောက်၊ အမှတ်–၁၀၄၄၊ ၂–ခန်းတွဲ၊ ၆–ထပ် ကန်ထရိုက်တိုက်မှ ပဥ္စမအထပ်(၆–လွှာ)ခြေရင်းခြမ်း၊ အကျယ်အဝန်း အလျား(၁၇)ပေxအနံ(၅၄)ပေအကျယ်ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ ဝင်ထွက်သွားလာခွင့်ဆိုင်ရာ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ပိုင်ဆိုင်သည့် ဦးဝင်းနိုင်[၁၂/ဥကမ(နိုင်)၂၆၃၀၁၁] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက မည်သူမဆို အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း စာချုပ်စာတမ်း(မူရင်း)အထောက်အထားများနှင့်တကွ တရားဝင်ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသူရိန်ထွန်း LL.B, DBL, DML, DIL, DIPL, D.A.Psy**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၂၆၁)**
**အခန်း ၁၆(ခ)၊ ပထမထပ်၊ အမှတ်–၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၂၁၀၆၂၈၉၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ မြင်သာ(၁)လမ်း၊ အမှတ်(၃/က)၊ (၄–လွှာ)ဟုခေါ်တွင်သော (အလျား ၁၈ ပေ x အနံ ၅၅ ပေ) အကျယ်အဝန်းရှိ ရေမီးစုံတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်အေမီမွန် [၁၂/ဥကတ(နိုင်)၀၄၂၁၁၂]က တရားဝင်ပိုင်ဆိုင်ပြီး လက်ဝယ်ရှိသည့်အပြင် တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နှင်းအိခိုင် [၁၄/အဂပ(နိုင်)၁၇၃၈၆၉]မှ အပြီးအပြတ်ဝယ်ယူရန် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းအထောက်အထားများတင်ပြ၍ ကျွန်ုပ်ထံ ဤကြေညာချက်ပါရှိသည့်နေ့မှ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်စေ့ရောက်ကုန်ဆုံးပါက အရောင်းအဝယ်ကို အပြီးသတ်ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်နေခြည်ဝင့် LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၀၈၄)**
**အမှတ်–၅၆၅၊ အခန်း–၁၀၃/ဒီ၊ MAC Towen**
**ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၄၂၅၃၂၃၃၉၀**

## မြောက်ဥက္ကလာပမြို့နယ်၊ သုမင်္ဂလာလမ်းမ၊ မြေကွက်အမှတ်–၅၅၈(က)၊ အခန်းအမှတ်–A–2 ဧရိယာ (၁၆ပေx၄၈ပေ) တိုက်ခန်း(၁)ခန်း အရောင်းအဝယ်အား ကန့်ကွက်လိုသူရှိပါက ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါတိုက်ခန်း(၁)ခန်းအား (၁၈–၈–၂၀၂၃)ရက်စွဲပါ "မြောက်ဥက္ကလာပမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့(မြေရှင်)နှင့် သန်မြန်သူဆောက်လုပ်ရေးကုမ္ပဏီ (၎င်း၏ကိုယ်စား ဦးမြင့်ကြည်(MD) [၁၂/မဘန(နိုင်)၀၄၅၁၈၃] တို့ နှစ်ဦးနှစ်ဖက်အခန်းပေးအခန်းယူစနစ်ဖြင့် အဆောက်အဦဆောက်လုပ်ရန်စာချုပ်" အရ သန်မြန်သူဆောက်လုပ်ရေးကုမ္ပဏီ၏ကိုယ်စား ဦးမြင့်ကြည်မှ ရရှိပိုင်ဆိုင်သော အခန်းအား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေသဇင်မြင့် [၁၂/မရက(နိုင်)၁၆၅၄၄၅]မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထားဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မေသဇင်မြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ယဉ်နွယ်ဝင်း(LL.B,D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၄၁၃)**
**အမှတ်(၁၁၇၇)၊ သုမင်္ဂလာလမ်းမ၊ ၂/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ဖုန်း–၀၉–၄၀၂၅၁၂၉၀၁**

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအထက်ရပ်ကွက်၊ ဒဂုံသီရိလမ်း၊ အမှတ်(၈၈)ဟုခေါ်တွင်သော တိုက်၏ (၇–လွှာ/ခေါင်းရင်းခန်း)၊ အကျယ်အဝန်း(၁၆ပေx၆၅ပေ) အကျယ်ရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းတွင်တပ်ဆင်ထားသော ကိုယ်ပိုင်လျှပ်စစ်မီတာ၊ ကိုယ်ပိုင်ရေမော်တာအပါအဝင် တိုက်ခန်းနှင့်စပ်ဆက်လျက်ရှိသည့် အကျိုးခံစားခွင့်နှင့် လူနေထိုင်သုံးစွဲခွင့်အရပ်ရပ်အားလုံးတို့အား ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးပြုံးချို[၁/မမန(နိုင်)၀၀၀၅၀၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သီရိမွန် [၁၂/ဥကမ(နိုင်)၂၂၃၇၉]က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်မာမင်း LL.B,D.B.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၁၆၅၁)**
**အမှတ်(၁၁၇)၊ ၄–လွှာ၊ အောင်မင်္ဂလာပတ်လမ်း၊**
**ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်။ ဖုန်း–၀၉–၄၂၀၀၃၁၃၅၂**

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးကြောင်း ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာအုပ်စု၊ သဲဖြူချောင်းကျေးရွာ၊ စေတနာလမ်း၊ အမှတ်(၄၂၆)နေ ဦးတင်ဦး [၁၂/သကတ(နိုင်)၀၀၁၉၂၈]နှင့် Moo3,Soi Sinsomboom, sukhumvit road, tambon phai ban mai, mueang district, samuprakan, province 10280, Bangkok, Thailand နေ ဒေါ်မို့မို့ဝင်း [၁/ကမန(နိုင်)၀၁၇၉၄၂] တို့သည် စိတ်သဘောထားချင်းမတိုက်ဆိုင်သဖြင့် (၁၅–၁၁–၂၀၂၄) ရက်နေ့ တွင် "နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်" အရ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်းနှင့် နောက်နောင်တွင် ဒေါ်မို့မို့ဝင်း၏ ကိစ္စအဝဝနှင့်ပတ်သက်၍ ဤကြော်ငြာပါသည့်နေ့မှစ၍ ကျွန်ုပ်၏မိတ်ဆွေ ဦးတင်ဦးနှင့် လုံးဝမသက်ဆိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဝင်းလဲ့ဖြူ(LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၅၅၃၂၁)**
**အမှတ်(၉၉၁)၊ အောင်သဇင်လမ်း၊ အေးသစ္စာရပ်ကွက်၊**
**သန်လျင်မြို့၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၆၉၇၃၀၂၈၈၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ရွှေလင်ပန်း–၂၊ မြေကွက်အမှတ်–၇၅၇၊ ဗိုလ်မှူးတင်ဖေ အမည်ပေါက် မြေချပါမစ်၊ (၂၀x၆၀)ပေ အကျယ်ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မူလပိုင်ရှင်ထံမှ အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်လက်ဝယ်ရှိသူ ဦးသန့်ဇင်ထွန်း [၉/ပကခ(နိုင်)၀၂၂၆၀၄]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါမြေကွက်အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်ဝင်းမာလာ (LL.B)** | **ဦးညာဏ်လင်းအောင် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၈၆၅၀)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၉၀၁၅)** |

**အမှတ်–၂၈၇/က၊ စပ်စံထွန်းလမ်း၊ (၉)ရပ်ကွက်၊**
**လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၄၄၃၁၆၀၄၈၀၊ ၀၉– ၄၄၉၉၂၈၁၉၉**

## အမွေရှင်ဒေါ်စိန်(ခ)ဒေါ်မစိန်ပိုင်ဆိုင်ကျန်ရစ်သောပစ္စည်းများအား စီမံခန့်ခွဲခွင့်အမိန့်ချမှတ်ပေးပါရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၃၀၇ အရ လျှောက်ထားကြောင်းအကြောင်းကြားစာ မရမ်းကုန်းခရိုင်တရားရုံးတော်

### ၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၉၀

| | |
|---|---|
| ဦးစောမြအုံး<br>(၎င်း၏အခွင့်ရကိုယ်စားလှယ်<br>ဦးသန်းစိန်ထွန်း) | လျှောက်ထားသူ |

အမွေရှင်ကွယ်လွန်သူ ဒေါ်စိန်(ခ)ဒေါ်မစိန် ပိုင်ဆိုင်ကျန်ရစ်သော ပစ္စည်းများနှင့်ပတ်သက်သော အမှုအရေးကိစ္စတွင် သက်ဆိုင်သူများကို သိစေလိုက်သည်။

အထက်အမည်ပါ လျှောက်ထားသူ(အမွေထိန်း)က အမွေရှင်ကွယ်လွန်သူ ဒေါ်စိန်(ခ)ဒေါ်မစိန် ပိုင်ဆိုင်ကျန်ရစ်သော ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၃(သမိုင်း)၊ မြေကွက်အမှတ်(၅/စ–၃)၊ အကျယ်အဝန်းဧရိယာ(၀.၂၃၂)ဧကရှိ မြေအမျိုးအစား(B)၊ မြေပိုင်မြေ(လ/န–၃၉) ရရှိပြီး ဒေါ်စိန်အမည်ပေါက် မြေပိုင်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၇)၊ ဦးရေခဲလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သော အဆောက်အဦ အပါအဝင်နှင့်ပတ်သက်၍ အမွေထိန်းလက်မှတ်စာကို(၁၄–၁၁–၂၀၂၄) ရက်နေ့တွင် ထုတ်ပေးပြီးဖြစ်ကြောင်းနှင့် လျှောက်ထားသူ (အမွေထိန်း)မှ အမွေရှင်ကွယ်လွန်သူ ဒေါ်စိန်(ခ)ဒေါ်မစိန် ပိုင်ဆိုင်ကျန်ရှိရစ်သော ဖော်ပြပါပစ္စည်းအား စီမံခန့်ခွဲခွင့်ပြုနိုင်ရန်အတွက် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ– ၃၀၇ အရ လျှောက်ထားလာရာ ၎င်းလျှောက်လွှာကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ (၄) ရက် (၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်) နံနက်(၁၀)နာရီတွင် ကြားနာစစ်ဆေးရန် ချိန်းဆိုထားကြောင်းနှင့် ဆိုခဲ့သော အမွေရှင် ဒေါ်စိန်(ခ)ဒေါ်မစိန်၏ ပစ္စည်းအရေးကိစ္စတွင် သက်ဆိုင်သူ မည်သူမဆို ဖော်ပြပါရုံးချိန်းရက်တွင် ဤရုံးတော်သို့ လာရောက်ကန့်ကွက်လျှောက်ထားနိုင်ကြောင်း အကြောင်းကြားသိစေလိုက်သည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မြတ်ခိုင်ဝင်း)**
**ခရိုင်တရားသူကြီး**
**မရမ်းကုန်းခရိုင်တရားရုံး**

## ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ (စမ်း/မြောက်)ရပ်ကွက်၊ ပဒုမ္မာလမ်း၊ ကွန်ဒိုတိုက်အမှတ်(၂၉)၊ (၂)ခန်းတွဲ (၈)ထပ်တိုက် Lift (၁)စင်းပါ ကွန်ဒိုအဆောက်အဦမှ (၇–လွှာ/ခြေရင်းခန်း) ကွန်ဒိုတိုက်ခန်း အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါသည်

အထက်လိပ်စာပါကွန်ဒိုတိုက်ခန်းကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်လျက်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော နန်းမြနွယ်ကြာထွန်း [၁၃/တကန(နိုင်)၁၃၇၃၉၄]+နန်းရွှေရည်သိမ်း [၁၂/မရက(နိုင်)၁၂၆၇၁၇] တို့ထံမှ ဒေါ်စပယ်ဝေ [၈/သရန(နိုင်)၀၁၁၁၂၄] က အပြီးအပိုင်ဝယ်ယူရန်အတွက် ကွန်ဒိုတိုက်ခန်းတန်ကြေးငွေမှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ရာ အဆိုပါကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ပြည့်စုံခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်စပယ်ဝေ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅) ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း – ၀၉–၅၁၈၁၈၂၀**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၄၃)၊ မြေကွက်အမှတ်(၆၅၂/ခ)၊ အေးရိပ်သာ(၂)လမ်း၊ အမှတ်(၆၅၂/ခ)၊ ဒေါ်နွဲ့ (MBN–၁၈၈၄၉၉)၊ [၁၂/ဥကတ(နိုင်)၀၀၉၂၈၅] အမည်ပေါက် (၄၀–ပေx၆၀–ပေ) အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေကွက်အနက်မှ တရားဝင်ခွဲစိတ်ခြင်း မပြုရသေးသော (ခြေရင်းခြမ်း)၊ (၂၀–ပေx၆၀–ပေ) အကျယ်အဝန်းရှိ မြေကွက်နှင့် အဆောက်အဦအရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါသည်

အထက်လိပ်စာပါ မြေကွက်နှင့်အဆောက်အဦကို တရားဝင်လက်ဝယ်ထားလက်ရှိပိုင်ဆိုင်လျက်ရှိ၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဆွေစင်အိ[၁၂/အလန(နိုင်)၀၃၇၂၅၂] ထံမှ ဒေါ်မြတ်စုလှိုင်[၁၂/မရက(နိုင်)၀၃၂၁၃၆]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ပြည့်စုံခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်မြတ်စုလှိုင် ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း – ၀၉–၅၁၈၁၈၂၀**

## "ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အောင်သိဒ္ဓိ(၃) ရပ်ကွက်၊ မြစံပယ်လမ်းသွယ်(၁)၊ အမှတ်(၂၂) ဟုခေါ်တွင်သော ၃–လွှာ/ဒုတိယထပ်(ခြေရင်းခန်း) တိုက်ခန်းအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာ"

အထက်ဖော်ပြပါလိပ်စာရှိ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်ဖြင့် တရားဝင်ပိုင်ဆိုင် အကျိုးခံစား၊ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်သက်စိုး [၁၁/ဘသတ(နိုင်)၀၂၁၁၁၄] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကျန်နု [၁၁/တကန(နိုင်)၀၁၈၇၈၇]မှ (၂၇–၁၁–၂၀၂၄) ရက်စွဲဖြင့် အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း (မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၃)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကျန်နု၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ဝါဝါလွင် တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၃၈၉)**
**အမှတ်(၄၀)၊ မာလာမြိုင်(၇)လမ်း၊ ၁၆–ရပ်ကွက်၊လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း – ၀၉–၄၅၂၄၂၄၈၂၂**

**ဝတ်ရည်ဦး**
ဒဂုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။
**09-43088052**
**09-260660405**
**09-421067330**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

တောင်ဥက္ကလာပ မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၅၊ မြေကွက်အမှတ်–၇၈၆/က၊ မြေကွက်တည်နေရာအမှတ်–၇၈၆/က၊ ဖြဟ္မစိုရ်လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်ခင်သိန်း [၁၂/ဥကတ(နိုင်)၁၁၀၄၃၂] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်အမည်ပေါက် ဒေါ်ခင်သိန်း (ဇနီး)ကွယ်လွန်သဖြင့် ဦးသိန်းဝင်း [၁၂/ဥကတ(နိုင်)၁၀၇၇၈၁] မှ ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာအမှတ် (၁၀၂၅/၂၀၂၄/၂၇–၈–၂၀၂၄)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်၊ နိုင်/ကတ်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဝန်ဆောင်ခတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ကိုယ်စား)**
**ဒုတိယညွှန်ကြားရေးမှူးချုပ်**
**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

**သွေးသည် အသက်**

## ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်း Star City အတွင်းရှိ City Loft သံလွင်ရိပ်မွန်အိမ်ရာ စီမံကိန်းအဆင့်၊ တိုက်အမှတ်(CL–1)၊ (၅–လွှာ)၊ အခန်းအမှတ် (၅၁၉)၊ Area (710) Sqft ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ပါတိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးအောင်ဖြိုးကျော် [၁၃/တခလ(နိုင်)၀၃၇၀၀၀]မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာသည့်အတွက် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်ငြိမ်းငြိမ်းထွေး [၁၂/ဒဂတ(နိုင်)၀၂၉၅၃၆] မှ (၄–၁၀–၂၀၂၄) ရက်စွဲပါ "နှစ်ဦးသဘောတူ အဆင့်မြင့် တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်" ဖြင့် အပြီးအပိုင်ဝယ်ယူခဲ့ပြီး လက်ရောက်ရယူပြီးဖြစ်ပါသည်။

ယခုအခါ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်း၏ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အဆိုပါ တိုက်ခန်းအား ဦးအောင်ဖြိုးကျော်အမည်မှ အပြီးအပိုင်ဝယ်ယူခဲ့သူ ဒေါ်ငြိမ်းငြိမ်းထွေး၏ အမည်ပေါက်ပြောင်းလဲဆောင်ရွက်မည်ဖြစ်ပါသဖြင့် အဆိုပါ အမည်ပြောင်းဆောင်ရွက်မှုကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ (၇)ရက်အတွင်း ကျွန်ုပ်တို့ ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ပိုင်ရှင်အမည်ပြောင်းခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဒေါ်အိစန္ဒာကျော်** | **ဦးအာကာဦး** | **ဦးမျိုးကျော်သက်** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ် – ၁၅၂၇၀)** | **(စဉ် – ၅၄၇၆၄)** | **(စဉ် – ၅၄၉၉၆)** |

**ရုံးအမှတ်(၁၂)၊ ပထမထပ်နှင့် ဒုတိယထပ်၊ အနော်ရထာလမ်း**
**(ပန်းဆိုးတန်းလမ်းထောင့်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၄၄၁၉၀၇၀၇၃**

## အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ သဃ်န်းကျွန်းခရိုင်တရားရုံး

### ၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် – ၁၀

| | | |
|---|---|---|
| ဦးစိုင်းလျှန်းဆိုင်<br>(၎င်း၏အခွင့်ရကိုယ်စားလှယ်<br>ဦးသိန်းနိုင်) | နှင့် | ၁။ ဒေါ်မိုးသူဇာ<br>၂။ ဦးသက်ပိုင်ဦး<br>၃။ ဒေါ်လဲ့လဲ့မူ |
| **(လျှောက်ထားသူ)** | | **(လျှောက်ထားခံရသူများ)** |

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သာယာဝတီမင်းကြီးလမ်း၊ လမ်းသွယ် (၈)၊ အမှတ်–၁၁၊ ၉/၂၂ နေ (၂)လျှောက်ထားခံရသူ ဦးသက်ပိုင်ဦးနှင့် (၃)လျှောက်ထားခံရသူ ဒေါ်လဲ့လဲ့မူ (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

အထက်အမည်ပါ ဦးစိုင်းလျှန်းဆိုင် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးသိန်းနိုင်)က ဤရုံးသို့ "မော်တော်ယာဉ်အမှတ် 2N–4777 ကားနှင့်ပတ်သက်၍ တရားမကျင့်ထုံးဥပဒေအမိန့်–၂၁၊ နည်း–၄၆ အရ ဝရမ်းထုတ်ဆင့်ခဲ့ခြင်းအပေါ် ပြန်လည်ပယ်ဖျက်ပေးရန်အတွက် အဆိုပါဝရမ်းအား တရားမကျင့်ထုံးဥပဒေအမိန့်–၂၁၊ နည်း–၅၈ အရ စုံစမ်းစစ်ဆေးပေးရန်" လျှောက်ထားသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန်၊ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက် (၁၃၈၆ ခုနှစ်၊ နတ်တော်လဆုတ် ၁၂) ရက်နေ့ မွန်းမတည့်မီ (၁၀:၀၀) နာရီအချိန်တွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါ လျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ်ကြားနာ စစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၂၈) ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မြမြဦး)**
**ခရိုင်တရားသူကြီး**
**သဃ်န်းကျွန်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ မာလာလမ်း၊ အမှတ်(၄၅)၊ အကျယ်အဝန်း (၅၅ ပေ x ၃၂ ပေ) ရှိ ဒေါ်လှဝင်းအမည်ပေါက် မြေပေါ်တွင် (၅)ထပ်တိုက်အဆောက်အဦ၏ တိုက်အမှတ်(၄၅)၊ အလယ်ခန်း၊ ဒုတိယထပ် (၄)လွှာ (၁၃ ပေ x ၃၅ ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သင်းသင်းလှ[၁၄/မမက(နိုင်)၁၅၀၃၈၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်မာသီ [၁၂/ရကန(နိုင်)၀၀၀၆၇၈] က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ် ကန့်ကွက်လိုသည်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်ပိုင်ဆိုင်သည့် စာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ငွေငွေဝင်း (LL.B, D.B.L, B.A.S)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၉၃၉၃)**
**အမှတ်(၃၃/၄၉)၊ ပထမထပ်၊ အခန်း(၃၃)၊ Strand–Condo၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၂၅၄၇၂၄၄၃၅၊ ၀၉–၇၉၂၄၄၀၇၇၆**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊(၈)ရပ်ကွက်၊ ခနသိဒ္ဓိလမ်း၊ အမှတ်(၉)၊ (၂)ခန်းတွဲ၊ RC (၆)ထပ်အဆောက်အအုံ၏ (၆–လွှာ/ဘီ)(ခြေရင်းဘက်ခြမ်းအခန်း)၊ ဧရိယာအကျယ်အဝန်း ( အလျား ၂၀ ပေxအနံ ၆၀ ပေ)ရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ဒေါ်ခင်စမ်းဝင်းလေး[၁၂/မရက(နိုင်)၁၀၇၀၆၂] မှ အရောင်းအဝယ်စာချုပ်အဆက်အစပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် အခြားသူသို့ ရောင်းချထားခြင်း၊ ပေါင်နှံပေးကမ်းထားခြင်းများမရှိကြောင်း တာဝန်ယူ၍ရောင်းချရာ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးအောင်ခင်ထွန်း[၁၂/ပဇတ(နိုင်)၀၂၈၆၆၀]နှင့်ဒေါ်မိုးမိုးခိုင် [၁၂/ဥကမ(နိုင်)၁၅၄၁၇၃]တို့မှ အပြီးအပြတ်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်၏ ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထား၊ ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြေညာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးအောင်ခင်ထွန်းနှင့်ဒေါ်မိုးမိုးခိုင်တို့၏လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်နီလာဦး LL. B, DBL, DIL, DML** | **ဦးရာဇာမြင့် LL. B, DBL** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်–၁၆၅၇၁)(၂၃–၁–၂၀၂၀)** | **(စဉ်–၁၆၅၉၂) (၂၃–၁–၂၀၂၀)** |
| **(ဖုန်း–၀၉–၉၈၀၅၂၁၂၈၅)** | **(ဖုန်း–၀၉–၂၆၁၁၁၀၉၈၈)** |

**အမှတ်(၂၈၀)၊ ပထမထပ်၊ နဝရတ်(၅)လမ်း၊ (၈)ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ဒေါ်ကြည်ကြည်အောင်[၇/နတလ(နိုင်)၁၇၈၆၈၇]နှင့် အများသိစေရန်ကြေညာအပ်ပါသည်

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ခ)၊ မဈေးလမ်း၊ မြေကွက်အမှတ်(၁၁၈ ၃/၂)၊ ဒေါ်ယဉ်ကြည်(CF–၀၂၂၈၂၁) [၁၂/ဥကမ(နိုင်)၀၄၀၇၉၁] ၏ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်ပါ မြေအကျယ်ပေ(၂၀x ၆၀)ဟုဖော်ပြသည့် ဂရန်နှင့်ပတ်သက်၍ အမွေဆိုင်တစ်ဦးဖြစ်သည့် မြေးတော်စပ်သူ–ဒေါ်ကြည်ကြည်အောင် (ဘ) ဦးမြင့်ဦး [၁၂/ဥကမ(နိုင်)၁၇၈၆၈၇]မှ ရန်ကုန်တိုင်းတရားရုံး၏ (၃၀–၉–၂၀၀၅)ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ်–၁၃၄၈/၀၅ ကို အထောက်အထားပြ၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ဌာနမှူးသို့လိပ်မူလျက်(၃၀–၉–၂၀၀၅)ရက်စွဲပါဝင်စာအမှတ်–၇၃၃၉ ဖြင့် ကန့်ကွက်လွှာတင်သွင်းခဲ့ရာ ဒေါ်ကြည်ကြည်အောင်သည် အဆိုပါကန့်ကွက်လွှာနှင့်ပတ်သက်၍ လက်ရှိဝယ်ယူပိုင်ဆိုင်ထားခဲ့သူ ဒေါ်ဝင်းမာသန်း[၇/နတလ(နိုင်)၀၁၉၂၆၈] အား ဆက်သွယ်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာစာပါသည့်နေ့မှ ရက်(၃၀) အတွင်း ကိုယ်တိုင်လာရောက်၍ ရုပ်သိမ်းပေးပါရန် (သို့မဟုတ်) ညှိနှိုင်းဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ အကယ်၍ သတ်မှတ်ရက်ကျော်လွန်ပါက ယင်းဂရန်ကိစ္စနှင့်ပတ်သက်၍ ဆက်သွယ်မှုတစ်စုံတစ်ရာမရှိပါက ဒေါ်ဝင်းမာသန်းမှ သက်ဆိုင်ရာဌာနတို့တွင် လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဒေါ်ကြည်ကြည်အောင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝင်းမာသန်း၏ ညွှန်ကြားချက်အရ–**
**ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြငွေး (H.G.P,LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၆၆၀၅) (၂၁–၇–၁၉၉၈)**
**ရုံး–(ဃ/၁၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း–၀၉–၅၄၀၇၂၂၉**

## ဦးမျိုးဝင်းအောင် (၁၂/လမတ (နိုင်) ၀၂၇၀၅၉) သိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁) ရပ်ကွက်၊ နဝဒေးလမ်း၊ အမှတ်–၆၉၊ (၄–လွှာ/ခေါင်းရင်းခန်း) တိုက်ခန်းအား ဦးမျိုးဝင်းအောင်ထံမှ ဒေါ်မာလာချို မိသားစုက ငှားရမ်းပြီး နေထိုင်လျက်ရှိရာမှ ဖော်ပြပါတိုက်ခန်းကို တန်ဖိုးငွေကျပ်သိန်း (၄၀၀) ဖြင့်လွှဲပြောင်းရောင်းချလိုကြောင်း၊ ဦးမျိုးဝင်းအောင်၏ ကမ်းလှမ်းမှုအပေါ် ဒေါ်မာလာချိုက ဝယ်ယူရန် သဘောတူညီပြီး (၁–၈–၂၀၂၄) ရက်စွဲပါ နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ်စရံပေးကတိစာချုပ် ချုပ်ဆို၍ တိုက်ခန်းအတွက် စရံငွေ (ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသပေးချေငွေ) အဖြစ် ငွေကျပ်သိန်း (၅၀) ကို ဒေါ်မာလာချိုက ဦးမျိုးဝင်းအောင်သို့ ပေးအပ်ခဲ့ပြီး ဖြစ်ပါသည်။

(၁–၈–၂၀၂၄) ရက်စွဲပါ နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ် စရံပေးကတိစာချုပ်တွင် ကျန်ငွေကျပ်သိန်း (၃၅၀) အား (၁–၁၂–၂၀၂၄) ရက်နေ့တွင် ပေးချေရန် နှစ်ဘက်သဘောတူညီ သတ်မှတ်ထားသဖြင့် ကျန်ငွေကျပ်သိန်း (၃၅၀) အား တိုက်ခန်းဝယ်ယူသူ ဒေါ်မာလာချိုမှ ပေးချေရန် အသင့်ရှိပါသည်။

ထို့ကြောင့် ငွေကျပ်သိန်း (၃၅၀) ကို ဦးမျိုးဝင်းအောင်မှ လက်ခံရယူပြီး အပြီးသတ် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးရန်နှင့် တိုက်ခန်း၏ စာရွက်စာတမ်းမူရင်းပေးအပ်ရန် ဦးမျိုးဝင်းအောင်အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ငွေလက်ခံရယူခြင်း၊ အပြီးသတ် အရောင်းအဝယ် စာချုပ် ချုပ်ဆိုခြင်း၊ စာရွက်စာတမ်းမူရင်းပေးအပ်ခြင်းတို့ကို ဦးမျိုးဝင်းအောင်မှ ဆောင်ရွက်ရန် ပျက်ကွက်မည်ဆိုပါက ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည် ဖြစ်ကြောင်းကိုလည်း သိစေအပ်ပါသည်။

**ဒေါ်မာလာချို (၁၂/ရကန (ပြု) ၀၀၀၆၆၉) ၏**
**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးသိန်းထိုက် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၃၃၇)**
အမှတ်–၅၈၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉–၄၂၁၀၂၈၁၆၁

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဝါနှင့်လျှော်မျှင်ထွက် သီးနှံဌာနခွဲ၊ ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်လျှော်ရွေး လျှော်ထုပ်စက်ရုံ (၁၅.၀၆၁) ဧက ငှားရမ်းခြင်းအား ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ မြန်မာကျပ်ငွေဖြင့် နှစ်ရှည်ငှားရမ်းသွားမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်–

| | | |
|---|---|---|
| ၂။ | တင်ဒါပုံစံရောင်းချမည့်ရက် | – (၂–၁၂–၂၀၂၄) ရက်နေ့မှ (၁၆–၁၂–၂၀၂၄) ရက်နေ့အထိ (ရုံးချိန်အတွင်း) |
| ၃။ | တင်ဒါပုံစံရောင်းချမည့်နေရာ | – စိုက်ပျိုးရေးဦးစီးဌာန၊ ထောက်ပံ့ဖြည့်တင်းရေးဌာနခွဲ၊ ရုံးအမှတ်(၄၃)၊ နေပြည်တော် |
| ၄။ | တင်ဒါလျှောက်လွှာပိတ်ရက် | – (၁၇–၁၂–၂၀၂၄) ရက်နေ့ (၁၃:၀၀)နာရီ။ |

၅။ အသေးစိတ်သိရှိလိုပါက စိုက်ပျိုးရေးဦးစီးဌာန(ထောက်ပံ့ဖြည့်တင်းရေးဌာနခွဲ)၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်း–၀၆၇–၃၄၁၀၂၁၀၊ ၀၆၇–၃၄၁၁၁၈ တို့သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**စိုက်ပျိုးရေးဦးစီးဌာန**

## အများသိစေရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင်ကျေးရွာ၊ ကွင်းအမှတ်(၅၂၉–စီ)၊ ဂုံညင်းနီတောအရှေ့၊ ရွှေစေတီလမ်း၊ ဦးပိုင်အမှတ်(၆၀)၊ အမှတ်(၇၃)ဟုခေါ်တွင်သော အကျယ်အဝန်းဧရိယာ(၁.၅၀)ဧကရှိ မြေကွက်ကြီးအနက်မှ မြေကွက်အကျယ်အဝန်း မျက်နှာစာ(၆၀)ပေ၊ အရှေ့အနောက်(၁၇၀)ပေရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် (တစ်ထပ်ဂိုဒေါင်) အပါအဝင် မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့် တရားဝင်လက်ရှိထားပိုင်ဆိုင်သည့် ရောင်းချသူ ဦးရဲမင်းထွန်း(ဘ)ဦးအောင်ဝင်း [၁၂/အစန(နိုင်)၁၈၃၁၄၄]ထံမှ ဝယ်ယူရန် ကျွန်ုပ်တို့မိတ်ဆွေက ၎င်းထံမြေကွက်နှင့် အဆောက်အဦတန်ဖိုးအချို့အဝက်ငွေတို့ကို စရန်ငွေအဖြစ်ပေးချေခဲ့ပြီးဖြစ်ပါသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများအနေဖြင့် အထောက်အထားပြည့်စုံစွာဖြင့် ဤသတင်းစာကြော်ငြာပါရှိသည့်နေ့ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်နှင်းယုအောင်** | **ဦးစိုးအောင်** |
| **(တရားလွှတ်တော်ရှေ့နေ)** | **(တရားလွှတ်တော်ရှေ့နေ)** |
| **(စဉ်–၁၆၄၉၄)** | **(စဉ်–၆၉၁၄)** |
| **(LL.B, D.B.L, Dip in English)** | **(B.A, R.L, D.B.L, B.D.S)** |

**အမှတ်(၁၆၀)၊ ငုဝါလမ်း၊ ဌာနာရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၁–၂၂၃၇၉၆၊ ၀၉–၄၄၃၀၀၂၆၀၇၊ ၀၉–၄၅၀၀၂၄၀၃၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ်–၁၂၃ ဟုခေါ်တွင်သည့် (၈)ထပ်တိုက်အဆောက်အဦမှ (၂၃ ပေx ၃၀ ပေ) အကျယ်အဝန်းရှိ မြေညီထပ် (အလယ်ခန်း) တိုက်ခန်းနှင့် ရေ/မီးအပါအဝင် တိုက်ခန်းအတွင်းရှိ တွယ်ကပ်တပ်ဆင်ထားသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိမိပိုင်ဆိုင်လက်ဝယ်ထားရှိကြောင်း၊ အမွေဆိုင်အပေါင်အနှံ အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် ရောင်းချခြင်းဖြင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်အိုင်ရှာဘီ [၁၂/မဂတ(နိုင်)၀၆၆၂၄၇] က ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုသည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်လှဲ့လှဲ့ဝင်း (LL.B, D.B.L, D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၁၃၂)**
**အမှတ်–၁၆၇ (မြေညီထပ်)၊ ၃၈–လမ်း (အလယ်)၊ ၆–ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း – ၀၉–၅၁၄၃၂၃၂၊ ၀၉–၇၉၉၅၉၅၅၀၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၇)၊ မြေကွက်အမှတ်(၄၈၅) ဟုခေါ်တွင်သော အိမ်အမှတ်(၄၈၅)၊ စံပယ်မြိုင်လမ်း၊ (၁၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ ဦးညွန့်လွင်(ဘ) ဦးလှတင်[၁၂/သကတ(နိုင်)၀၃၆၂၂၁]အမည်ပေါက် ပေ(၄၀x၆၀)ကျယ်ဝန်းသည့် နှစ်(၆၀)ဂရန်မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော အိမ်အမှတ်(၄၈၆)နှင့်ကပ်လျက် (၂၀ပေx၆၀ပေ) ကျယ်ဝန်းသည့် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော (၂)ထပ်အိမ်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆက်အစပ်များဖြင့် လက်ရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးခင်ရွှေ(ဘ)ဦးရင်မောင်[၁၂/လမတ(နိုင်)၀၀၆၅၈၅]မှ ရောင်းချမည်ဖြစ်ကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ရုံးထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား (မူရင်း) အပြည့်အစုံနှင့်အတူ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ခင်ယမုံဇော် [LL.B(Q),HGP]** | **ဒေါ်အေးခန့်ခန့်လှိုင်(LL.B, HGP)** |
| **အထက်တန်းရှေ့နေ (စဉ်–၄၇၄၅၉)** | **အထက်တန်းရှေ့နေ (စဉ်–၅၅၄၂၄)** |

**အမှတ်(၇၂၇)၊ ပြည်ထောင်စုလမ်း၊ (၃၇)ရပ်ကွက်၊**
**မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၈၈၅၀၃၂၃၁၅**

## မင်းဓမ္မကုန်းတော်
## လောကချမ်းသာ အဘယ လာဘမုနိ ရုပ်ပွားတော်မြတ်ကြီး
## ဂေါပကအဖွဲ့
## အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
## လုပ်ငန်းအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

အင်းစိန်မြို့နယ်၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ မင်းဓမ္မကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်လျက်ရှိသော လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး ဝတ္တုကံမြေပေါ်ရှိ ဝန်ဆောင်မှုလုပ်ငန်းများကို (၁–၁–၂၀၂၅)ရက်နေ့မှ (၃၁–၁၂–၂၀၂၅)ရက်နေ့အထိ (၁၂)လတာကာလအတွက် စိတ်ပါဝင်စားသည့် မြန်မာနိုင်ငံသား ဗုဒ္ဓဘာသာဝင်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အငှားချထားမည်ဖြစ်ပါသည်။

| စဉ် | လုပ်ငန်းအမည် | နေရာ |
|---|---|---|
| ၁။ | နိဗ္ဗာန်ကုန်ဆိုင်(၁) | မြောက်ဘက်စောင်းတန်း |
| ၂။ | နိဗ္ဗာန်ကုန်ဆိုင်(၂) | မြောက်ဘက်စောင်းတန်း |
| ၃။ | နိဗ္ဗာန်ကုန်ဆိုင်(၁) | တောင်ဘက်စောင်းတန်း |
| ၄။ | မြောက်ဘက်ပန်းအရောင်းဆိုင် | မြောက်ဘက်စောင်းတန်း |
| ၅။ | တောင်ဘက်ပန်းအရောင်းဆိုင် | တောင်ဘက်စောင်းတန်း |
| ၆။ | မြန်မာ့လက်မှုအနုပညာပစ္စည်းဆိုင် | မြောက်ဘက်စောင်းတန်း |
| ၇။ | မြန်မာ့လက်မှုအနုပညာပစ္စည်းဆိုင် | တောင်ဘက်စောင်းတန်း |
| ၈။ | ငါး/လိပ်စာအရောင်းဆိုင် | မင်္ဂလာကန် |

တင်ဒါအဆိုပြုလွှာနှင့် တင်ဒါစည်းကမ်းများကို ဂေါပကအဖွဲ့ရုံး၌ ရုံးချိန်အတွင်း (၁–၁၂–၂၀၂၄) ရက်နေ့မှစ၍ အဆိုပြုလွှာတစ်စောင်လျှင် ကျပ် ၂၀၀၀၀/– ဖြင့် လာရောက်ဝယ်ယူ ဖြည့်စွက်လျှောက်ထားနိုင်ပါသည်။

တင်ဒါအဆိုပြုလွှာများကို ၁၁–၁၂–၂၀၂၄ ရက် (ဗုဒ္ဓဟူးနေ့) (၁၃:၀၀) နာရီတွင် ပိတ်မည်ဖြစ်၍ အိတ်ဖွင့်တင်ဒါတင်သွင်းသူ အများအရှေ့တွင် ဖွင့်ဖောက်ကြေညာပါမည်။

**မှတ်ချက် – ကြမ်းခင်းဈေးမမီသော လျှောက်လွှာများကို စပေါ်ငွေပြန်ပေးမည်မဟုတ်ပါ။**

**တင်ဒါလုပ်ငန်းကြီးကြပ်မှုကော်မတီ**
**မင်းဓမ္မကုန်းတော် ဂေါပကအဖွဲ့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဓမ္မရာဇာ(၂)လမ်းနှင့် ဧယျ(၄)လမ်းထောင့်၊ အမှတ်(၆၉)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက်အဆောက်အဦ၏ တတိယထပ် (၄)လွှာ (ခေါင်းရင်းခန်း) တိုက်ခန်း(၁)ခန်းနှင့်တကွ အကျိုးခံစားခွင့်အားလုံးတို့အား တရားဝင်လက်ရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးစိုးဝင်း[၁၂/တမန(နိုင်)၀၇၂၇၈၅]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုးငွေ၏ စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | | |
|---|---|---|
| **ဒေါ်မြလှဲ့ဝင်း(LL.B, D.B.L)** | **ဒေါ်အေးအေးသိန်း(B.A,PGDL)** | **ဒေါ်စန်းမြသက်(B.Sc,PGDL)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၉၂၁၂)** | **အထက်တန်းရှေ့နေ(စဉ်–၅၆၅၆၆)** | **အထက်တန်းရှေ့နေ(စဉ်–၅၆၅၆၅)** |

**အမှတ်–၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၅၁၅၁၈၃၃၊ ၀၉–၅၀၉၀၅၅၃၊ ၀၉–၈၉၉၂၉၉၂၅၅**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်ပွဲရုံ၊ ငုဝါလမ်း၊ အမှတ်(င/၆၀)ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်–(ဘုရင့်နောင်)၊လူနေရပ်ကွက်(–)၊မြေကွက်အမှတ်–(င/၆၀)၊ဧရိယာ(၄၀ပေ×၆၀ပေ)ရှိဂရန်(သက်ကုန်)မြေအမျိုးအစားမြေကွက်နှင့်ဆက်နွယ်သည့်အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာနရှိမြို့မြေစာရင်းမှတ်တမ်းတွင်ဦးကြည်ဝင်း(၁၂/ကမရ(နိုင်)၀၃၂၈၁၅)၏အမည်ဖြင့်မှတ်သားတည်ရှိပြီးအဆိုပါမြေကွက်နှင့်ဆက်နွယ်သည့်အကျိုးခံစားခွင့်အရပ်ရပ်တို့အနက်မှမြေကွက်အားမျက်နှာမူလျှင်(ဘယ်)ဘက်ခြမ်းရှိတရားဝင်မခွဲမစိတ်ရသေးသည့်ဧရိယာ(၂၀ပေ×၆၀ပေ)ရှိ မြေကွက်နှင့်အဆောက်အဦအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချသူဦးကြည်ဝင်းမှမိမိအမည်ပေါက်ပိုင်ဆိုင်သောမြေကွက်ဖြစ်ကြောင်း၊ရောင်းချပိုင်ခွင့်၊စီမံခန့်ခွဲပိုင်ခွင့်နှင့်အရှုပ်အရှင်းကင်းရှင်းကြောင်းတို့ဝန်ခံပြောဆို၍ ရောင်းချလိုကြောင်းကမ်းလှမ်းခဲ့ရာကျွန်ုပ်၏မိတ်ဆွေမှဝယ်ယူရန် သဘောတူညီသည့်အတွက်ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို(စရန်ငွေ)အဖြစ်ရောင်းချသူထံပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ပြုလုပ်ခြင်းကိုကန့်ကွက်လိုပါကယနေ့မှစပြီး(၇)ရက်အတွင်းခိုင်လုံသောစာရွက်စာတမ်းမူရင်း၊စာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိုပြီးမြောက်သည်အထိဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲ အပ် ညွှန် ကြား ချက် အရ–

ဒေါ်ချိုသဲမေ (LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ
(စဉ်–၁၂၄၀၇)
ဖုန်း–၀၉–၄၂၁၀၀၇၀၄၉

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၅)၊ မြနန္ဒာလမ်းမ၊ မြေကွက်အမှတ်(၅၆၉/ခ)၊ မြေအကျယ်အဝန်း(၂၀ပေx၆၀ပေ)ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဦးအောင်နိုင်ဝင်း [၉/မခန(နိုင်)၁၅၀၉၇၇]**အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ **ဒေါ်ယုယုဝင်း[၉/ဝတန(နိုင်)၀၀၄၉၇၂]**သည် **“နှစ်ဦးသဘောတူ အဆင့်ဆင့်အဆက်စပ်အရောင်းအဝယ်ကတိစာချုပ်များ”** ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်တို့၏မိတ်ဆွေ **ဦးဟန်လင်း[၉/ညဥန(နိုင်)၁၃၉၃၂၀]**ထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ဦးဟန်လင်း**က အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | | |
|---|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်စုစုလှိုင်(LL.B)** | **ဒေါ်ချန်ပေါင်လူး(LL.B)** |
| **(စဉ်–၁၁၄၀၆)** | **(စဉ်–၅၅၅၆၃)** | **(စဉ်–၅၆၄၉၈)** |
| **တရားလွှတ်တော်ရှေ့နေ** | **ဒေါ်သန်းငွေး(ခ)ဒေါ်သန်းသန်းငွေး(LL.B)** | |
| | **(စဉ်–၅၆၆၆၂)** | |
| | **အထက်တန်းရှေ့နေများ** | |

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၄၃၁၁၄၆၅၄၊ ၀၉–၇၉၅၆၀၁၈၆၃၊ ၀၉–၇၉၆၃၀၈၀၂၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်– ၁၀/မြို့မမြောက်ရပ်၊ ရတနာဒီပရပ်ကွက်မှ မြေဧရိယာ (၀.၁၅၆)ဧကရှိ ဦးရာလျှံမုန်း၊ မှတ်ပုံတင်အမှတ် [၁၂/မရက(နိုင်) ၀၀၅၈၀၃]၊ အဖအမည် ဦးရာလျှံထွန်း အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်အမှတ် (ပ–၁၅၉၃)ကို ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်– ၁၄၄၉၇/၂၀၂၃ (၂၄–၇–၂၀၂၃) ဖြင့် မြေကွက်အမည်ပေါက်၏ ကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်မာမာအေး၊ မှတ်ပုံတင်အမှတ် [၁၂/ဥကတ(နိုင်) ၁၀၆၀၆၃]၊ အဖအမည် ဦးသာရီမှ ဦးလှရီ မှတ်ပုံတင်အမှတ် [၁၂/မရက (နိုင်) ၀၇၅၈၃၂]နှင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဣန္ဒာသယလမ်း၊ အမှတ်(၂၁)နေ ဒေါ်မြစန္ဒာနွယ် [၁၂/တမန(နိုင်) ၀၁၂၀၉၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ ဇောခိ လမ်း၊ ခေါင်းရင်း၊ မြေညီ၊ အမှတ်(၁၄၉) တိုက်ခန်းသည် ဒေါ်မြစန္ဒာနွယ်က မူလပိုင်ရှင် ဒေါ်မြတ်သန္တာထွန်းထံမှ ၂၀၁၉ ခုနှစ်တွင် ဝယ်ယူခဲ့သော တိုက်ခန်းဖြစ်ပါသဖြင့် ဒေါ်မြစန္ဒာနွယ်၏ သဘောတူခွင့်ပြုချက်မရှိဘဲ မည်သူမျှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်ခြင်းတို့ မပြုလုပ်ပါရန်နှင့် ပြုလုပ်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နှင့် တိုက်ခန်းနှင့်ပတ်သက်သည့် ရောင်းမှား၊ ဝယ်မှား အရှုပ်အရှင်း တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ဒေါ်မြစန္ဒာနွယ်မှ တာဝန်ယူဆောင်ရွက်ပေးလိမ့်မည် မဟုတ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိဝင်းဇော် (LL.B, D.I.R, D.B.L, D.I.L, D.IP.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၁၇၄)**
**အမှတ်(၅၆၅)၊ ပထမထပ်၊ အခန်း (၁၀၃/စီ)၊ MAC တာဝါ**
**ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph: 09–423333015**

## ဒေါ်မြင့်မြင့်ခိုင် [၁၂/မရက(နိုင်)၁၂၅၂၀၂] နှင့် ဦးကိုကိုလှိုင် [၁၂/မရက(နိုင်)၁၂၄၃၈၉] တို့သိရှိစေရမည်။ ဒေါ်မြင့်မြင့်ခိုင်နှင့် ဦးကိုကိုလှိုင် ယခုနေရပ်လိပ်စာမသိသူတို့ သိရှိစေရမည်။

လူကြီးမင်းတို့သည် အိမ်ရာချေးငွေအတွက် ရိုးမဘဏ်လီမိတက် (Time City) ဘဏ်ခွဲတွင် အိမ်ရာချေးငွေများ ချေးယူခဲ့ပါသည်။ ရိုးမဘဏ်လီမိတက်မှ (၂၈–၁၀–၂၀၂၄)ရက်စွဲဖြင့် အိမ်ရာချေးငွေများ လာရောက်ပေးသွင်းရန် အကြောင်းကြားခဲ့သော်လည်း လူကြီးမင်းတို့မှ အိမ်ရာချေးငွေများ ပေးသွင်းရန် ပျက်ကွက်နေပါသည်။ သို့ဖြစ်ပါ၍ လူကြီးမင်းတို့မှ ရိုးမဘဏ်လီမိတက် (Time City) ဘဏ်ခွဲသို့ (၂၇–၁၂–၂၀၂၄)ရက်နေ့အထိ ပေးသွင်းရန်ကျန်ရှိသည့် အိမ်ရာချေးငွေ အတိုးအရင်း ဒဏ်ကြေးစုစုပေါင်းမှာ (၃၄,၁၆၄,၅၄၃.၆၈)ကို ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း အချိန်မီလာရောက်ပေးသွင်းရန် အသိပေးအပ်ပါသည်။ လူကြီးမင်းတို့မှ သတ်မှတ်ရက်အတွင်း လာရောက်ပေးသွင်းခြင်းမရှိပါက အိမ်ရာချေးငွေစတင်ယူစဉ်က သဘောတူညီချက်များအတိုင်း ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် လွှဲအပ်ညွှန်ကြားထားပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးသီဟ (LL.B)** | **ဒေါ်လမင်းထက်(LL.B)(D. M. L)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်–၁၅၁၆၄)** | **(စဉ်–၁၈၆၅၁)** |

**အမှတ် (၁၁၀)၊ ပထမထပ်၊ (၃၉)လမ်း၊ အောက်ဘလောက်၊**
**ကျောက်တံတားမြို့နယ်၊ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph: 09–408634830, 09–250064297**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၁၁ G–1၊ မြေကွက်အမှတ်– V ၁၃၇၊ ဧရိယာ (၀.၀၂၇)ဧက၊ မြေကွက်တည်နေရာ– အမှတ် (၅၃)၊ ဖို့မြေလမ်း၊ ဖို့မြေရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကိုအောင်မြင့်၊ မသန်းမြင့်နှင့် မလှမြင့်(ခ)မခင်ခင်စော အမည်ပေါက် နှစ်(၉၀) မြေငှားဂရန်(သက်ကုန်) မြေအား မြေအမည်ပေါက်သူတို့ ကွယ်လွန်ပြီး နောက် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ်– ၄၁၉၄/၂၀၁၃ အရ ပူးတွဲအမွေဆက်ခံပိုင်ဆိုင်လာသူ ဦးစိုးညွန့်နှင့် ဒေါ်ကြည်ကြည်ငွေးတို့ (၂)ဦးအနက် တစ်ဦးဖြစ်သူ ဦးစိုးညွန့်(ခင်ပွန်း) ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ချိုချိုအေး [၁၂/သကတ (နိုင်) ၀၀၈၉၈၀]မှ တစ်ဦးတည်းသော တရားဝင် ဇနီးဖြစ်ကြောင်း၊ မိမိမှလွဲ၍ အခြားသော ဇနီး/မယား တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း၊ ခင်ပွန်းဖြစ်သူနှင့် မိမိသည် ဗုဒ္ဓဘာသာကိုးကွယ်သူများ ဖြစ်ကြသဖြင့် ခင်ပွန်းဖြစ်သူ ဦးစိုးညွန့် ကွယ်လွန်ပြီးနောက် ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ အနက်မှ ကွယ်လွန်သူ ခင်ပွန်း ဦးစိုးညွန့်၏ ပိုင်ဆိုင်ခွင့်အစုအား တစ်ဦး တည်းသော ဇနီးဖြစ်သူ မိမိသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေ ဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း နှင့် မိမိမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဦးစိုးညွန့်(ခင်ပွန်း) သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဂရန်မူရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားတို့အား တင်ပြ၍ ကျန်ပူးတွဲ ပိုင်ရှင်တစ်ဦးဖြစ်သူ ဒေါ်ကြည်ကြည်ငွေး [၁၂/မဂတ(နိုင်) ၀၃၂၀၈၃]နှင့် အတူ ပူးတွဲ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထား လာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါ ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ နဝဒေး(၃)လမ်း၊ အမှတ်(၄၈၄)နေ KIM GYEGYUN( Passport No. M85289931)နှင့် ဒေါ်ဇင်မာသက်[၁၂/မရက(နိုင်)၁၂၈၂၀၇]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်–

ကျွန်ုပ်မိတ်ဆွေများ၏ သမီးဖြစ်သူ (၄–၄–၂၀၁၇)ရက်နေ့တွင် မွေးဖွားသော ယူမီလင်းကို ယနေ့မှစ၍ ယူမီလင်း(ခ)KIM YUMEE ဟု အမည်ထပ်မံဖြည့်စွက်လိုက်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်နီလာဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၇၈၄)**
**အမှတ်(၈၈)၊ ၃၈လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉–၅၀၇၄၀၈၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဝရဇာ(၇)လမ်း၊ အမှတ်– (၇၄၉/က) မြေပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၆)ထပ်တိုက်၏ ပထမထပ်(ခေါင်းရင်းခန်း) မြေရှင်ပိုင်ဆိုင်သည့် အခန်းအား မြေရှင်များဖြစ်ကြသည့် ဦးစိန်မြင့် [၁၂/ဥကတ(နိုင်)၀၆၇၀၆၈]၊ ဦးမောင်မောင် [၁၂/ကမရ(နိုင်)၀၁၅၁၀၄]၊ ဦးဝင်းဖေ [၁၂/ဥကတ(နိုင်) ၀၆၀၆၂၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်စရန်ငွေ ပေးချေထားပြီးဖြစ် ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စိုးစိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၇၁၉၃)**
**အမှတ်–၃၃/၂၊ ၃လမ်း၊ ၁၄/၁ ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၄၂၁၀၄၃၆၈၈၊ ၀၉–၄၄၃၀၀၈၂၇၉**

## အများသိစေရန်ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၃၂/ဘီ)၊ လူနေရပ်ကွက်အမှတ်(ပုလဲ–၃)၊ နေကြာလမ်း၊ မြေကွက်အမှတ် (၂၂၈)၊ နှစ်(၆၀) မြေငှားဂရန်မြေအမျိုးအစား၊ (၆၀'x၆၀')ပေ၊ (၀.၀၈၂)ဧကအကျယ်ရှိ မြေကွက်နှင့် တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ယခုရောင်းချသူ ဦးခင်မောင်လတ် [၁၂/စခန(နိုင်) ၀၄၈၄၁၀]က ဂရန်အမည်ပေါက် ဝယ်ယူလက်ဝယ်ရရှိပိုင်ဆိုင်ထား ကာ ရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံလျက် ရောင်းချရန် ကမ်းလှမ်းလာသည်ကို ကျွန်ုပ်တို့၏မိတ်ဆွေများက ဝယ်ယူရန် မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ် တန်ဖိုးငွေတစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေတချို့ အဝက်ကို ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ပြုလုပ်သည်ကို ကန့်ကွက်လို ပါက ယင်းမြေကွက်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်များရှိသည်ဟု အဆိုရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများ၊ တရားဝင် မှတ်ပုံတင်စာချုပ်စာတမ်းမူရင်းများ၊ တရားရုံးအမိန့်ဒီကရီမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ အရောင်း အဝယ်ကိစ္စပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးသော်ဇင် LL.B** | **ဦးငြိမ်းချမ်းထွေး LL.B** |
| **(တရားလွှတ်တော်ရှေ့နေ)** | **(တရားလွှတ်တော်ရှေ့နေ)** |
| **(စဉ်– ၁၆၇၁၃)** | **(စဉ်– ၁၆၇၄၆)** |
| **ဖုန်း–၀၉–၄၃၀၆၄၂၈၁** | **ဖုန်း–၀၉–၂၆၀၀၂၉၂၇၂** |

**တိုက်(၄၆)၊ အခန်း(C–3)၊ မဟာမြိုင်အိမ်ရာ၊ (၄၁)တိုးချဲ့ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**

## "ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း(မြောက်)ရပ်ကွက်၊ ရန်အောင်လမ်း၊ တိုက်အမှတ်(၆)၊ ၄ လွှာ (ခြေရင်းခန်း)နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း"

ကျွန်ုပ်၏အမှုသည်များဖြစ်ကြသော ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း(မြောက်)ရပ်ကွက်၊ ရန်အောင်လမ်း၊ တိုက်အမှတ်(၆)၊ ၆ လွှာ (ခေါင်းရင်းခန်း)နေ ဦးသိန်းဇံ နိုင်ငံသားစိစစ် ရေးကတ်ပြားအမှတ် [၁၂/စခန(နိုင်)၀၀၇၀၈၃] (ဘ) ဦးဘသိန်းနှင့် ဦးထွန်းအောင် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၅/ကလတ(နိုင်) ၀၆၀၃၀၇] (ဘ) ဦးဘသိန်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါ အတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း(မြောက်) ရပ်ကွက်၊ ရန်အောင်လမ်း၊ တိုက်အမှတ်(၆)၊ ၄ လွှာ (ခြေရင်းခန်း)မှာ ဒေါ်ခင်သန်းမြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၂/စခန(နိုင်) ၀၀၅၆၉၇] (ဘ) ဦးဘသိန်း ပိုင်ဆိုင်သောအခန်းဖြစ်ကြောင်း ကျွန်ုပ်အမှု သည်များ၏ ပြောပြချက်များအရသိရပါသည်။ ဒေါ်ခင်သန်းမြင့် ကွယ်လွန်သည့်အချိန်တွင် မောင်နှမအရင်းအခြာများဖြစ်ကြသော ဦးသိန်းဇံ၊ ဦးဇာနည်နှင့် ဦးထွန်းအောင်တို့မှလွဲ၍ အခြားအမွေစား၊ အမွေခံ တစ်ဦးတစ်ယောက်မှ ကျန်ရစ်ခဲ့ခြင်းမရှိကြောင်း ကျွန်ုပ်၏ အမှုသည်များမှပြောပြသဖြင့် သိရှိရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း(မြောက်)ရပ်ကွက်၊ ရန်အောင်လမ်း၊ တိုက်အမှတ်(၆)၊ ၄ လွှာ (ခြေရင်းခန်း)အား ကျွန်ုပ်၏အမှုသည်များဖြစ်ကြသော ဦးသိန်းဇံ နှင့် ဦးထွန်းအောင်တို့၏ သဘောတူခွင့်ပြုချက် တစ်စုံတစ်ရာမရဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ လွှဲပြောင်း၊ ပေါင်နှံ၊ ရောင်းချခွင့်မရှိ ပါကြောင်းနှင့် လွှဲပြောင်း၊ ပေါင်နှံ ၊ ရောင်းချခြင်းများ ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဦးသိန်းဇံ နှင့် ဦးထွန်းအောင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဇော်ထက်လင်းLL.B.,LL.M**
**အထက်တန်းရှေ့နေ (စဉ်–၅၄၄၃၄)**
**အမှတ်(၆/က)၊ (ပ)ထပ်၊ ဆရာထွန်းလမ်း၊ စမ်းချောင်း(မြောက်)**
**ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး**
**09-754514163, 09-685107329**




## II/4 (WK) ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်စိုးမင်း [၁၂/မဂတ (နိုင်) ၀၇၆၇၃၁] (CDC–၁၆၄၂၄) ကိုင်ဆောင်သူ၏ II/4 (WK)လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–09–256115778**

## အများသိစေရန် ကြေညာချက်

ကျွန်ုပ် ဦးဝင်းထွဋ် နိုင်ငံသားမှတ်ပုံတင်အမှတ် [၇/မညန(နိုင်) ၀၅၈၆၆၅]သည် Nissan ADVAY12 ယာဉ်အမှတ်(6F/1996)ကို ဦးနုရ်အာမင်(ခ)ကိုအောင်မျိုးထံမှ ၂၁–၃–၂၀၂၃ ရက်နေ့တွင် အပြီးအပိုင်ဝယ်ယူခဲ့ပြီးဖြစ်ပြီး ပိုင်ဆိုင်မှုစာရွက်စာတမ်းများကိုလည်း လက်ဝယ်ရယူပြီးဖြစ်ပါသည်။ ထို့ကြောင့် အခြားသော တရားမဝင်အရောင်းအဝယ်ပြုလုပ်မှုများကို မပြုလုပ်ရန် အများသိစေရန် ကြေညာအပ်သည်။

**ဦးဝင်းထွဋ်**
**ဖုန်း–၀၉–၄၅၁၅၆၃၉၈၂**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ယခုအခေါ် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၇)၊ ရတနာသီရိလမ်း၊ မြေကွက်အမှတ် (၃၁၁/က)၊ အကျယ်အဝန်း (၂၃x၆၀)ပေရှိ ဦးကျော်စိန် အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး၊ အမည်ပေါက်ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးစိုင်ရှဲန် [၁၃/တခလ(နိုင်) ၀၆၀၀၃၅]နှင့် ဒေါ်မေဝင်းမော် [၁၂/ဒဂမ(နိုင်) ၀၀၁၀၉၂]တို့မှ ရောင်းချလိုကြောင်းကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်နိုင်ဆွေ [၇/နတလ(နိုင်) ၁၂၃၉၄၂]နှင့် ဒေါ်အိဖြူဇင် [၇/နတလ(နိုင်) ၁၂၉၇၁၃]တို့က စရန်ငွေတစ်စိတ်တစ်ဒေသပေးချေ၍ ဝယ်ယူပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက သက်ဆိုင်သောစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါပြီး (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင် လာရောက်ကန့် ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**(လွှဲအပ်ညွှန်ကြားချက်အရ)**
**ဒေါ်ယုယုနွယ် (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၅၅၅၈)**
**အမှတ် (၁၀၁၅/ဘီ)၊ ဗိုလ်မှူးဗထူးလမ်း၊ (၄၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၄၅၀၀၆၅၂၇၃**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်း၊သန်လျင်မြို့နယ်၊ကြယ်စင်မြို့တော်အိမ်ရာ၊ တိုက်အမှတ်(CL/7)၊အခန်းအမှတ်(415)၊ (၄)လွှာ၊ အကျယ်အဝန်း (၄၈၄ စတုရန်းပေ)ရှိ ကွန်ဒိုတိုက်ခန်းတစ်ခန်းနှင့် ပရိဘောဂများအပါအဝင်အကျိုးခံစားခွင့်များအား ဦးတင့်ခိုင်(၅/ရဘန(နိုင်)၀၀၁၂၀၀)၊ဒေါ်ခင်သိတာရှိန်း(၁၂/ဒဂန(နိုင်)၀၂၄၃၁၁)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စောထက်မွန်(၁၂/ဥကမ(နိုင်)၂၀၆၈၄၃)မှအပြီးအပိုင်ဝယ်ယူထားပြီးဖြစ်ပါ၍ အထက်ဖော်ပြပါအကျိုးခံစားခွင့်များအား ဒေါ်စောထက်မွန် မှသာတရားဝင်အကျိုးခံစားခွင့်ရှိသူဖြစ်ပြီး ဒေါ်စောထက်မွန် မှလွဲ၍မည်သူ တစ်ဦးတစ်ယောက်မှပိုင်ဆိုင်ခွင့်မရှိပါကြောင်းကိုအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်ခိုင်ဇင်ဦး** LL.B, D.B.L, D.I.P.L
တရားလွှတ်တော်ရှေ့နေ (စဉ်–၉၉၇၆)
အမှတ် (၁၀၅၁)၊ပြဟ္မစိုရ်လမ်း၊ ၅-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း- ၀၉ ၄၂၀၀၇၀၇၂၉၊

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်း၊ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊မြေတိုင်းရပ်ကွက်(၃၉ဘီ)၊အကောက်ခွန်(၅)လမ်း၊ မြေကွက်အမှတ်(၁၂၄)၊အကျယ်အဝန်း(၄၀ပေ×၆၀ပေ)ရှိ ဦးဟန်ရှိန်(CJ-၀၄၇၂၂၉) အမည်ပေါက်နှစ် ၆၀ ဂရန်မြေကွက်နှင့်အကျိုးခံစားခွင့်များအား အရောင်းအဝယ်စာချုပ်များ အရဝယ်ယူပိုင်ဆိုင်၍လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ . ဒေါ်ငွေးငွေးဝင်း (၁၂/ဥကတ(နိုင်)၀၁၇၆၇၁)ထံမှကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်စရန်ငွေအချို့ကိုပေးချေထား ပြီးဖြစ်ပါ၍ကန့်ကွက်လိုသူများရှိပါကအထောက်အထား(မူရင်း)များဖြင့်ယနေ့မှစ၍(၇)ရက် အတွင်းကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကိုဆက်လက် ဆောင်ရွက် သွားမည်ဖြစ်သည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်ခိုင်ဇင်ဦး** LL.B, D.B.L, D.I.P.L
တရားလွှတ်တော်ရှေ့နေ (စဉ်–၉၉၇၆)
အမှတ် (၁၀၅၁)၊ပြဟ္မစိုရ်လမ်း၊ ၅-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း- ၀၉ ၄၂၀၀၇၀၇၂၉၊

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်း၊တောင်ဥက္ကလာပမြို့နယ်၊(၁၃)ရပ်ကွက်၊မေတ္တာလမ်း၊ တိုက်အမှတ်(၁၁)၊၂ခန်းတွဲ ၈ထပ်ခွဲတိုက်၏ အခန်းအမှတ်(6B)၊(၇)လွှာ၊အကျယ်အဝန်း(၁၉ပေ×၅၄ပေ)ရှိ မီနီကွန်ဒို တိုက်ခန်းတစ်ခန်းနှင့်အကျိုးခံစားခွင့်များအား အရောင်းအဝယ်စာချုပ်များအရဝယ်ယူပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ ဦးဝင်းကိုကို(၁၃/မရတ(နိုင်) ၀၀၇၉၈၅)ထံမှကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါ၍ကန့်ကွက် လိုသူများရှိပါကအထောက်အထား(မူရင်း)များဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါ သည်။ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်ခိုင်ဇင်ဦး** LL.B, D.B.L, D.I.P.L
တရားလွှတ်တော်ရှေ့နေ (စဉ်–၉၉၇၆)
အမှတ် (၁၀၅၁)၊ပြဟ္မစိုရ်လမ်း၊ ၅-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း- ၀၉ ၄၂၀၀၇၀၇၂၉၊

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် မြို့ရွာများရှိ ပြည်သူလူထုများ၏ နေအိမ်များ၌ ဝင်ရောက်နေထိုင်၍ အကာအကွယ်ယူတိုက်ခိုက်ကြခြင်းဖြစ်...**

❖ **၎င်းတို့ယာယီအားဖြင့်ထိန်းသိမ်းထားသည့် မြို့ရွာများ၊ နေရာဒေသများတွင်လည်း ပြည်သူလူထုကိုအကာအကွယ်ယူ၍ တိုက်ခိုက်မှုများလုပ်ဆောင်ခြင်းဖြစ်သဖြင့် ပြည်သူများအနေဖြင့် သတိတရား၊ အသိတရားများဖြင့် ရှောင်ရှားမည်ဆိုပါက သောင်းကျန်းသူအမြစ်ပြတ်ချေမှုန်းရေးလုပ်ငန်းများကို ပိုမိုမြန်ဆန်စွာဆောင်ရွက်နိုင်မည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့တွင် ကယားပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

## လီဗာပူးအသင်း ချန်ပီယံလိဂ်အမှတ်ပေးဇယားထိပ်တွင် ဆက်လက်ဦးဆောင်

ချန်ပီယံလိဂ် ပွဲစဉ်(၅)ရဲ့ နိုဝင်ဘာ ၂၈ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ လီဗာပူးအသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့ပွဲစဉ်မှာ လီဗာပူးအသင်းက ရီးယဲလ်မက်ဒရစ်အသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယားထိပ်ဆုံးမှာ ဆက်လက်ဦးဆောင်ခွင့်ရရှိခဲ့ပါတယ်။



လီဗာပူးအသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

လီဗာပူးအသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့ ပွဲစဉ်မှာ ပထမပိုင်း ပွဲကစားချိန်အတွင်း

**စာမျက်နှာ ၂၁ ကော်လံ ၁ သို့** ✳

## (၇၅)ကြိမ်မြောက် စိန်ရတုအမျိုးသားစာပေဆုအထိမ်းအမှတ် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲအခမ်းအနား MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၂၈

(၇၅)ကြိမ်မြောက် စိန်ရတုအမျိုးသားစာပေဆု အထိမ်းအမှတ် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-1)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယင်းနေ့နံနက် ၉ နာရီ မိနစ် ၂၀ မှစတင်ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV-HD၊ MRTV Parliament၊ MWD HD၊ MWD Variety HD Channel၊ မြန်မာ့အသံရေဒီယို၊ သဇင် FM၊ MOI Website၊ MOI Youtube၊ MRTV App အပါအဝင် MRTV Online Platform တို့မှ တိုက်ရိုက်(LIVE)ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။ သတင်းစဉ်


## အားကောင်းသောမုန်တိုင်းငယ်၏အရှိန်ကြောင့် နေရာကွက်ကျားမှ နေရာကျဲကျဲမိုးရွာနိုင်

နေပြည်တော် နိုဝင်ဘာ ၂၈

**အားကောင်းသောမုန်တိုင်းငယ်အခြေအနေ**

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသောမုန်တိုင်းငယ်သည် မြောက်-အရှေ့မြောက်ဘက်သို့ ဖြည်းညင်းစွာ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၇၁၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၂၅၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ ဗဟိုချက်လေဖိအား ၉၉၉ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ ခန့်ဖြစ်သည်။

အားကောင်းသောမုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။ **စာမျက်နှာ ၂၁ ကော်လံ ၁ သို့** ❖



## MNL-2 နောက်ဆုံးပွဲတွင် တက္ကသိုလ်အသင်း အနိုင်ရသဖြင့် Chinland အသင်း ချန်ပီယံဖြစ်

ရန်ကုန် နိုဝင်ဘာ ၂၈

**၂၀၂၄ ရာသီ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၄) နောက်ဆုံးနေ့ကို နိုဝင်ဘာ ၂၈ ရက်က သုဝဏ္ဏကွင်း၌ကျင်းပရာ တက္ကသိုလ်အသင်းက ရာမညယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သဖြင့် Chinland အသင်း ချန်ပီယံဖြစ်ခဲ့သည်။**




ချန်ပီယံ Chinland အသင်း အောင်ပွဲခံနေစဉ်။

ရာမညယူနိုက်တက် အသင်းသည် နောက်ဆုံးပွဲတွင် အနိုင်ကစားနိုင်လျှင် ချန်ပီယံဆုရယူနိုင်မည်ဖြစ်သော်လည်း မထင်မှတ်ဘဲ အရေးနိမ့်ခဲ့သဖြင့် ချန်ပီယံဆုရယူနိုင်မည့်အခွင့်အရေး နောက်ဆုံးအချိန်မှ လက်လွှတ်ခဲ့ရသည်။ ထို့ကြောင့် Chinland အသင်းက အမှတ်ပေးချန်ပီယံဆု ရယူကာ MNL သို့ တစ်ကျော့ပြန်တန်းတက်နိုင်ခဲ့သည်။ တက္ကသိုလ်အသင်းသည် ချန်ပီယံမျှော်လင့်ချက်မရှိသော်လည်း ယခုပွဲအနိုင်ရသဖြင့် ဒုတိယနေရာ ရရှိခဲ့သည်။ တက္ကသိုလ်အသင်း အတွက်

**စာမျက်နှာ ၂၁ ကော်လံ ၁ သို့** ✰

**လက်ဘနွန်နိုင်ငံ၌ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရရှိပြီးနောက် ဒေသခံပြည်သူများနေရပ်သို့ ပြန်လာ**

စာမျက်နှာ » ၁၃

**လယ်ဒီမြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီး၊ ဒရုန်းများဖြင့် တိုက်ခိုက်ခြင်းကြောင့် ပြည်သူခြောက်ဦး ထိခိုက်ဒဏ်ရာရပြီး ပြည်သူတစ်ဦးကို ဖမ်းဆီးသွားကြောင်း သတင်းမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ**

စာမျက်နှာ » ၁၆